# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်　　၂၀၁၅ ခုနှစ်၊ ဇွန် ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့၊　　အတွဲ [၅၄]၊ အမှတ် [၂၆၂]


**အေးစေ မြစေ မေတ္တာရေ**

- နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရှာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရွှံ့မမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

# ချမှတ်ထားသည့် ဘုံရည်မှန်းချက်များ အောင်မြင်မှုရရှိရန် အစိုးရပိုင်းသာမက ပုဂ္ဂလိကပိုင်းကပါ တက်တက်ကြွကြွပါဝင်လာစေရန် ကူညီအားပေးကြရမည်

**နေပြည်တော်　ဇွန်　၂၃**

(၆) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✳




**'အဖွဲ့ဝင်နိုင်ငံများအားလုံးတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် မျှတစွာဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောမှု စဉ်ဆက်မပြတ်ဖြစ်ပေါ်စေရေးတို့ကို မြှင့်တင်သွားရန်ဆိုသည့် အဖွဲ့ကြီး၏ရည်မှန်းချက်သည် အက်မက်စ်နိုင်ငံ အားလုံး၏ အကျိုးစီးပွားနှင့် ကိုက်ညီသည့်အတွက် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်'**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## အရည်အသွေးပြည့်မီစွာ သင်ကြားရေးအလေးထား

၂၀၁၉-၂၀၁၆ပညာသင်နှစ်အခြေခံပညာကျောင်းများ ဖွင့်လှစ်သည်မှာ တစ်လပြည့်မြောက်တော့မည်ဖြစ်ပါသည်။ ကျောင်းတိုင်း ကျောင်းတိုင်း သင်ကြားမှုသင်ယူမှုလုပ်ငန်းများ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်နေကြပြီဖြစ်ပါသည်။ "မိဘ၊ ဆရာ ပူးပေါင်း၊ ကလေးပညာကောင်း" ဟူသည့် စကားအတိုင်း မိဘများ၏ ပံ့ပိုးဖြည့်ဆည်းပေးမှု၊ ကလေးများ၏ ကြိုးစားအားထုတ်မှုနှင့် ဆရာ ဆရာမများ၏ အရည်အသွေးပြည့်မီစွာအားထုတ် သင်ကြားမှုတို့ဖြင့် ထူးချွန်ထက်မြက်သော လူငယ်လူရွယ်များ ပေါ်ထွက်လာမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် ပညာရေးအဆင့်အတန်းမြင့်မားလာစေရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။ ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစတင်၍ မူလတန်းအဆင့် နောက်ဆုံးအတန်းဖြစ်သည့် စတုတ္ထတန်းနှင့်အလယ်တန်းအဆင့် နောက်ဆုံးအတန်းဖြစ်သော အဋ္ဌမတန်းတို့တွင် နိုင်ငံတော်အဆင့် စာမေးပွဲများ ကျင်းပကာ ကျောင်းသားကျောင်းသူများ၏ တတ်မြောက်မှုအရည်အသွေးကို စိစစ်လျက် ပညာတတ်မြောက်မှုအဆင့်အတန်းကို မြှင့်တင်ပေးလျက်ရှိပါသည်။

စတုတ္ထတန်းနှင့် အဋ္ဌမတန်းကျောင်းသားကျောင်းသူများ၏ အောင်စာရင်းထုတ်ပြန်ရာတွင်လည်း A,B,C,D အဆင့်လေးဆင့်ခွဲခြားထုတ်ပြန်ခဲ့ပါသည်။ D အဆင့်ရရှိသောကလေးများကို ကုစားသင်ကြားကာ ကျရှုံးသည့်ဘာသာရပ်အလိုက် ပြန်လည်ဖြေဆိုစေပြီး အတန်းတက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အမှန်စင်စစ် ဤစနစ်သည် ကျောင်းသားကျောင်းသူများ၏ စာတတ်မြောက်မှု အရည်အသွေးကိုစိစစ်ပြီး မြှင့်တင်ပေးလိုက်ခြင်းဖြစ်ပါသည်။ ကုစားစာမေးပွဲဖြေဆိုနိုင်သည့်အခွင့်အလမ်းကြောင့် ကျောင်းသား ကျောင်းသူများ၏ တန်းတက် အခွင့်အရေးကို ဆုံးရှုံးခြင်းရှိမည်မဟုတ်သော်လည်း ကြိုးစားအားထုတ်ဖို့လိုအပ်မည်ဖြစ်ပါသည်။

ဤသို့ပညာရေးမြှင့်တင်မှု အစီအစဉ်အရ သင်ကြားမှုနှင့် သင်ယူမှု အရည်အသွေးနှစ်ရပ်စလုံး တိုးတက်လာရမည်ဖြစ်ပါသည်။ ဆရာ ဆရာမများက ကြိုးစားအားထုတ်သင်ကြားပေးရမည်ဖြစ်သကဲ့သို့ ကျောင်းသား ကျောင်းသူများကလည်း ပိုမိုကြိုးစားအားထုတ်ဖို့ လိုအပ်လာမည်ဖြစ်ပါသည်။ စတုတ္ထတန်းနှင့်အဋ္ဌမတန်းသာမက တန်းစဉ်အလိုက် အရည်အသွေးပြည့်မီစွာ သင်ကြားမှုနှင့်သင်ယူမှုကို မြှင့်တင်သွားရန် လိုအပ်လာပါသည်။

သို့ရာတွင်စတုတ္ထတန်းနှင့်အဋ္ဌမတန်း စာမေးပွဲများသည် နိုင်ငံတော်အဆင့်စာမေးပွဲများဖြစ်လာ၍ ကျူရှင်နှင့်စာကျက်ဝိုင်းများအတွက် ပို၍အားကောင်းလာပါသည်။ ကျူရှင်ခ၊ စာကျက်ဝိုင်းခ၊ Guide သင်ကြားခများ အဆမတန်တောင်းခံလာ၍ ကျောင်းသားမိဘများသည် ပညာရေးစရိတ်စက ဝန်ထုပ်ဝန်ပိုးများဖြင့် ရုန်းကန်ကြိုးစားလာရပါသည်။ မြို့ပြကျောင်းအချို့မှ ဆရာမအချို့ ကျောင်းပြင်ပချိန် ကျူရှင်သင်ကြားရေးကို အလေးထားလာကြပါသည်။ ကျောင်းစာသင်ချိန် အရည်အသွေးပြည့်မီစွာသင်ကြားရေးအပိုင်းတွင် လျော့ပါးလာကြပါသည်။ ကျောင်းပြင်ပကျူရှင်ကို လိုက်တက်သော ကျောင်းသား ကျောင်းသူများကို အလေးထား သင်ကြားပေးမှုများရှိလာပါသည်။

အမှန်မှာ စတုတ္ထတန်းနှင့် အဋ္ဌမတန်းများသည် နိုင်ငံတော်အဆင့်စာမေးပွဲများဖြစ်လာ၍ ဆရာ ဆရာမများအနေဖြင့် ကျူရှင်နှင့်စာကျက်ဝိုင်းထားစရာမလိုအောင် သင်ကြားမှုအရည်အသွေးကို ယခင်ကထက် နှစ်ဆ၊ သုံးဆတိုးမြှင့်၍ သင်ကြားပေးရန်လိုအပ်ပါသည်။ သို့ပါ၍ ပညာရေးမြှင့်တင်မှုအစီအစဉ်ကို ဆောင်ရွက်နေပြီဖြစ်သဖြင့် သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ တန်းစဉ်အလိုက်အရည်အသွေးပြည့်မီစွာသင်ကြားရေးကို အလေးထားဆောင်ရွက်သင့်ပါကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

**သင်ရရှိသည့်အခွင့်အရေးကို လက်လွှတ်မခံပါနှင့်၊ မဲပေးနိုင်ရန် မဲစာရင်းကြေညာသည့်အခါ သွားရောက်ကြည့်ရှုပါ။**

## ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်



**မော်လမြိုင် ဇွန် ၂၃**

မွန်ပြည်နယ်တရားလွှတ်တော်နှင့် ပြည်နယ်အတွင်းရှိတရားရုံးများမှ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ဒုတိယပတ်က မွန်ပြည်နယ်တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးက အမှာစကားပြောကြားပြီး သင်တန်းသို့ အငယ်တန်းစာရေး၊ အငယ်တန်းလက်နှိပ်စက်၊ ရုံးအကူနှင့် ဆင့်စာလုလင်သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ (၁၀၇)

## သိမ်အိုင်ကြီးပြန်လည်ပြုပြင်တည်ဆောက်ပေးရန် မျှော်လင့်

**ရမည်းသင်း ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပွဲဆည်အုပ်စု ပွဲဆည်ကျေးရွာတွင် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် တည်ရှိခဲ့သော သိမ်အိုင်ကြီးမှာ ရေဝင်ရောက်မှု နည်းပါးပြီး ပျက်စီးယိုယွင်းတိမ်ကောနေပြီဖြစ်၍ သက်ဆိုင်ရာမှ ပြန်လည်ပြုပြင်ပေးရန် ဒေသခံများက မျှော်လင့်နေကြကြောင်း သိရသည်။

ထိုသိမ်အိုင်ကြီးမှာ ပွဲဆည်ကျေးရွာ၏ အနောက်တောင်ဘက်တွင် တည်ရှိပြီး သုံးဧကခန့် ကျယ်ဝန်းသည်။ ယင်းအိုင်မှရေကို အမှီပြု၍ အနီးရှိ လယ်ယာမြေများ စိုက်ပျိုးကြပြီး ကျွဲ၊ နွားတိရစ္ဆာန်သောက်သုံးရေအတွက် အဓိကအားထားနေရသည်။ အိုင်ကြီးပျက်စီးယိုယွင်းတိမ်ကောနေသည်မှာ ဆယ်နှစ်ခန့်ကြာပြီဖြစ်၍ ယခုအခါ ယင်းပတ်ဝန်းကျင်မှ လယ်ယာမြေများ မစိုက်ပျိုးနိုင်ဘဲ ကျွဲ၊ နွားတိရစ္ဆာန်များလည်း သောက်သုံး ရေအတွက် အခက်အခဲရှိသည်ဟု သိရသည်။




ထို့ကြောင့် ပွဲဆည်ရွာ၏ စိုက်ပျိုးရေ၊ သောက်သုံးရေအတွက် အားထားရသော သိမ်အိုင်ကြီးကို ပြန်လည်ပြုပြင် တည်ဆောက်ပေးခြင်းဖြင့် မစိုက်ပျိုးနိုင်သော လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ပြီး သောက်သုံးရေအတွက်လည်း အခက်အခဲရှိမည်မဟုတ်သောကြောင့် ပြန်လည်ပြုပြင်တည်ဆောက်ရန် ဒေသခံများက မျှော်လင့်နေကြကြောင်း သိရသည်။ **အတ်ကလေး(ရမည်းသင်း)**




## ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်

**ကြာအင်းဆိပ်ကြီး ဇွန် ၂၃**

ကြာအင်းဆိပ်ကြီးမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီမှဦးဆောင်၍ ဇွန် ၂၃ ရက် နံနက် ၈ နာရီက အမှတ်(၂) ရပ်ကွက်အတွင်း အမှိုက်ကောက်ခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် ရပ်ကွက်အတွင်းရေမြောင်းများတူးဖော်ခြင်း၊ ချုံနွယ်များရှင်းလင်းခြင်း၊ ပလတ်စတစ်အမှိုက်များ ကောက်ယူခြင်းနှင့် အမက(၄) ကျောင်းဝင်းအတွင်း ကျွန်း၊ မဟော်ဂနီနှင့် ကံ့ကော်ပျိုးပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး(iprd)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၃-၆-၂၀၁၉

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၁၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၁၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၂၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၅၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၁၀ |
| ဥရောပ | တစ်ယူရို | ၁၂၆၃.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၃၂.၆၅ |
| ထိုင်း | တစ်ဘတ် | ၃၂.၉၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၃၉ |
| တရုတ် | တစ်ယွမ် | ၁၇၈.၈၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၄၃ |

ခင်ရတနာ-စုစည်းသည်။



# မဲခေါင်တက္ကသိုလ်ကို ရှမ်းပြည်နယ်တွင် ထူထောင်နိုင်မည်ဆိုလျှင် မဲခေါင်ဒေသတွင်းရှိ နိုင်ငံများအကြား ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်

နေပြည်တော် ဇွန် ၂၃

**(၆) ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖယား–မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေးကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ပတ္တမြားခန်းမ၌ ကျင်းပရာ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။** (အပေါ်ပုံ)

ထိပ်သီးအစည်းအဝေးတွင် (၆) ကြိမ်မြောက် အက်မက်စ်ထိပ်သီး အစည်းအဝေး၏ နေပြည်တော် ကြေညာချက်တွင် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာများနှင့် ရှေ့လုပ်ငန်းစဉ် ၂၀၁၆ - ၂၀၁၈ ကို အတည်ပြုသည်။

ထို့နောက် (၇)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေး ဆက်လက်ကျင်းပမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ်ချန်အိုချာက ဆွေးနွေးပြောကြားသည်။

ယင်းနောက် (၆)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေး ဥက္ကဋ္ဌနိုင်ငံတော်သမ္မတဦးသိန်းစိန်က ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်)၏ အဖွဲ့ဝင်နိုင်ငံများအကြားတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ လူသားစွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ ပြည်သူ့ကျန်းမာရေးနှင့် လူမှုဖူလုံရေးကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍဟူသည့် အဓိကကဏ္ဍကြီး (၈)ရပ်တွင် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြပါကြောင်း။

မြန်မာနိုင်ငံတွင် လယ်ယာကဏ္ဍသည် အဓိက မှီခိုအားထားနေရသော ကဏ္ဍဖြစ်သည်နှင့်အညီ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအနေဖြင့် အလေးထားကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများတွင် လယ်ယာစိုက်ပျိုးရေးသည် ဦးစားပေးကဏ္ဍဖြစ်သည့်အတွက် လယ်ယာစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု ဘုံစီမံကိန်းနှင့် နှစ်နိုင်ငံချင်း စီမံကိန်းများ အောင်မြင်ရေးများသည် များစွာ အရေးကြီးပါကြောင်း။

ထို့ကြောင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား ဆန်စပါးကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်တစ်ရပ် ဖွဲ့စည်းထူထောင်နိုင်ရေး အတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ ဆန်စပါးထုတ်လုပ်မှု တိုးမြင့်စေရန်နှင့် စားနပ်ရိက္ခာ လုံခြုံစိတ်ချမှုရှိစေရန် အက်မက်စ် အဖွဲ့ဝင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား ညှိနှိုင်းဆွေးနွေးမှုများ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမိုတိုးမြှင့်ပြုလုပ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

**ဆန်စပါးထုတ်လုပ်မှု တိုးမြင့်စေရန်နှင့် စားနပ်ရိက္ခာလုံခြုံစိတ်ချမှုရှိစေရန် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား ညှိနှိုင်းဆွေးနွေးမှုများ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမိုတိုးမြှင့်ပြုလုပ်**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် မိမိတို့နိုင်ငံတွင် အလုပ်အကိုင် အခွင့်အလမ်းရရှိရေးကို ဦးစားပေးသည့် လုပ်ငန်းများ၊ တန်ဖိုးမြင့် ပို့ကုန်ဦးစားပေးသည့် လုပ်ငန်းများနှင့် အဆင့်မြင့်နည်းပညာကိုအခြေခံသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဦးစားပေး အကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ လုပ်သားအင်အား အများအပြား အသုံးပြုရသော စက်မှုလုပ်ငန်းများဖြစ်ကြသည့် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုကဏ္ဍများသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတွင် အဓိက ဦးစားပေးကဏ္ဍများ ဖြစ်ပါကြောင်း။

စွမ်းအင်ကဏ္ဍ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ရေအားလျှပ်စစ်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စသည့် လုပ်ငန်းများတွင် ပြည်ပအရင်းအနှီးနှင့် နည်းပညာများကို ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေနှင့် အက်မက်စ် အဖွဲ့ဝင်နိုင်ငံများအတွင်း ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့နှင့် ပူးတွဲကုန်သွယ်ရေး ကော်မရှင်များ ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း၊ အက်မက်စ်နိုင်ငံများအကြား တည်ရှိနေသည့် စီးပွားရေးစင်္ကြံများနှင့် လမ်းပိုင်းများကို အပြည့်အဝထိရောက် အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက်လည်း မိမိတို့အကြား ခိုင်မာစွာ ပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

အက်မက်စ်အဖွဲ့ဝင်နိုင်ငံများရှိ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများတွင် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာစေရန် အဖွဲ့ဝင်နိုင်ငံများမှ ယဉ်ကျေးမှုအမွေအနှစ် ထွန်းကားရာ ဒေသများ တည်ရှိကြသည့် မြို့ကြီးများအကြား လေကြောင်းဆက်သွယ်မှုများ တိုးမြှင့်ရေး၊ မီးရထားလမ်းနှင့် သယ်ယူပို့ဆောင်ရေး လမ်းပိုင်းများ ဖြစ်ထွန်းပေါ်ထွက်လာရေးအတွက်လည်း မိမိတို့ ဆက်လက်ကြိုးပမ်းသွားကြရန် လိုအပ်ပါကြောင်း၊ အက်မက်စ်နိုင်ငံများအကြား ငါးနိုင်ငံ ခရီးစဉ်တစ်ခု အစီအစဉ်ကို မြှင့်တင်အကောင်အထည်ဖော်သွားကြရန် လိုအပ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုကဏ္ဍတွင်ပါဝင်သည့် ပညာရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်အတွက် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ ပညာရေးဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ် နိုင်ငံများအကြား အခြေခံပညာသင်ယူမှု အခွင့်အလမ်းများနှင့် အရည်အသွေးတိုးမြှင့်မှု လုပ်ငန်းနယ်ပယ်များတွင် ဆွေးနွေးပွဲများ ကျင်းပ၍အတွေ့အကြုံကောင်းများ၊ နည်းလမ်းကောင်းများကို ဆွေးနွေးဖလှယ်သွားလိုပါကြောင်း။

**မြန်မာနိုင်ငံ ရှမ်းပြည်နယ်ကျိုင်းတုံမြို့တွင် ဒေသတွင်း ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပြင် မဲခေါင်တက္ကသိုလ် ထူထောင်သွားလိုပါကြောင်း၊ မဲခေါင်တက္ကသိုလ်ကို ရှမ်းပြည်နယ်တွင် ထူထောင်နိုင်မည်ဆိုလျှင် မဲခေါင်ဒေသတွင်းရှိ နိုင်ငံများအကြား ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပါကြောင်း။**

ကျန်းမာရေးကဏ္ဍတွင် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်ဒေသအတွင်း ကူးစက်ရောဂါများနှင့် တစ်ကျော့ပြန် ကူးစက်ရောဂါများ တိုက်ဖျက်ရေးအတွက် ဒေသတွင်း နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် အီဘိုလာ ဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှု၊ မားစ်ရောဂါ ကူးစက်ပြန့်ပွားမှုစသည့် နိုင်ငံဖြတ်ကျော် ခြိမ်းခြောက်သည့် ကူးစက်ပြန့်ပွားတတ်သည့် ရောဂါများကို ပူးပေါင်းထိန်းချုပ်သွားရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**(သတင်းစဉ်)**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇွန် ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E.Mr. Thierry MATHOU ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့အကြား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့် ရေမိလ္လာစနစ်ကို အဓိကဆောင်ရွက်မည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ အကျုံးဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုရေး၊ ရွှေလီ(၃) ရေအားလျှပ်စစ်စက်ရုံနှင့် အထက်ရဲရွာ စီမံကိန်းကြီးများအပါအဝင် လျှပ်စစ်စွမ်းအားကဏ္ဍတွင် အီးအန်ဂျီအိုင်အီး၊ အီးဒီအက်ဖ်၊ ရှနိုက်ဒါလျှပ်စစ်နှင့် အယ်လ်စတွန် စသည့် ပြင်သစ်ကုမ္ပဏီကြီးများပါဝင်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်ရေးနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေး စသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးမော်သာထွေးနှင့် ဒေါ်လဲ့လဲ့သိန်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**





# အိုကီနာဝါတိုက်ပွဲပြီးဆုံးသည့် နှစ် ၇၀ ပြည့် အခမ်းအနားကျင်းပ

**အိုကီနာဝါ ဇွန် ၂၃**

ဂျပန်နိုင်ငံက ဒုတိယကမ္ဘာစစ်အတွင်း ပစိဖိတ်ဒေသ၌ သေပျောက်မှုအများဆုံးနေရာတစ်ခုဖြစ်သည့် အိုကီနာဝါတိုက်ပွဲအဆုံးသတ်မှု နှစ် (၇၀) ပြည့် အခမ်းအနားကျင်းပခဲ့သည်။

အီတိုမန်မြို့ တောင်ပိုင်း၌ ကျင်းပသော အဆိုပါ အခမ်းအနားသို့ ထောင်ပေါင်းများစွာသော ပြည်သူများက ပန်းစည်းများချကာ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ယင်းအခမ်းအနားသို့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးလည်း တက်ရောက်ခဲ့သည်။

မဟာမိတ်တပ်များနှင့် ၈၂ ရက်ကြာ တိုက်ပွဲဖြစ်ပွားစဉ်အတွင်း ဂျပန်တပ်ဖွဲ့ဝင် ၈၀၀၀၀ ခန့် သေဆုံးပြီး အိုကီနာဝါ ပြည်သူ ၁၀၀၀၀၀ ကျော် သေဆုံးခဲ့ရသည်။ အဆိုပါ ကျွန်းတိုက်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၂၀၀၀ သေဆုံးခဲ့ရသည်။

အိုကီနာဝါကျွန်းသည် ဂျပန်သို့ ကျူးကျော်ဝင်ရောက်ရာတွင် မဟာဗျူဟာ အချက်အချာကျရာ လမ်းကြောင်းဖြစ်သည်ဟု ဆိုသည်။ ၁၉၄၅ ခုနှစ် ဩဂုတ်လတွင် ဟီရိုရှီးမားနှင့် နာဂါဆာကီကို အဏုမြူဗုံးကြဲချလိုက်ပြီးနောက် တိုကျိုက မည်သည့်တိုက်ခိုက်မှုမျှ ပြုလုပ်ခြင်းမရှိတော့ဘဲ လက်နက်ချခဲ့သည်။ **(ရိုက်တာ)**

# ပါကစ္စတန်အပူလှိုင်း သေဆုံးသူ ၄၇၄ ဦး အထိတိုးလာ

**အစ္စလမ္မာဘတ် ဇွန် ၂၃**

ပါကစ္စတန်တောင်ပိုင်း ဒေသများ၌ အပူလှိုင်းကျရောက်မှုများကြောင့် သေဆုံးသူ အရေအတွက်မှာ အင်္ဂါနေ့အထိ ၄၇၄ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားက ကြေညာသည်။

အဆိုပါ တောင်ပိုင်းဒေသ၏ မြို့တော် ကရာချိဆိပ်ကမ်းမြို့ ဆေးရုံကြီးလေးရုံ၌ လူပေါင်း ၃၀၀ နီးပါး သေဆုံးခဲ့ကြောင်း ထိပ်တန်းကျန်းမာရေးတာဝန်ရှိသူ ဆေးမန်နီဂျိုက ဆင်ဟွာသို့ ပြောသည်။

ကရာချိမြို့ အပူချိန်သည် ၁၉၇၉ ခုနှစ်က စံချိန်တင်ခဲ့သည့် အပူချိန် ၄၅ ဒီဂရီသို့ ရောက်ရှိခဲ့ကြောင်း မိုး/ဇလတာဝန်ရှိသူများက ပြောသည်။

"ကျွန်မတို့ ဒီဆေးရုံမှာ လူပေါင်း ၂၀၀ လောက် သေဆုံးခဲ့ပါတယ်။ သေဆုံးတဲ့သူတွေက အသက် ၅၀ အထက်တွေပါ" ဟု ကရာချိမြို့ နိုင်ငံပိုင်ဆေးရုံ ဂျင်နက်မှ ဒေါက်တာ ဆေးမီးဂျမေးလ်က ပြောသည်။

"လွန်ခဲ့တဲ့ သုံးရက်အတွင်း လူပေါင်း ၃၀၀၀ လောက် လာရောက် ကုသပါတယ်။ ၂၀၀ လောက်ကတော့ စိုးရိမ်ရတဲ့ အခြေအနေရှိနေပါသေးတယ်" ဟု ၎င်းက ထပ်လောင်း ပြောကြားသည်။ **(ဆင်ဟွာ)**



# ကာ့ဒ်တပ်ဖွဲ့ဝင်များ အိုင်အက်စ်အခြေစိုက်စခန်းကို သိမ်းပိုက်



**ဒမတ်စကတ် ဇွန် ၂၃**

ဆီးရီးယားမြောက်ပိုင်း ကာ့ဒ်တပ်ဖွဲ့ဝင်များက အိုင်အက်စ်တို့ထံမှ ရက်ကွာမြို့ အဓိက စစ်အခြေစိုက်စခန်းကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်လိုက်သည်။

အဆိုပါ ကာ့ဒ်တပ်ဖွဲ့ဝင်များအား အမေရိကန်လေကြောင်းပစ်ကူနှင့် အခြားသော သူပုန်အုပ်စုများပူးပေါင်းကာ ကျောထောက်နောက်ခံပြု၍ တိုက်ခိုက်ပေးခဲ့ခြင်းဖြစ်သည်။

ယင်းတိုက်ခိုက်သိမ်းပိုက်မှုမှာ ဂျီဟတ်တို့ တူရကီသို့သွားရာ နယ်စပ်ဖြတ်လမ်းကို သိမ်းပိုက်ပြီး တစ်ပတ်ခန့်အကြာ ပေါ်ထွက်လာခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်သိမ်းပိုက်မှုများသည် အိုင်အက်စ်တို့၏ အဓိက ထောက်ပံ့ရေး လမ်းကြောင်းကို ဖြတ်တောက်လိုက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့ တပ်တွေက အိုင်အက်စ်တွေ ထိန်းချုပ်ထားတဲ့ အဓိက ခြေကုပ်စခန်းတစ်ခုဖြစ်တဲ့ လီဝါစခန်းကိုသိမ်းပိုက်နိုင်ခဲ့ပါတယ်" ဟု ကာ့ဒ်တပ်ဖွဲ့ပြောရေး ဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

ယခုအခါ ကာ့ဒ်တပ်ဖွဲ့ဝင်များသည် ရက်ကွာမြို့ မြောက်ဘက် မိုင် ၃၀အကွာ အိန်အစ်ဆာမြို့ပြင်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(ရိုက်တာ)**

# ပါလီမန်အဆောက်အအုံအတွင်း ဝင်ရောက်တိုက်ခိုက်သည့် သေနတ်သမားအားလုံး တစ်နာရီအတွင်း သုတ်သင်ရှင်းလင်းခံရ

**ကဘူးလ် ဇွန် ၂၃**

ကဘူးလ်မြို့ အာဖဂန်ပါလီမန်အဆောက်အအုံကို တာလီဘန်တို့၏ တိုက်ခိုက်မှုမှာ သေနတ်သမားခြောက်ဦးစလုံး သေဆုံးမှုနှင့်အတူ အဆုံးသတ်သွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။

တိုက်ခိုက်ရေးသမားများက ဂိတ်များအပြင်ဘက်တွင် ကြီးမားသော ကားဗုံးတစ်လုံး ဖောက်ခွဲပြီး အဆောက်အအုံအတွင်း ဝင်ရောက်သွားခဲ့ကြောင်း၊ ရဲအဖွဲ့က အဆောက်အအုံဥပစာမှဖယ်ရှားပြီး သေနတ်သမားများကို ထိန်းချုပ်ရန်ကြိုးစားခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် ကာကွယ်ရေးဝန်ကြီးသစ်ကို မဲပေးရွေးချယ်ရန် ပြင်ဆင်နေချိန် အချိန်ကိုက် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း တာလီဘန်တို့က ပြောသည်။



တိုက်ခိုက်ရေးသမားများသည် ဂိတ်များကို အသေခံဗုံးခွဲခဲ့ပြီး ပါလီမန်အဆောက်အအုံအတွင်း ဝင်ရောက်ရန် ကြိုးစားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေး ဆိုခွင့်ရှိသူ ဆေဒမ်ဘက်ဒီဂျီက ပြောသည်။

သေနတ်သမားများအားလုံးကို တစ်နာရီအတွင်း သုတ်သင်နိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(ရိုက်တာ)**

# အီဂျစ်နိုင်ငံ ဆိုင်းနိုင်းမြောက်ပိုင်းတွင် အစွန်းရောက်များအားသုတ်သင်

**အာရစ်(အီဂျစ်) ဇွန် ၂၃**

အီဂျစ် လုံခြုံရေးတပ်များက အီဂျစ်နိုင်ငံ ဆိုင်းနိုင်းမြောက်ပိုင်း၌ လုံခြုံရေးတိုးမြှင့်စဉ်အတွင်း အနည်းဆုံး အစွန်းရောက် ၂၂ ဦးအား သုတ်သင်ပြီး ၃၀ ပြင်းထန်စွာ ဒဏ်ရာရရှိသွားကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ဆင်ဟွာသို့ ပြောသည်။

နံနက်အရုဏ်တက်ချိန်မှ မွန်းလွဲပိုင်းအထိ အပါချီရဟတ်ယာဉ်များနှင့် တင့်ကားများအသုံးပြု၍ အီဂျစ်တပ်များသည် ရှိတ်ဇူဝိစစ်ဘက် စစ်ဆေးရေးဂိတ်သစ်ကို ပစ်မှတ်ထား၍ တိုက်ခိုက်ရန် ပြင်ဆင်နေသော အကြမ်းဖက်အုပ်စုများရှိရာ ကျေးရွာသုံးရွာအတွင်း ရှာဖွေမှုများပြုလုပ်ခဲ့ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ဆိုသည်။ "စစ်သွေးကြွအဖွဲ့သုံးဖွဲ့ကအသေခံဗုံးတွေ၊ ကားဗုံးတွေ၊ ဖောက်ခွဲရေးခါးပတ်တွေသုံးပြီး တိုက်ခိုက်မှုတွေပြုလုပ်ဖို့ စီစဉ်နေကြတာပါ"ဟု အဆိုပါ သတင်းရပ်ကွက်မှ တာဝန်ရှိသူများက ပြောသည်။

တနင်္လာနေ့ အစောပိုင်းတွင် ဆိုင်းနိုင်းမြောက်ပိုင်း အာရစ်မြို့၌ ရဲတပ်ဖွဲ့ဝင်များနေထိုင်ရာ အဆောက်အအုံများကို ပစ်မှတ်ထား၍ ဗုံးနှစ်လုံးဖြင့် တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားသုံးဦး ဒဏ်ရာရရှိသွားခဲ့သည်ဟု ဆိုသည်။

အီဂျစ်နိုင်ငံတွင် ၂၀၁၃ ခုနှစ် ဇူလိုင်လက အစ္စလမ်မစ် သမ္မတမိုဟာမက်မော်စီကို ဖြုတ်ချပြီးကတည်းက အစွန်းရောက်များ ကြီးထွားလာသည်။

**(ဆင်ဟွာ)**

# ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများတွင် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ရာတွင် အထောက်အကူဖြစ်စေရန် လုပ်ငန်းစဉ်(၆)ရပ်ဆောင်ရွက်သွားမည်

နေပြည်တော် ဇွန် ၂၃

**(၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေး၌ ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာလုပ်ငန်းအစီအစဉ် ၂၀၁၆ -၂၀၁၈ ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။**

အဆိုပါ ထုတ်ပြန်ချက်တွင် အက်မက်စ်နိုင်ငံများအကြား စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်နိုင်စေရန် ဦးစားပေးပူးပေါင်းဆောင်ရွက်မှု ဧရိယာ (၈)ရပ်နှင့် အထူးကိစ္စ (၂) ရပ်အား အကောင်အထည်ဖော် သွားမည်ဖြစ်ကြောင်း။

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် အက်မက်စ်နိုင်ငံများအကြား နယ်စပ်ကုန်သွယ်ရေးနှင့် ရောင်းဝယ်မှုတိုးမြှင့်နိုင်ရန် ဘဏ်များအနေဖြင့် ဘဏ်ခွဲများ၊ ဘဏ္ဍာရေးဝန်ဆောင်မှု ရုံးခွဲများ၊ ဖွင့်လှစ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆွဲဆောင်နိုင်ရန် ဒေသသုံးငွေများ လက်ခံအသုံးပြုနိုင်ရေးအတွက် စည်းကမ်းသတ်မှတ်ချက်များ လျှော့ပေါ့ပေးရန်၊

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား လျင်မြန်ချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အက်မက်စ်နိုင်ငံများ၏ နယ်စပ်ကုန်သွယ်ရေးဂိတ်များတွင် တစ်နေရာတည်း၌ ဝန်ဆောင်မှုပေးနိုင်ရေးနှင့် တစ်နေရာတည်းတွင် စစ်ဆေးမှုပေးနိုင်ရေးအတွက် အကောက်ခွန်ဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ကျန်းမာရေးဌာနမှ ဝန်ဆောင်မှုနှင့် စိစစ်ရေးလုပ်ငန်းများအား ရိုးရှင်းသော၊ ဟန်ချက်ညီသော အစီအစဉ်များ ဖော်ဆောင်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင် တစ်နေရာတည်း၌ စိစစ်ခွင့်ပြုနိုင်သော ဆက်သွယ်မှုကွန်ရက် ဖန်တီးပေးရန်၊ အက်မက်စ်နိုင်ငံများအကြား သင့်တော်သော အချိန်တွင် ဖြစ်နိုင်ခြေရှိသော ယာယီစစ်ဆေးရေးဂိတ်များအား အပြည်ပြည်ဆိုင်ရာ စစ်ဆေးရေးဂိတ်များအဖြစ် အဆင့်မြှင့်ရန်။

ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ အကာအကွယ်ပေးခြင်း၊ တိုးမြှင့်ခြင်းဆိုင်ရာ သဘောတူညီချက်အား အကောင်အထည်ဖော်ခြင်း၊ အက်မက်စ်နိုင်ငံများအကြား အခွန်နှစ်ထပ်ကောက်ခံမှုအား ရှောင်လွှဲနိုင်ရန် သဘောတူညီချက်များ အကောင်အထည်ဖော်ရေးနှင့် စေ့စပ်ညှိနှိုင်းခြင်းများ တိုးမြှင့်အကောင်အထည်ဖော်ရန်၊ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ လယ်သမားများ၏ ဝင်ငွေတိုးမြှင့်ရေးနှင့် လူနေမှုဘဝ မြင့်မားရေးအတွက်လည်းကောင်း၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံစေရေးအတွက် အထောက်အကူပြုစေရေး ဆောင်ရွက်ချက်များ၊ အကျိုးဝင်သော အက်မက်စ်ဆန်စပါးကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန် စံပြအစီအစဉ်တစ်ရပ် ဖွံ့ဖြိုးပေါ်ပေါက်စေရေးဆောင်ရွက်ရန်တို့ အပါအဝင် လုပ်ငန်းစဉ်(၉)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုတွင် အက်မက်စ်နိုင်ငံများအကြား ထွက်နှုန်း မြင့်မားမှု၊ အလားအလာကောင်းသောသီးနှံ၊ မွေးမြူရေး၊ သားငါးကဏ္ဍနှင့် သစ်တောထွက်ကုန်များနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများနှင့် ထွက်နှုန်းဖွံ့ဖြိုးရေး တိုးမြှင့်ဆောင်ရွက်ရန်နှင့် အားဖြည့်ဆောင်ရွက်ရန်။

အက်မက်စ်နိုင်ငံများအကြား စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ ပြည့်မီစေရန် အမျိုးသားငတ်မွတ်မှုစိန်ခေါ်မှုအား သုညအဆင့် လျှော့ချနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်တို့ အပါအဝင် လုပ်ငန်းစဉ်(၅) ရပ်ကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

စက်မှုကဏ္ဍနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတွင် အက်မက်စ်နိုင်ငံများနှင့် ဆက်စပ်နိုင်ငံများအကြား လျှပ်စစ်ဓာတ်အားလိုင်းနှင့် ကွန်ရက်များ တိုးမြှင့်တည်ဆောက်ရေး၊ အက်မက်စ်နိုင်ငံများရှိ နယ်စပ်ဒေသမှ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ယှဉ်ပြိုင်မှုတိုးမြှင့်လာစေရန်နှင့် ကမ္ဘာ့ဈေးကွက်သို့ လျှောက်လှမ်းနိုင်စေရန် စီးပွားရေး အဆောက်အအုံများ ရင်းနှီးမြှုပ်နှံမှု၊ သွင်းကုန်ထုတ်ကုန်များအပေါ် အကောက်ခွန်စည်းကြပ်မှု၊ နည်းဥပဒေများစံချိန်စံညွှန်းများနှင့်အညီ မျှတမှုရှိမှု၊ သတင်း၊ ဘဏ္ဍာရေး၊ နည်းပညာနှင့်သက်ဆိုင်ရာလူ့စွမ်းအား မြင့်မားမှုတို့သည် နယ်စပ်ဧရိယာများရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် စုစည်းသော ဖွံ့ဖြိုးမှုနှင့် မလိုအပ်သောအခွန်အကောက်အတားအဆီးများကို ကျော်လွှားနိုင်စေရန်တို့အပါအဝင် လုပ်ငန်းစဉ်(၈)ရပ်ကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေး ချိတ်ဆက်မှုတွင် လက်ရှိစီးပွားရေးစင်္ကြံနှင့် အလားအလာကောင်းသော တိုးချဲ့ဆက်သွယ်မည့် လမ်းကြောင်းများအနက် လာအို-ထိုင်း-ဗီယက်နမ်သုံးနိုင်ငံ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသော အမှတ်(၈)နှင့် (၁၂)လမ်းမကြီးမှာ ဒေသတွင်းစီးပွားရေးအချက်အချာကျသောဧရိယာတွင်တည်ရှိသဖြင့် အဆိုပါ စီးပွားရေးစင်္ကြံများတွင် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာလှည့်ခရီးသွားများ တိုးမြှင့်လာစေရန် ရည်ရွယ်ထောက်ခံမှုပြုရေး။

လမ်းပန်းသယ်ယူပို့ဆောင်ရေးနှင့်ယာဉ်အချက်အလက်ဆိုင်ရာ နှစ်နိုင်ငံနှင့် နိုင်ငံစုံသဘောတူညီချက်နှင့် စီမံချက်များအား အက်မက်စ်နိုင်ငံအများအပြားသို့တိုးမြှင့်ဆက်သွယ်ဆောင်ရွက်ရန်။

လမ်းပန်းဆက်သွယ်မှုချိတ်ဆက်၍ပိုမိုဖွံ့ဖြိုးလာရေးနှင့် ယင်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ရန်နှင့် အထူးသဖြင့်ဆက်သွယ်မှုပြတ်တောက်နေသော လမ်းကြောင်းများအား သက်ဆိုင်ရာနိုင်ငံမှ တစ်ပိုင်တစ်နိုင် ဆောင်ရွက်ရန်နှင့်အကျိုးတူပူးပေါင်းနိုင်မည့် မိတ်ဖက်များရှာဖွေရန်တို့အပါအဝင် လုပ်ငန်းစဉ်(၆)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကမ္ဘာလှည့်ခရီးသွားကဏ္ဍပူးပေါင်းဆောင်ရွက်ခြင်းတွင်အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား လက်ရှိရှိပြီးသား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ အစီအစဉ်များဖြစ်သည့် ထိုင်း-လာအို-ဗီယက်နမ် ကမ္ဘာလှည့်ခရီးသွားကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းစဉ်ကို အသုံးပြုနိုင်ရေး အားပေးသွားရန်နှင့် "ကမ္ဘာလှည့်ခရီးသွားစင်္ကြံ" အသစ်ဖြစ်သည့် ပုဂံ-ချင်းမိုင်-လွမ်ပရာဘွမ်-ဗီယင်ကျန်း-ဆီရမ်းရိ-ဟွေး" စင်္ကြံအသစ်ပိုမိုဖွံ့ဖြိုးလာစေရန်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာထွက်ကုန်ပစ္စည်းအမယ်စုံတိုးတက်လာစေရန်၊ ထိုသို့ဆောင်ရွက်ရာတွင်သဘာဝအရင်းအမြစ်များနှင့် ယဉ်ကျေးမှုအရင်းအမြစ်များ တည်တံ့ရေးကို အာမခံရန်၊ ကမ္ဘာလှည့်ခရီးသွားများ ထင်သာမြင်သာဖြစ်စေရန်နှင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများသို့ ဖြတ်သန်းသွားလာသည့် ယဉ်ကျေးမှုနှင့်သမိုင်းဝင်နေရာများသို့ အုပ်စုလိုက်ခရီးသွားလာမှုများအား ဖန်တီးဖော်ဆောင်ရန်တို့အပါအဝင် လုပ်ငန်းစဉ်(၇)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အလုပ်သမားအင်အားစုများအတွက် ကျွမ်းကျင်မှု လေ့ကျင့်သင်ကြားပေးရေးသိပ္ပံများ နှစ်နိုင်ငံချင်းအလိုက်လည်းကောင်း၊ နိုင်ငံအများပူးတွဲ၍လည်းကောင်း တည်ထောင်ရာတွင် ပုဂ္ဂလိကကဏ္ဍပါဝင်မှုကို အားပေးသွားရန်၊ အထူးသဖြင့် နယ်စပ်ဒေသများတွင် အထူးစီးပွားရေးဇုန်နှင့် သီးသန့်စီးပွားရေးဇုန်များ မူဘောင်အတွင်းမှ ဆောင်ရွက်သွားရန်။

အလုပ်သမားဈေးကွက် အလားအလာအား ခန့်မှန်းခြင်း အပါအဝင် အလုပ်သမား ဈေးကွက်သတင်းကွန်ရက် တစ်ခုတည်ထောင်သွားရန်။

အလုပ်သမားများအား လက်ခံသည့်နိုင်ငံများ၏ အကူအညီဖြင့် ပြည်ပရောက် အလုပ်သမားများအား စီမံခန့်ခွဲခြင်းနှင့်ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်မှုပေးခြင်းဆိုင်ရာ အတွေ့အကြုံများဖလှယ်သွားရန်။

အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့်ပညာရေး/ သုတေသန သိပ္ပံများအကြား ပူးတွဲသုတေသန စီမံကိန်း/ အစီအစဉ်များတိုးမြှင့်ဆောင်ရွက်သွားရန်တို့ အပြင် လုပ်ငန်းစဉ် (၉) ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် အာဟာရချို့တဲ့မှုကြောင့် ဖြစ်ပွားသည့်ရောဂါများ လျှော့ချနိုင်ရန် အာဟာရမြှင့်တင်ရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးမှုကြီးထွားနှုန်းကို မြှင့်တင်သွားရန်အတွက် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုကောင်းမွန်သည့် ညှိနှိုင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များနှင့် တူညီသည့် မူဝါဒများချမှတ်ဆောင်ရွက်သွားရန်။

စားနပ်ရိက္ခာဖူလုံရေး (ဥပမာ၊ ဆန်စပါးဖူလုံရေး၊ ဖြည့်စွက် အာဟာရများ ထည့်သွင်းခြင်း၊ အိုင်အိုဒင်းဆား သုံးစွဲခြင်းဖြင့် အိမ်တွင်းအာဟာရ ပြည့်ဝရေး) နှင့် မွေးကင်းစကလေးများနှင့် ကလေးသူငယ်များအား အစားအစာကျွေးမွေးရာတွင် ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်ပစ္စည်းများ ရွေးချယ်ဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် ပြည်သူများ၏ ကျန်းမာရေးအသိအမြင် တိုးမြှင့်ပေးရေးကဲ့သို့ ရေရှည်တည်တံ့ခိုင်မြဲသည့်မဟာဗျူဟာများ တိုးမြှင့်ချမှတ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော နိုင်ငံဖြစ်ပေါ်လာစေရေးဆောင်ရွက်ရန်တို့အပါအဝင် လုပ်ငန်းစဉ်(၈) ရပ်ကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ "၅ -နိုင်ငံခရီးစဉ်တစ်ခု" ကမ္ဘာလှည့်ခရီးသွား အစီအစဉ်အယူအဆကို တိုးမြှင့်သွားနိုင်ရန်အတွက် ဒေသတွင်းရှိ ကမ္ဘာလှည့်ခရီးသွား အချက်အချာနေရာများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဆောင်ရွက်ရေး အစီအစဉ်များ တိုးမြှင့်သွားရန်၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းစောင့်ရှောက်ရာတွင် ဒေသခံပြည်သူများ၏ပါဝင်မှုကို အားပေးသွားရန်၊ ထိုသို့ဆောင်ရွက်ရာတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ဝင်ငွေရရှိရေးနည်းလမ်းတစ်ခုအဖြစ် ဒေသအဆင့်တွင် စုစည်းဆောင်ရွက်သွားရန်တို့ အပါအဝင် လုပ်ငန်းစဉ်(၁၂)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများတွင် ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်နိုင်ငံများအနေဖြင့် မဲခေါင်-ဂျပန်၊ မဲခေါင်ဒေသအောက်ပိုင်း အကောင်အထည်ဖော်မှု၊ မဲခေါင်ဒေသအောက်ပိုင်း မိတ်ဆွေနိုင်ငံများ၊ မဲခေါင်-ဂင်္ဂါပူးပေါင်းဆောင်ရွက်မှုနှင့် မဲခေါင်-ကိုရီးယားသမ္မတနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မူဘောင်များမှတစ်ဆင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့် (သို့မဟုတ်) မဲခေါင်ဒေသ ငါးနိုင်ငံနှင့် တိုးမြှင့်ပူးပေါင်းဆောင်ရွက်မှုများအတွက် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ ကျေးဇူးတင်ရှိပါသည်။ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ အဓိကအလှူရှင်နှင့် ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်နိုင်ငံများအကြား လုပ်ငန်းစဉ်များ ထပ်မနေစေရေးအတွက် ရှောင်ရှားရန်နှင့်အရင်းအမြစ်များအသုံးချရာတွင် ပိုမိုထိရောက်မှုရှိစေရေးတို့အတွက် အချင်းချင်းညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် အပါအဝင်လုပ်ငန်းစဉ် (၂)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဒေသတွင်း လူမှုအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှုများတွင် နယ်စပ်ဒေသများ၌ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြင့်မားစေရန်အတွက် အထူးစီးပွားရေးဇုန်နှင့် သီးသန့်စီးပွားရေးဇုန်များတွင် စက်မှုဆိုင်ရာအခြေခံအဆောက်အအုံ ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားရန်၊ ထိုသို့ဆောင်ရွက်ခြင်းသည် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများတွင် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ရာတွင် အထောက်အကူဖြစ်စေရန် အပါအဝင်လုပ်ငန်းစဉ်(၆)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များချမှတ်နိုင်ရန် နှစ်တစ်နှစ်အတွင်းရရှိ ခဲ့သည့် ရလဒ်များကို စိစစ်သုံးသပ်ရန်နှင့် ရှေ့လာမည့်နှစ်အတွက် စီမံကိန်းရေးဆွဲသွားရန် ဖော်ပြထားသည့် အက်မက်စ်လုပ်ငန်းစဉ် အစီအစဉ်(၂၀၁၆-၂၀၁၈) ကို အကောင်အထည်ဖော်ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန်အတွက် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်အသီးသီး၏ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များအနေဖြင့် စီမံချက်များကို ရေးဆွဲဖော်ဆောင်သွားရန် ဖြစ်ကြောင်း။

ထို့ပြင် လုပ်ငန်းစဉ်အစီအစဉ် အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ညှိနှိုင်းရေးမှူးတာဝန်ယူထားသည့် နိုင်ငံများသည် မိမိကဏ္ဍအလိုက် တိုးတက်မှုအခြေအနေများကို အက်မက်စ်အဖွဲ့ဝင်နိုင်ငံများသို့ ပုံမှန်အစီရင်ခံတင်ပြရမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံ နေပြည်တော်တွင် ၂၀၁၅ခုနှစ် ဇွန် ၂၃ရက်က ကျင်းပခဲ့သည့် (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးတွင် ၂၀၁၆-၂၀၁၈ အက်မက်စ်လုပ်ငန်းစဉ် အစီအစဉ်ကို အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ အကြီးအကဲများမှ အတည်ပြုခဲ့ကြသည်ဟူ၍ ဖော်ပြထားသည်။

**(သတင်းစဉ်)**




# နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်

**နေပြည်တော် ဇွန် ၂၃**




အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များနှင့် အက်မက်စ်အဖွဲ့ဝင်ငါးနိုင်ငံမှ အက်မက်စ်ပူးတွဲစီးပွားရေးကောင်စီအဖွဲ့ဝင်များတွေ့ဆုံပွဲကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည်။ **(ယာပုံ)**

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်မိန့်ခွန်းပြောကြားရာ၌ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ငြိမ်းချမ်းမှုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူတစ်ရပ်လုံး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် ဈေးကွက်ယန္တရား သွက်လက်မှုမရှိသေးသော်လည်း ပုဂ္ဂလိကအခန်းကဏ္ဍနှင့် ဈေးကွက်စီးပွားရေးစနစ် ရှင်သန်လာခဲ့ပြီးဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုရင်းနှီးကျွမ်းဝင်စေပြီး ပွင့်လင်းမြင်သာမှုရှိ၍ လုံခြုံမှုရှိစေမည့်ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်တစ်ခု ဖန်တီးရန် ရည်ရွယ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့ပါကြောင်း။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေနှစ်ခုကိုပေါင်းစည်းရန် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း၏အကူအညီဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသည့်ပမာဏမှာ ၂၀၁၄ ခုနှစ် မတ်လအထိ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံအထိ ရောက်ရှိလာခဲ့ရာ လွန်ခဲ့သည့် ၂၀၁၂- ၂၀၁၃ ကာလကထက် သုံးဆ တိုးမြင့်လာခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၅ ခုနှစ် ဧပြီ ၃၀ ရက်အထိ နိုင်ငံပေါင်း ၃၈ နိုင်ငံတို့က စီးပွားရေးကဏ္ဍ ၁၂ ခု၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၉၁၅ ခု ရင်းနှီးမြှုပ်နှံထားပြီးဖြစ်ပါကြောင်း၊ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် ပထမနေရာမှ ဦးဆောင်သည့်ကဏ္ဍမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍဖြစ်ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၃၄ ဒသမ ၇၉ ရာခိုင်နှုန်းရှိနေကြောင်း၊ ဒုတိယကဏ္ဍမှာ လျှပ်စစ်ကဏ္ဍဖြစ်ကာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၃၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိပါကြောင်း၊ တတိယအနေဖြင့် ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၉ ဒသမ ၉၃ ရာခိုင်နှုန်းရှိပါကြောင်း။

ယခင်က သဘာဝအရင်းအမြစ်အပေါ် အခြေခံသည့်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများပြားခဲ့ရာမှ ယခုအခါတွင် စက်မှုနှင့်ဝန်ဆောင်မှုကဏ္ဍများ၌လည်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်လာခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိရေးကို ဦးစားပေးသည့်လုပ်ငန်းများ တန်ဖိုးမြှင့်ပို့ကုန်ဦးစားပေးသည့်လုပ်ငန်းများနှင့် အဆင့်မြင့်နည်းပညာကိုအသုံးပြုကာ အရင်းအမြစ်အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဦးစားပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းများနှင့် ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ကမ္ဘာပေါ်တွင်သွားရောက်လည်ပတ်မှု ပြုသင့်သည့် အသွားသင့်ဆုံးနိုင်ငံများအနက်မှ ထိပ်ဆုံးသုံးနိုင်ငံစာရင်းတွင် သုံးနှစ်ဆက်တိုက် ပါဝင်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှု ၂ ဒသမ ၀၄ သန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၀၈ သန်းအထိ တိုးတက်လာ၍ တိုးတက်မှု ၅၁ ရာခိုင်နှုန်းအထိ ရှိခဲ့ပါကြောင်း။

ခရီးသည် ဝင်ရောက်မှုသည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာ တိုးတက်လျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် ပထမလေးလအတွင်း ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုတစ်သန်းကျော်အထိရှိပြီး တစ်နှစ်လုံးအတွက် ခရီးသွား ငါးသန်းလာမည်ဟု ခန့်မှန်းထားပါကြောင်း၊ မြန်မာနိုင်ငံမှတစ်ဆင့် အာဆီယံနှင့်သော်လည်းကောင်း၊ တရုတ်၊ အိန္ဒိယတို့နှင့်သော်လည်းကောင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်နိုင်သည့်အခွင့်အလမ်းများ ရှိနေသည့်အတွက် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လာရောက်ပြီး ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် အက်မက်စ်ပူးတွဲစီးပွားရေးကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က အက်မက်စ်စီးပွားရေးကောင်စီအနေဖြင့် ဘတ်ငွေနှစ်သန်းကို ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံအတွင်း သယ်ယူနိုင်ခွင့်ရှိစေရန် စည်းမျဉ်းများ ဖြေလျှော့ပေးခြင်းနှင့် ထိုင်းနိုင်ငံရှိ ဘဏ်များတွင် ထိုင်းဘတ်ငွေမှ ပြည်တွင်းသုံးငွေ လဲလှယ်ပေးခြင်းဝန်ဆောင်မှုများကို စတင်ဆောင်ရွက်ပေးခြင်းတို့မှာ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုများကို အထောက်အကူဖြစ်စေမည့်အပြင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများတွင် ပြည်တွင်းငွေကြေးသုံးစွဲမှုကို ပိုမိုအားပေးစေသဖြင့် အက်မက်စ်စီးပွားရေးကောင်စီအနေဖြင့် ကြိုဆိုအသိအမှတ်ပြုပါကြောင်း။

အက်မက်စ်ဒေသတွင်း ထွက်ရှိသည့် လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ယာမြေကန်ထရိုက်စနစ်ဖြင့် ပိုမိုဆောင်ရွက်လာနိုင်ရန် ပုဂ္ဂလိကကဏ္ဍမှ ပိုမိုရင်းနှီးမြှုပ်နှံလာစေရန်နှင့် နယ်စပ်ဒေသများအပါအဝင် အခြားဒေသများတွင်လည်း ယာမြေကန်ထရိုက်စနစ်ကို အားပေးဆောင်ရွက်သင့်ပါကြောင်း။ အက်မက်စ်နိုင်ငံများ၏ "ငါးနိုင်ငံ ခရီးစဉ်တစ်ခု" ဆောင်ပုဒ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဆောင်ရွက်နေသကဲ့သို့ ကျန်ရှိနေသည့်နိုင်ငံများကိုလည်း ACMECS Single Visa Scheme သို့ဝင်ရောက်နိုင်ပါရန် တိုက်တွန်းအကြံပြုလိုပါကြောင်း။

ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးများကို အကာအကွယ်ပေးနိုင်ရေးအတွက် ၂၀၀၇ ခုနှစ် ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးများ အကာအကွယ်ပေးရေးနှင့် မြှင့်တင်ပေးရေးဆိုင်ရာ အာဆီယံကြေညာချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကမ္ဘောဒီးယားဝန်ကြီးချုပ်က ဒေသအတွင်းရှိ ကုန်သွယ်မှုများကိုမြှင့်တင်ရန် လိုအပ်ပါကြောင်း၊ ပြည်သူပိုင်နှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှု လွတ်လပ်စွာလုပ်ဆောင်နိုင်ရေး၊ ဒေသတွင်းပေါင်းစည်းမှုမြှင့်တင်ရေး၊ စီးပွားရေးမြှင့်တင်ရေးနှင့် ဒေသတွင်း ချိတ်ဆက်မှုများကို လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ အင်စတီကျူးရှင်းနယ်ချိတ်ဆက်မှု၊ East Economic Integration ရရှိရန် လိုအပ်ပါကြောင်း၊ ရေရှည်တွင် လယ်ယာကဏ္ဍထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့အတူ လာအိုဝန်ကြီးချုပ်က ပုဂ္ဂလိကကဏ္ဍ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်၊ ကုန်စည်ပြပွဲကျင်းပရန်၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏကိုတိုးမြှင့်ရန်၊ မဲခေါင် ဒေသရှိ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရာတွင် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ နိုင်ငံတကာနှင့် ပြည်တွင်းလေဆိပ်များ အဆင့်မြှင့်တင်ရန်၊ ပြည်သူပိုင်နှင့် ပုဂ္ဂလိကကဏ္ဍကို အားပေးပြီး ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရန်တို့အတွက် လုပ်ငန်းရှင်များအနေဖြင့် အခွင့်အလမ်းများ ဖန်တီးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ထိုင်းဝန်ကြီးချုပ်က ပုဂ္ဂလိကကဏ္ဍနှင့် ပြည်သူပိုင်ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် လုပ်ဆောင်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံနှင့် အက်မက်စ်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုတွင် အလားအလာကောင်းကြောင်း၊ နယ်စပ်ကုန်သွယ်ရေးမြှင့်တင်ရန်နှင့် အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အက်မက်စ်နိုင်ငံများသည် ယဉ်ကျေးမှု၊ သဘာဝအခြေခံခရီးသွား စသည့် အခြေခံကောင်းများရှိ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍသည် အရေးပါသဖြင့် ပုဂ္ဂလိကပိုင်ကဏ္ဍနှင့် ပြည်သူပိုင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့အပြင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ ဝင်ငွေပိုမိုရရှိအောင် လုပ်ဆောင်ကြရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗီယက်နမ်ဝန်ကြီးချုပ်က မိမိတို့တွင် ကုန်ထုတ်လုပ်ရေးအတွက် ကောင်းမွန်သော အလားအလာကောင်းများရှိကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆက်ဆံမှုမြှင့်တင်ရန်၊ စီးပွားရေးစကြိုများမြှင့်တင်ရန်၊ အရင်းအမြစ်များစုဆောင်းဖော်ဆောင်ရန် လုပ်ဆောင်လျက်ရှိပါကြောင်း၊ ဗီယက်နမ်ကုမ္ပဏီများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်အားထက်သန်လျက်ရှိပြီး နိုင်ငံတကာပေါင်းစည်းမှုကို မြှင့်တင်လျက်ရှိပါကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုကာကွယ်ရေးနှင့်အတူ စီးပွားရေး အခြေအနေကောင်းတစ်ရပ်ကို ဖန်တီးလျက်ရှိပါကြောင်း၊ ယူအက်စ်၊ အီးယူ၊ တရုတ်၊ ရုရှားတို့နှင့် ချိတ် ဆက်ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် အာဆီယံအတွင်းရေးမှူးချုပ်ကလည်း ဒေသတွင်းစီးပွားရေးနှင့် ဖွံ့ဖြိုးရေးတွင် ပုဂ္ဂလိကကဏ္ဍသည်ပို၍ အရေးပါလာသဖြင့် ဒေသအတွင်း ငြိမ်းချမ်းရေးနှင့် စည်ပင်ဝပြောရေးသည် အရေးကြီးပါကြောင်း၊ အာဆီယံ၏ ဂျီဒီပီမြင့်တက်လာမှုနှင့်အတူ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် အာဆီယံကုန်သွယ်မှုပမာဏမှာလည်း မြင့်တက်လာပါကြောင်း၊ ဆက်လက်ပြီး မြင့်တက်လာမည်ဟု မျှော်လင့်ပါကြောင်း၊ အာဆီယံသည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်၊ ကိုရီးယား၊ ဂျပန်တို့နှင့် ရင်းနှီးစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံဒေသသည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ကျယ်ဝန်းသောနေရာတစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အက်မက်စ် ပူးတွဲစီးပွားရေးကောင်စီအဖွဲ့ဝင်များ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**


ကမ္ဘောဒီးယားဝန်ကြီးချုပ်
ဆမ်ဒက်ဟွန်ဆန်


လာအိုဝန်ကြီးချုပ်
မစ္စတာ သွန်ဆင်းသမာဗောင်


ထိုင်းဝန်ကြီးချုပ်
မစ္စတာ ပရာယုဒ်ချန်အိုချာ


ဗီယက်နမ်ဝန်ကြီးချုပ်
မစ္စတာ ငုယင်တန်ဇွန်း


အာဆီယံအတွင်းရေးမှူးချုပ်
မစ္စတာ လီယောင်မင်

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဇွန် ၂၃

**ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၂ ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က) နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များမှ အချို့အပိုဒ်များနှင့်ပတ်သက်၍ မတူသည့် သဘောထားများရှိပါကြောင်း၊ ပြည်သူအပေါ် အကျိုးမရှိသည့်ပုဒ်မများကို ပြင်ဆင်ပြောင်းလဲလိုပါကြောင်း၊ သဘောမညီသော အချက်များ မည်မျှပင်ရှိနေစေကာမူ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြုပြင်ပြောင်းလဲရေး ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် နိုင်ငံတည်ငြိမ်ရေး၊ ပြည်သူများထိခိုက်နစ်နာမှု လျော့နည်းစေရေးနှင့် အနာဂတ်နိုင်ငံတော်ကို ရှေးရှုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း၊ ဖွဲ့စည်းပုံတွင် ပေးထားသည့် အခွင့်အရေးအတိုင်း လွှတ်တော်အတွင်း၌ ပြင်ဆင်နိုင်အောင် ကြိုးပမ်းနေခြင်း ဖြစ်ပါကြောင်းနှင့် ပြည်သူ့ဆန္ဒကို အခြေခံ၍ ပြင်ဆင်သင့်သည့် ပုဒ်မများအား ပြင်ဆင်ရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် တင်စန်းနိုင်က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းကို လွယ်လင့်တကူ ပြင်ဆင်ခြင်းများ ဆောင်ရွက်မည်ဆိုပါက ထပ်တလဲလဲ ပြင်ဆင်မှုနှင့်အတူ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရ ပျက်ယွင်းစေနိုင်ပါကြောင်း၊ မူလထားရှိသည့် ရည်ရွယ်ချက်များ၊ မူဝါဒနှင့် သဘောထားများ ကွဲလွဲသွားနိုင်ပါကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အမျိုးသား ညီလာခံက ချမှတ်ပေးခဲ့သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့် မူများနှင့်အညီ ရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုသို့ ရည်ရွယ်ချက်ကောင်းမွန်သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် မသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစောမော်ထွန်းက ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရာတွင် အခြေအနေအချိန်အခါအရ ပြင်ဆင်သင့်ပြင်ဆင်ထိုက်သည်များကို ပြင်ဆင်ရန် မှန်ကန်သည့် ချဉ်းကပ်မှုဖြင့် ညှိနှိုင်းအဖြေရှာရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း အပြန်အလှန် ယုံကြည်မှု၊ လေးစားမှု၊ နားလည်မှုတို့နှင့်အတူ "ရေကိုသားသော် အကြားမထင်"ချစ်ခင်စည်းလုံးသည့် အသွင်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်များ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် တပ်မတော်တို့ ပွင့်လင်းစွာ ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ပါတီစွဲကို ဦးစားမပေးဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းရေး၊ တိုင်းပြည် တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီကျင့်စဉ်ခိုင်မြဲရေးတို့ကို ဦးတည်ပြီး ဦးစားပေးအဆင့်များ သတ်မှတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်း ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)နှင့်စပ်လျဉ်း၍ ဝက်လက်မဲဆန္ဒနယ်မှသူရဦးအေးမြင့်၊ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာအေးမောင်၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ၊ သိန်းနီမဲဆန္ဒနယ်မှဦးစိုင်းဝင်းခိုင်၊ ကျောက်ပန်းတောင်း မဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှဦးဇော်မြင့်ဖေ၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျံလွင်၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးနှင့် ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးတို့ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မဲခေါင်ဒေသတွင်း နိုင်ငံများအကြား ပညာရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရေးအတွက် ရှမ်းပြည်နယ် ကျိုင်းတုံမြို့၌ မဲခေါင်တက္ကသိုလ်တစ်ခု ထူထောင်မည်

**ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၇)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာ ထိပ်သီးအစည်းအဝေးနှစ်ရပ်ကို အိမ်ရှင်ကောင်းပီသစွာ၊ ဧည့်ဝတ်ကျေပွန်စွာဖြင့် အောင်အောင်မြင်မြင် ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။**



ပြည်ထောင်စု ဝန်ကြီး ဦးဝဏ္ဏမောင်လွင် မီဒီယာများအား ဖြေကြားစဉ်။

ကျင်းပပြီးစီးခဲ့သည့် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် အက်မက်စ် ထိပ်သီးအစည်းအဝေးများတွင် ဒေသတွင်း နိုင်ငံများနှင့် ပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းစေမည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး ပူးတွဲကြေညာချက်၊ ကြေညာစာတမ်းများနှင့် လုပ်ငန်းအစီအစဉ်များကို ထုတ်ပြန်နိုင်ခဲ့သည်။ ထို့ပြင် မဲခေါင်ဒေသတွင်းနိုင်ငံများအကြား ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်စေရေးအတွက် မြန်မာနိုင်ငံ ရှမ်းပြည်နယ် ကျိုင်းတုံမြို့တွင် မဲခေါင်တက္ကသိုလ် ထူထောင်ဖွင့်လှစ်ရေး မြန်မာနိုင်ငံမှ ဦးဆောင်ဆွေးနွေးခဲ့ရာ ကျန်နိုင်ငံများက သဘောတူညီခဲ့ကြသည်။

ထိပ်သီးအစည်းအဝေးများ အပြီးတွင် ဒေသတွင်း တိုးတက်ဖြစ်ပေါ်မှု၊ ရလဒ်များ၊ မဲခေါင်တက္ကသိုလ် ထူထောင်ရေးကိစ္စများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့်အက်မက်စ် ထိပ်သီးအစည်းအဝေးများ ကျင်းပရေးဗဟိုဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဖြေကြားခဲ့သည်များကို ပြန်လည် ရေးသားဖော်ပြလိုက်ရပါသည်။

ယနေ့ ကျင်းပပြုလုပ်တဲ့ (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမဟာဗျူဟာ ထိပ်သီးအစည်းအဝေးနဲ့ ယမန်နေ့က ကျင်းပခဲ့တဲ့(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ အစည်းအဝေးတွေမှာ မြန်မာနိုင်ငံအနေနဲ့ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တွေအသီးသီးမှာ ဆောင်ရွက်မယ့်လုပ်ငန်းစဉ်တွေကို ဆွေးနွေးခဲ့ကြပါတယ်။

ဆွေးနွေးတဲ့အခါမှာ လုပ်ငန်းစဉ်တွေအနေနဲ့ စီအယ်လ်အမ်ဗွီမှာဆိုရင်လုပ်ငန်း(၁၁)ခု၊ အက်မက်စ်မှ လုပ်ငန်း(၈)ခုရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဦးဆောင်ဦးရွက်လုပ်နေတာက လယ်ယာကဏ္ဍ၊ စွမ်းအင်နဲ့ စက်မှုကဏ္ဍတွေပါ။ ဒီအထဲမှာမှ စီအယ်လ်အမ်ဗွီနယ်မြေ နိုင်ငံတွေရဲ့ဒေသတွင်း၊ အက်မက်စ်မှာဆိုရင် ထိုင်းအပါအဝင် (၅)နိုင်ငံအတွင်းမှာ မြန်မာနိုင်ငံအနေနဲ့ ပြည်သူအချင်းချင်းထိတွေ့မှု၊ ယဉ်ကျေးမှုပိုင်းဆိုင်ရာ၊ လူငယ်ပိုင်းဆိုင်ရာတွေမှာ ပိုမိုထိတွေ့နိုင်ဖို့နဲ့ နောင်အနာဂတ်မျိုးဆက်သစ်တွေမှာလည်း ဒီလိုတူညီပညာသင်ကြားဖို့ အခွင့်အလမ်းရရှိခြင်းအားဖြင့် သူတို့တွေကြီးပြင်းလာပြီး ဦးဆောင်ဦးရွက်ပြုလုပ်မယ့်အချိန်ကျရင် နိုင်ငံရေးပိုင်းပဲဖြစ်ဖြစ်၊ စီးပွားရေးပိုင်းပဲဖြစ်ဖြစ်၊ လူမှုရေးပိုင်းပဲဖြစ်ဖြစ် ဒီလိုညီညီညွတ်ညွတ်နဲ့ တစ်ယောက်အကြောင်း တစ်ယောက်ပိုမိုထိတွေ့ပြီးတော့ ဒေသတွင်းနိုင်ငံတွေရဲ့ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ဖို့အတွက် မြန်မာနိုင်ငံက ဦးဆောင်ဆွေးနွေးခဲ့တာကတော့ မဲခေါင်တက္ကသိုလ်တစ်ခု မြန်မာနိုင်ငံရဲ့ ရှမ်းပြည်နယ်မှာ ထူထောင်နိုင်မယ်ဆိုရင် လမ်းပန်းဆက်သွယ်ရေး အရလည်း နီးကပ်တယ်၊ ကျိုင်းတုံမြို့မှာလည်းပဲ ဆောက်လုပ်ပြီးသား တက္ကသိုလ်အဆောက်အအုံတွေ ရှိတယ်၊ လေယာဉ်ကွင်းလည်းရှိတယ်၊ နောက်တစ်ခါ မကြာခင်က ဖွင့်လှစ်ခဲ့တဲ့ လာအို-မြန်မာ ချစ်ကြည်ရေးတံတား အရလည်း ကုန်းတွင်းပိုင်းကနေပြီးတော့ဆက်သွယ်နိုင်တယ်။ အလားတူ တာချီလိတ်-မယ်ဆိုင်ကနေလည်း ကုန်းတွင်းနဲ့ လာနိုင်တယ်ဆိုတဲ့အတွက် ဒေသတွင်းမှာရှိတဲ့နိုင်ငံတွေ အချင်းချင်းကူးလူးဆက်ဆံမှု အဆင်ပြေတဲ့အပေါ်မှာ မူတည်ပြီးတော့ ကျောင်းသူ ကျောင်းသားတွေလည်း ဒီမှာလာပြီး ပညာသင်ကြားခွင့်ရမယ်။ တစ်ယောက်နဲ့ တစ်ယောက် ရင်းနှီးမှု၊ ယဉ်ကျေးမှုတွေလည်း ပူးပေါင်းဖလှယ်လို့ရမယ်။ ဒီလိုရည်ရွယ်ချက်နဲ့ မြန်မာနိုင်ငံက ကမ်းလှမ်းလိုက်တဲ့အခါမှာ ကျန်တဲ့နိုင်ငံတွေကလည်း သဘောတူပါတယ်။

ဒီလိုတက္ကသိုလ်တစ်ရပ် အိန္ဒိယမှာလည်းပဲရှိပါတယ်။ ဒီအထဲမှာမှ ဒေသတွင်းနိုင်ငံတွေရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးဖက်နိုင်ငံတွေရဲ့ ကူညီပံ့ပိုးမှု၊ ဒီမှာရှိနေတဲ့ ပညာရေးစနစ်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ဆက်စပ်ဆောင်ရွက်မယ်ဆိုရင် ဒေသတွင်းမှာရှိတဲ့ လူငယ်တွေရဲ့ ပညာရည်အဆင့်အတန်း ပိုမိုမြင့်မားလာဖို့နဲ့ အားလုံးတစ်ယောက်နဲ့တစ်ယောက် ခင်ခင်မင်မင် ရင်းရင်းနှီးနှီးနဲ့ အနာဂတ်ကာလမှာ မိမိတို့ကျရာ ကဏ္ဍကနေပြီးတော့ ဒီဒေသတွင်းဖွံ့ဖြိုးရေးတွေကို ပိုမိုဆောင်ရွက်နိုင်စေဖို့ဆိုတဲ့ အကျိုးကျေးဇူးတွေ ရနိုင်မှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံက ဒီကိစ္စကို ဦးဆောင် ဆွေးနွေးခဲ့ပါတယ်။ ဒါကြောင့် ကျန်တဲ့နိုင်ငံတွေကလည်း မြန်မာနိုင်ငံရဲ့ တင်ပြချက်ကို ကြိုဆိုထောက်ခံခဲ့ကြပါတယ်။

လုပ်ငန်းစဉ် အသေးစိတ်ကတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ အချင်းချင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်တဲ့ အတွက် ဒီအစည်းအဝေးမှာပဲ ချမှတ် လိုက်တဲ့ Plan of action (2016-2018) နဲ့ နေပြည်တော် ကြေညာစာတမ်းဒါတွေကိုအခြေခံပြီးတော့ သက်ဆိုင်ရာဌာနတွေ အချင်းချင်း အသေးစိတ်ဆက်လက် အကောင်အထည်ဖော်သွားဖို့ဖြစ်ပါတယ်။ လောလောဆယ်ကာလ နှစ်သတ်မှတ်ချက် ကတော့ ပြဋ္ဌာန်းထားခြင်းမရှိသေးဘူး။ Idea ကို Introduce လုပ်လိုက်တဲ့အခါမှာ အားလုံးထောက်ခံတယ်၊ ထောက်ခံတဲ့အတွက် ဆက်လက်ပြီးအကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ထွန်းဝင်းနိုင်**

## ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက် ပိုနေမည်

**နေပြည်တော် ဇွန် ၂၃**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက် ပိုနေမည်။

**(မိုး/ဇလ)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန်လ ၂၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၉ ပါ အင်တာဗျူးတွင် နိုင်ငံခြားရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင် (အစား) နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်း)**

※ ရှေ့ဖုံးမှ

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ပရာယုဒ်ချန်အိုချာနှင့် ဇနီး၊ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့က ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား ကွန်ဗင်းရှင်းဗဟိုဌာန အဝင်မုခ်ဦးမှ ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာ၌ မြန်မာနိုင်ငံ ပုဂံမြို့တွင် ကျင်းပခဲ့သည့် ပထမဆုံးအကြိမ် ထိပ်သီးအစည်းအဝေးအပြီး စတင်ပေါ်ပေါက်လာသည့် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်)၏ (၆)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် ထပ်မံလက်ခံ ကျင်းပခွင့် ရရှိသည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် များစွာ ဝမ်းမြောက်ဂုဏ်ယူရပါကြောင်း။

ပုဂံကြေညာချက်၏ အနှစ်သာရဖြစ်သည့် ဒေသတွင်း ပိုမိုပေါင်းစည်းရေးအတွက် နိုင်ငံရေးအရ ကတိကဝတ်ပြုထားရှိမှုများကို ပြန်လည်အားသစ်လောင်းသွားကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်းမှ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်)ထိပ်သီးအစည်းအဝေးဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

တစ်ဆင့် အာဆီယံအသိုက်အဝန်း ထူထောင်ရေး ရည်မှန်းချက်နှင့် အာဆီယံပေါင်းစည်းရေး အစီအစဉ်များကို အထောက်အကူပြုစေမည် ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်များအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် လျော့ကျစေရေးကို အကျိုးပြုမည် ဖြစ်ပါကြောင်း။

အဖွဲ့ဝင်နိုင်ငံများ အားလုံးတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောမှု စဉ်ဆက်မပြတ် ဖြစ်ပေါ်စေရေးတို့ကို မြှင့်တင်သွားရန် ဆိုသည့် အဖွဲ့ကြီး၏ ရည်မှန်းချက်သည် အက်မက်စ်နိုင်ငံအားလုံး၏ အကျိုးစီးပွားနှင့် ကိုက်ညီသည့်အတွက် ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ပုဂံထိပ်သီးညီလာခံက ချမှတ်ပေးခဲ့သည့် အခြေခံရည်မှန်းချက်များနှင့်အညီ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများက အဓိကကဏ္ဍကြီး (၈)ရပ်တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိနေကြပါကြောင်း။

မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ စီးပွားရေး ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် မိတ်ဖက်အဖွဲ့အစည်းများက ပိုမိုပူးပေါင်းပါဝင်လာစေပြီး ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့လာစေရေး၊ ခေတ်မီနည်းပညာနှင့် အတတ်ပညာများ တိုးမြှင့်ပေးအပ်လာစေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုနှင့် လူ့စွမ်းအားစီမံခန့်ခွဲမှုဆိုင်ရာ နည်းနာများ ပိုမိုမျှဝေလာစေရေး၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရေး တို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ချမှတ်ထားသည့် ဘုံရည်မှန်းချက်များ အောင်မြင်မှုရရှိစေရန်အတွက် အစိုးရပိုင်းသာမက ပုဂ္ဂလိကပိုင်းကပါ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လာစေရန် ကူညီအားပေးဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

အက်မက်စ် အဖွဲ့ဝင်နိုင်ငံများအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်း ပီသသော ဆက်ဆံရေးများမှတစ်ဆင့် နှစ်နိုင်ငံချင်းနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လာပြီး ဒေသတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်မည်ဟု အလေးအနက် ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးတို့က မိန့်ခွန်းပြောကြားခဲ့ကြသည်။

**(သတင်းစဉ်)**

---

❏ ကျောဖုံးမှ

(မြန်မာစင်တာပလာဇာ) ပထမဆင့် ဖွင့်လှစ်သည့်အခမ်းအနားကို တက်ရောက်ရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ ယခုဖွင့်ပွဲအခမ်းအနားသည် မြန်မာနှင့် ဗီယက်နမ်အကြား၌ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် နှစ်လေးဆယ်မြောက် အချိန်အခါနှင့်လည်း တိုက်ဆိုင်နေပါကြောင်း၊ မြန်မာနှင့် ဗီယက်နမ်နှစ်နိုင်ငံသည် ၁၉၇၅တွင် သံတမန်ဆက်ဆံရေးစတင်ခဲ့ပြီး ထိုအချိန်မှ ယနေ့ထိတိုင် နှစ်နိုင်ငံပြည်သူများအကြား ခင်မင်မှု၊ ယုံကြည်မှုနှင့် အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေခဲ့ပါကြောင်း၊ မြန်မာနှင့် ဗီယက်နမ်တို့၏ နှစ်နိုင်ငံအကြား နိုင်ငံရေး၊ လူမှုစီးပွားရေးနှင့် ရေရှည် ပူးပေါင်းဆောင်ရွက်ရေးများတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်နိုင်ခဲ့ပါကြောင်း၊ အလားတူ ASEAN, GMS, CLMV and ACMECS အစရှိသည့် ဒေသတွင်းဖိုရမ်များကို ရင်းနှီးစွာ ပူးပေါင်းကျင်းပ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယနေ့ဆိုလျှင် နေပြည်တော်၌ ကျင်းပနေသည့် (၇)ကြိမ်မြောက် CLMV ထိပ်သီးဆွေးနွေးပွဲနှင့် (၆)ကြိမ်မြောက် ACMECS ထိပ်သီးဆွေးနွေးပွဲများနှင့် တိုက်ဆိုင်နေပါကြောင်း၊ ဤသည်မှာ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ဆက်ဆံရေးအတွက် သမိုင်းတွင် မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ခြင်းပင် ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရနှင့် ပြည်သူများကိုယ်စား ကျေးဇူးတင်ပါကြောင်း၊ Hoang Anh Gia Lai ၏ Myanmar Center Plaza တည်ဆောက်ခြင်း ပထမအဆင့်ပြီးမြောက်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ BIDV Myanmar Finance (BMF) ဖွင့်လှစ်ခြင်းနဲ့ BIDV အာမခံကော်ပိုရေးရှင်းတို့၏ ကိုယ်စားလှယ်ရုံးကို မြန်မာနိုင်ငံတွင် ဖွင့်လှစ်နိုင်သည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ Global Treasure Bank (Myanmar) နှင့် BIDV အကြားတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို အပြီးသတ်နိုင်ခဲ့သည့်အတွက်လည်း ဝမ်းမြောက်ပါကြောင်း၊ အဆိုပါ အောင်မြင်မှုများကို ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်ဝန်ကြီးချုပ်တို့အကြားတွင် ၂၀၁၀ ပြည့်နှစ်က ကြေညာခဲ့သည့် ပူးတွဲကြေညာချက်များ၏ ရလဒ်များပင် ဖြစ်ပါကြောင်း၊ Myanmar Center Plaza စီမံကိန်းသည် မြန်မာနိုင်ငံ၏ အိမ်ခြံမြေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိသာထင်ရှားသည့် စီမံကိန်းတစ်ခုပင်ဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်းသည်အရည်အသွေးမြင့် ရုံးခန်းများ၊ အဆင့်အတန်းမြင့် လူနေတိုက်ခန်းများနှင့် မြန်မာပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများကို ထောက်ပံ့ပေးနိုင်မည် ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် တိုက်တွန်းလိုသည်မှာ နှစ်ဖက် Stakeholders များ၏ ထောက်ခံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်ပြီး စီမံကိန်းကို အပြီးသတ်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာစင်တာပလာဇာ(ရန်ကုန်) ပထမအဆင့် ပြီးစီးခြင်းဖွင့်ပွဲကို ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးငွေအောင်တို့နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် ဗီယက်နမ်ဝန်ကြီးချုပ်တို့က မြန်မာငွေကြေးကုမ္ပဏီ (မြန်မာဘဏ္ဍာရေးကုမ္ပဏီ) (BMF)နှင့် BIDV အာမခံဖက်စပ်ကော်ပိုရေးရှင်း ကိုယ်စားလှယ်ရုံး(BIC) မြန်မာရုံးခွဲ ဖွင့်လှစ်ခြင်းအထိမ်းအမှတ် Logo အမှတ်အသားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ကမ္ဘာ့ရတနာဘဏ်နှင့် ဗီယက်နမ်နိုင်ငံ BIDV ဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မြင့်နှင့် CEO Mr. Phan Duc Tu တို့ကလည်းကောင်း၊ နှစ်ဖက်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်း ဆောင်ရွက်ရေးအတွက် နှစ်ဖက်ရင်းနှီးမြှုပ်နှံသူ ကိုယ်စားလှယ်များကလည်းကောင်း လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာများကို အပြန်အလှန် လဲလှယ်ကြသည်။




ထို့နောက် ဒုတိယသမ္မတနှင့် ဗီယက်နမ်ဝန်ကြီးချုပ်တို့အား မြန်မာစင်တာပလာဇာ(ရန်ကုန်) ပထမအဆင့်ပြီးစီးခြင်း ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါ စီမံကိန်းကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ်-၁၉၂ရှိ မြေဧရိယာ ၁၈ ဒသမ ၁၃ ဧကပေါ်တွင် တည်ဆောက်ထားပြီး အမေရိကန်ဒေါ်လာ သန်း ၄၄၀ ဖြင့် ရင်းနှီးမြှုပ်နှံထားသည့် စီမံကိန်းဖြစ်သည်။ စီမံကိန်းအဆောက်အအုံ၌ အခန်း(၄၀၀)ကျော် ပါဝင်သော နိုင်ငံတကာ ကြယ်(၅)ပွင့်အဆင့်ရှိ ဟိုတယ်၊ Commercial Centreနှင့် ရုံးအဆောက်အအုံများ ပါဝင်သည်။

ယင်းစီမံကိန်းကို ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနနှင့် ဗီယက်နမ်နိုင်ငံ Hoang Anh Gia Lai Myanmar Co.,Ltd. တို့က ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် BOT စာချုပ်ကို သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ပထမအဆင့် Phase-1တည်ဆောက်မှုကို ၂၀၁၃ ခုနှစ် ဇွန် ၅ ရက်တွင် ပန္နက်တင်ပြီး စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် နှစ်လယ်တွင်ပြီးစီးရန် လျာထားခဲ့သော်လည်း ယခုသတ်မှတ်ကာလထက် စောစီးစွာပြီးစီး၍ ဖွင့်လှစ်နိုင်ခြင်းဖြစ်သည်။ ဒုတိယအဆင့် Phase-2 စီမံကိန်းကိုလည်း အချိန်မီပြီးစီး နိုင်ရေးအတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

---

# တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့် သင်တန်းဖွင့်

**ရန်ကုန် ဇွန် ၂၃**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှကြီးမှူးဖွင့်လှစ်သည့် တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းအမှတ်စဉ်(၁/၂၀၁၅)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ အခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ တရားရေးအရာရှိများနှင့် သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်ထိပ်သီးအစည်းအဝေးဆိုင်ရာ သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဇွန် ၂၃

(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးကျင်းပခဲ့မှုများနှင့် စပ်လျဉ်း၍ သတင်းမီဒီယာများအား ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) သဏ္ဌာခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)




သတင်းစာ ရှင်းလင်းပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယခု ကျင်းပခဲ့သည့် (၇) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့်(၆)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေးများတွင် မိမိနှင့် အတူ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ပြီး မိမိတို့နိုင်ငံများနှင့် ပြည်သူများ အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပြီး ပူးတွဲကြေညာချက်၊ ကြေညာစာတမ်းနှင့် လုပ်ငန်းအစီအစဉ်များကို ထုတ်ပြန်ခဲ့ပါကြောင်း။

(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကို ဇွန် ၂၂ ရက်က ကျင်းပခဲ့ရာတွင် မြန်မာနိုင်ငံနှင့်အတူ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများမှ ဝန်ကြီးချုပ်များ အတူတကွ တက်ရောက်ခဲ့ကြပြီး စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များကို နယ်ပယ်အသီးသီးတွင် ဆက်လက်အရှိန်အဟုန် မြှင့်တင်သွားနိုင်ရန် ဆွေးနွေးခဲ့ကြပါကြောင်း။

ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုမြှင့်တင်ရန်နှင့် အာဆီယံအဖွဲ့အတွင်း ဖွံ့ဖြိုးမှု ကွာဟချက် ကျဉ်းမြောင်းစေရန်အတွက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ၂၀၀၄ ခုနှစ်မှ စတင်ခဲ့သည်မှာ ယခုဆိုလျှင် (၁၂)နှစ်တာကာလသို့ရောက်ရှိခဲ့ပြီဖြစ်ပါကြောင်း။

မိမိတို့ စီအယ်လ်အမ်ဗွီနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးတက်မြင့်မားလာသည့်အတွက် ၂၀၁၃ ခုနှစ်တွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်တို့၏ စုစုပေါင်း ကုန်သွယ်မှုသည် အာဆီယံ စုစုပေါင်းကုန်သွယ်မှု၏ ၁၂ ဒသမ ၄ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၁၄ ဒသမ ၁ ရာခိုင်နှုန်းသို့ ရောက်ရှိလာခဲ့ပါကြောင်း၊ ထိုကဲ့သို့ စီအယ်လ်အမ်ဗွီနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်နေသည်ကို ပြသနေခြင်းလည်းဖြစ်ပါကြောင်း။

စီအယ်လ်အမ်ဗွီ နိုင်ငံများ၏ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှု တိုးတက်လာစေရန်အတွက် မိမိတို့လေးနိုင်ငံ အတူတကွပူးပေါင်းဆောင်ရွက်ဆဲလုပ်ငန်းများ၊ ရှေ့လာမည့်အနာဂတ်တွင်ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြမည့် လုပ်ငန်းစဉ်များကို ထင်ဟပ်ဖော်ပြသည့် ပူးတွဲကြေညာချက်တစ်ရပ်ကို ယခုထိပ်သီးအစည်းအဝေးက တညီတညွတ်တည်း ထုတ်ပြန်ခဲ့ပါကြောင်း။

ယခုထုတ်ပြန်သည့် ပူးတွဲကြေညာချက်တွင် မိမိတို့ စီအယ်လ်အမ်ဗွီနိုင်ငံများအကြား တည်ရှိပြီးဖြစ်သည့်မိတ်ဆွေကောင်းပီသမှုနှင့်အိမ်နီးချင်းကောင်း ပီသမှုများဖြင့် မိမိတို့နိုင်ငံများ အကျိုးရှိစေရေး ဆက်လက်ပူးပေါင်းဆောင်ရွက် သွားကြရန်နှင့် အရှေ့တောင်အာရှ ဒေသကြီး၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်ကြွယ်ဝချမ်းသာရေးကို ပိုမိုခိုင်မာအောင် ပြုလုပ်သွားကြမည်ဆိုသည့် မိမိတို့၏ သဘောထားကို ဖော်ပြထားပါကြောင်း။

မြန်မာနိုင်ငံ နေပြည်တော်တွင် ၂၀၁၄ ခုနှစ် ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့သည့် စီအယ်လ်အမ်ဗွီလေးနိုင်ငံ စီးပွားရေးဝန်ကြီးများ၏ ဆဋ္ဌမအကြိမ်အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းနှင့် အဆိုပါ အစည်းအဝေးက ၂၀၁၅ ခုနှစ်အတွက် စီအယ်လ်အမ်ဗွီလုပ်ငန်းအစီအစဉ်များ ချမှတ်နိုင်ခဲ့ခြင်းကိုလည်း မိမိတို့ အသိအမှတ်ပြုကြပါကြောင်း။

စီအယ်လ်အမ်ဗွီနိုင်ငံများအကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်နိုင်ရေးအတွက် သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်သွားကြရန်နှင့် အခြားပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာအောင် ဆောင်ရွက်သွားကြရန်လည်း အလေးထားဆွေးနွေးခဲ့ကြပါကြောင်း။

စီအယ်လ်အမ်ဗွီနိုင်ငံများတွင် မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍများတွင် ဦးဆောင်နိုင်ငံ ဖြစ်သည်နှင့်အညီ အဆိုပါကဏ္ဍများတွင် တိုးမြှင့်ပူးပေါင်း ဆောင်ရွက်သွားကြရန် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွဲဆောင်မှုများ ပြုလုပ်သွားကြရန်လည်း ဆွေးနွေးသဘောတူညီခဲ့ကြပါကြောင်း။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် ၂၀၁၄ ခုနှစ်အတွင်း စီအယ်လ်အမ်ဗွီနိုင်ငံများသို့ ကမ္ဘာလှည့်ခရီးသည် ၁၉ ဒသမ ၆ သန်း လာရောက်ခဲ့သည်ကို အားရကျေနပ်ဖွယ်တွေ့ရပြီး စီအယ်လ်အမ်ဗွီဒေသခွဲနိုင်ငံများသည် ကမ္ဘာလှည့်ခရီးသည်များ၏ ဦးတည်ရာလမ်းကြောင်းတစ်ခုအဖြစ် ဆက်လက်ဆွဲဆောင်သွားနိုင်ရေး ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားကြရန် သဘောတူခဲ့ကြပါကြောင်း၊ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် တတိယအကြိမ်မြောက် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ကိုလည်း ထိပ်သီးအစည်းအဝေးက ကြိုဆိုခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံက(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကိုအိမ်ရှင်အဖြစ်အောင်မြင်စွာလက်ခံကျင်းပခွင့် ရသည့်အတွက်လည်းများစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ လာမည့်(၈)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ကိုလည်း ကြိုဆိုပါကြောင်းနှင့် အောင်မြင်မှုရရှိစေရန် မြန်မာနိုင်ငံက အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

(၆)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေးနှင့်ပတ်သက်ပြီး ပြောကြားရလျှင် မြန်မာနိုင်ငံ ပုဂံမြို့တွင် ၂၀၀၃ ခုနှစ် နိုဝင်ဘာလက ကျင်းပခဲ့သည့် ပထမဆုံးအကြိမ် ထိပ်သီးအစည်းအဝေးအပြီးတွင်စတင်ပေါ်ပေါက်လာခဲ့သည့် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်)၏ (၆)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် ပြန်လည်လက်ခံကျင်းပခွင့်ရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

ပုဂံကြေညာစာတမ်းနှင့် ရှေ့လုပ်ငန်းစဉ်များမှတစ်ဆင့် အခြေတည်ခဲ့သည့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများသည် လွန်ခဲ့သည့် (၁၃)နှစ်အတွင်း တိုးတက်လျက် ရှိပါကြောင်း၊ အက်မက်စ်၏ အဓိကရည်မှန်းချက်တစ်ခုဖြစ်သည့် အဖွဲ့ဝင်နိုင်ငံများအားလုံးငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောမှု စဉ်ဆက်မပြတ်ဖြစ်ပေါ်လာစေရေးအတွက် မိမိတို့ အတူတကွ ပူးပေါင်းဆောင်ရွက်သွားရမည့်လုပ်ငန်း အစီအစဉ်များကို ပြန်လည်သုံးသပ်ပြီး လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်သွားနိုင်ရန် ယခုထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံနှင့်အတူ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ စုံညီစွာတက်ရောက်ကာ အတူတကွ ဆွေးနွေးခဲ့ကြပါကြောင်း၊ ယနေ့ကျင်းပသည့် (၆)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် "နေပြည်တော်ကြေညာစာတမ်း"နှင့်"အက်မက်စ်လုပ်ငန်း အစီအစဉ် ၂၀၁၆-၂၀၁၈" တို့ကို ထုတ်ပြန်ခဲ့ကြပါကြောင်း။

အက်မက်စ်ထိပ်သီး အစည်းအဝေးတွင် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးသည့် အစီအစဉ်တစ်ခုလည်း ပါဝင်ခဲ့ပြီး နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍပါဝင် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြပါကြောင်း။

အစည်းအဝေးက ထုတ်ပြန်ခဲ့သည့် နေပြည်တော်ကြေညာစာတမ်းနှင့် အက်မက်စ် လုပ်ငန်းအစီအစဉ် ၂၀၁၆-၂၀၁၈ တို့တွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးအတွက် အက်မက်စ်နိုင်ငံများအတွင်း ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ပြပွဲများပြုလုပ်ရေး၊ မိတ်ဖက်များနှင့်လည်း ကုန်စည်ပြပွဲများ ပိုမိုပါဝင်ဆောင်ရွက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်နိုင်ရေးအတွက် လိုအပ်သည့် ဆွဲဆောင်မှုများ ပြုလုပ်သွားရေး၊ စီးပွားရေးအထောက်အကူဖြစ်စေသည့် ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးရေး တို့ကိုတိုက်တွန်းဖော်ပြထားပါကြောင်း။

မြန်မာနိုင်ငံက ဦးဆောင်သည့် ကဏ္ဍတစ်ခုဖြစ်သည့် လယ်ယာကဏ္ဍတွင် အက်မက်စ်နိုင်ငံများအကြား National Zero Hunger Challenge အစီအစဉ်များ အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်မည့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာရည်မှန်းချက်များကို အကောင်အထည်ဖော်မှု တိုးမြှင့်သွားကြရန် ရှိပါကြောင်း။

စက်မှုနှင့် စွမ်းအင်ကဏ္ဍတွင် အတွေ့အကြုံနှင့် သတင်းအချက်အလက် ဖလှယ်ရေး၊ နည်းပညာလွှဲပြောင်းမှုပြုလုပ်နိုင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုစေမည့် စွမ်းအင်ဖွံ့ဖြိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ စက်မှုဖွံ့ဖြိုးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကို ပုံမှန်ကျင်းပသွားရေးကိုလည်းကောင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင် "ငါးနိုင်ငံခရီးစဉ်တစ်ခု"အစီအစဉ် မြှင့်တင်နိုင်ရေးအတွက် အစီအစဉ်များ ဈေးကွက်တိုးချဲ့ရေး လုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်သွားရန် တိုက်တွန်းထားပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အက်မက်စ်နိုင်ငံများ အကြားတွင် အဆင့်မြင့်ပညာ၊ အသက်မွေးဝမ်းကျောင်း ပညာနှင့် ကျွမ်းကျင်မှုပညာရပ်များ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူ့ကျန်းမာရေးနှင့် လူမှုဖူလုံရေးကဏ္ဍတွင် ကူးစက်တတ်သော ရောဂါများကာကွယ်ထိန်းချုပ်ရေး အတွက် သတင်းအချက်အလက်များ ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ လူမှုဖူလုံရေးဖွံ့ဖြိုးမှုအစီအစဉ်များတွင် အတွေ့အကြုံများ ဖလှယ်ရေး၊ လူနေမှုအဆင့်အတန်းမြှင့်ရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရေးတို့ကိုတိုက်တွန်းထားပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ပြီး လာမည့်(၇)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ကိုလည်း ဂုဏ်ပြုကြိုဆိုခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံအနေနှင့် အာဆီယံ ဥက္ကဋ္ဌတာဝန်ကို ၂၀၁၄ ခုနှစ် တာဝန်ယူပြီးသည့် နောက်တွင် ယခုကဲ့သို့ စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်အစည်းအဝေးများကို လက်ခံကျင်းပဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုထိပ်သီးအစည်းအဝေးများကို တက်ရောက်လာကြသည့် ခေါင်းဆောင်များအနေဖြင့်လည်းမြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုများကို မျက်မြင်လေ့လာခွင့်ရခဲ့သကဲ့သို့ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားနိုင်မည့် အခွင့်အလမ်းများကိုလည်း ပူးပေါင်းရှာဖွေဖော်ထုတ်ခဲ့ကြပါကြောင်း။

ယခုကဲ့သို့ ထိပ်သီးအစည်းအဝေးများအတွင်း မိမိတို့စီအယ်လ်အမ်ဗွီ အဖွဲ့ဝင် နိုင်ငံများနှင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့ အကြီးအကဲများ၊ အာဆီယံ အတွင်းရေးမှူးချုပ်တို့ပါ ရင်းနှီးခင်မင်စွာတွေ့ဆုံပြီး အမြင်ချင်းဖလှယ်ခဲ့ကြကာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားသည့် စီမံကိန်းများကို အကောင်အထည်ဖော်နိုင်ရန်နှင့် ဆက်လက်လုပ်ဆောင်သွားကြမည့် ရှေ့လုပ်ငန်းစဉ်များ၊ လုပ်ငန်းအစီအစဉ်များကို ချမှတ်နိုင်ခဲ့ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများ ချစ်ကြည်မှုနှင့် ရင်းနှီးမှုပိုမိုတိုးတက်စေရုံသာမက ဒေသခွဲဖွံ့ဖြိုးရေး အတွက်နှင့် အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းရေးကိုပါ အထောက်အကူပြုစေပါကြောင်း၊ ထို့အပြင် အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်ရေးကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြု စေပါကြောင်း။

ထိပ်သီး အစည်းအဝေးများမှ ထုတ်ပြန်ကြေညာခဲ့သည့် ကြေညာချက်များ၊ လုပ်ငန်းအစီအစဉ်သည် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ဆောင်ရွက်ချက်များဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ကြေညာစာတမ်းနှင့် လုပ်ငန်းအစီအစဉ်များကို အစည်းအဝေးမှ အောင်မြင်စွာ ထုတ်ပြန်နိုင်ခဲ့ခြင်းသည် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ ခေါင်းဆောင်များ အတူတကွ ကြိုးပမ်းဆောင်ရွက်မှု၏ ရလဒ်လည်း ဖြစ်ပါကြောင်း၊ ထိုကဲ့သို့အောင်မြင်မှုများ ရရှိစေရန် အဘက်ဘက်က ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် ကဏ္ဍအသီးသီးက အစိုးရဝန်ထမ်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအားလုံးကို အသိအမှတ်ပြုချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# အက်မက်စ်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံမှု၊ အိမ်နီးချင်းကောင်းပီသမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းမှုပိုမိုခိုင်မြဲစေမည်

**နေပြည်တော် ဇွန် ၂၃**

(၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးနှင့် စပ်လျဉ်းသည့် **နေပြည်တော်ကြေညာစာတမ်း**ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ကြေညာစာတမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

## (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေးဆိုင်ရာ နေပြည်တော်ကြေညာစာတမ်း

ကျွန်ုပ်တို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံခေါင်းဆောင်များသည် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် (၆)ကြိမ်မြောက် ဧရာဝတီ- ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးကျင်းပရန် နေပြည်တော်တွင် စုဝေးရောက်ရှိခဲ့ကြသည်။

အက်မက်စ်နိုင်ငံများအကြား အစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှု၊ အိမ်နီးချင်းကောင်းပီသမှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းမှုတို့အား ပိုမိုခိုင်မြဲစေမည်ဟူသော သန္နိဋ္ဌာန်ကို ထပ်လောင်းအတည်ပြုပါသည်။

ကျွန်ုပ်တို့သည် အက်မက်စ် ၂၀၁၆-၂၀၁၈ လုပ်ငန်းစဉ်အား အတည်ပြုပါသည်။ ပုဂံကြေညာစာတမ်း ဖော်ပြပါ ရည်ရွယ်ချက်၊ ဦးတည်ချက်များအပါအဝင် အက်မက်စ်၏ အဆက်ဆက်သော ကြေညာစာတမ်းများပါ ဦးတည်ချက်များကို တစိုက်မတ်မတ် အကောင်အထည်ဖော်ကြရန် ဆုံးဖြတ်အတည်ပြုထားပြီးသည်နှင့်အညီ အိမ်နီးချင်းကောင်းပီသမှုကို တည်ဆောက်ရေး၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုမြှင့်တင်ရေး၊ ကျွန်ုပ်တို့နိုင်ငံများတွင် ရေရှည်တည်တံ့သည့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှု တိုးမြှင့်ရေးနှင့် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် အလွန် အာဆီယံ အသိုက်အဝန်းတည်ဆောက်ရေးကို အထောက်အကူပြုရေးတို့ ခိုင်မာသော ဆုံးဖြတ်ချက်များဖြင့် ဆောင်ရွက်သွားကြရန် အတည်ပြုပါသည်။

အက်မက်စ်၏ ဗီယန်ကျင်း ကြေညာစာတမ်းနှင့် ၄င်း၏ ၂၀၁၃-၂၀၁၅ လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရေးအတွက် အရေးပါသော အောင်မြင်မှုများအား ဝမ်းမြောက်စွာ အသိအမှတ်ပြုပါသည်။

အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ကျွန်ုပ်တို့သည် တစ်ဦးချင်းအဖြစ်လည်းကောင်း၊ နှစ်နိုင်ငံချင်းလည်းကောင်း၊ စုရုံးပေါင်းစည်း၍လည်းကောင်း စွမ်းအားများအားကို နှစ်ဆစိုက်ထုတ်၍ ထိရောက်စွာ ဆက်လက်အကောင်အထည်ဖော်သွားကြရန် သဘောတူပါသည်။

ကျွန်ုပ်တို့မှ အောက်ပါအချက်များကို ကြေညာပါသည်-

၁ ။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် အောက်ပါတို့ကို သဘောတူပါသည်-

(၁. ၁) ဟန္နွိုင်းမြို့တွင် ပြုလုပ်သည့် တတိယအကြိမ် ထိပ်သီးအစည်းအဝေးတွင် အတည်ပြုခဲ့သည့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာလှည့်ခရီးသွားကဏ္ဍများတိုးမြှင့်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာ အက်မက်စ်အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ၏ ကြေညာစာတမ်းအား ဆက်လက်အကောင်အထည်ဖော်ရန်၊

(၁. ၂) ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အထူးသဖြင့် နယ်စပ်ကုန်သွယ်ရေး တိုးမြှင့်ဖြစ်ထွန်းရေးအတွက် အက်မက်စ်နိုင်ငံများတွင်းအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခမ်းအနားများ ပြပွဲများနှင့် ကုန်သွယ်ရေးဆိုင်ရာအဖွဲ့များ စေလွှတ်ခြင်းများအပါအဝင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ရန် အက်မက်စ် အဖွဲ့ဝင်မဟုတ်သောနိုင်ငံများအထူးသဖြင့် အရှေ့တောင်အာရှ ဒေသအတွင်းရှိနိုင်ငံများနှင့် အလားအလာရှိသော မိတ်ဖက်နိုင်ငံများအား အက်မက်စ်နိုင်ငံများမှ ကြီးမှူးကျင်းပသည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပြပွဲနှင့် ပြခန်းများတွင် ပူးပေါင်းပါဝင်စေခြင်းဖြင့် အက်မက်စ်နိုင်ငံများ၏ စီပွားရေးလုပ်ငန်းများကို ဒေသအတွင်းအပြင်နှင့် ကမ္ဘာ့ဈေးကွက်အထိ ချဲ့ထွင်နိုင်စေရေးကို ဆောင်ရွက်ပေးရန်၊

(၁. ၃) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရရှိရေးကို ဆောင်ရွက်ရန်၊ အထူးသဖြင့် အက်မက်စ်နိုင်ငံများအချင်းချင်းမှ သော်လည်းကောင်း၊ အခြားသော ဒေသအတွင်း နိုင်ငံများမှလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုများရရှိရေးအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွဲဆောင်မှုအစီအစဉ်များကို သက်ဆိုင်ရာ မိမိတို့ ပြည်တွင်းရှိ စည်းမျဉ်းဥပဒေများနှင့်အညီ စီစဉ်ဆောင်ရွက်ကြရန်၊

(၁. ၄) အက်မက်စ်နိုင်ငံများအတွင်း စီးပွားရေးဆောင်ရွက်နိုင်သည့် အနေအထား ဖန်တီးနိုင်စေရန်အတွက် အက်မက်စ်နိုင်ငံများ၏ စီးပွားရေးကောင်စီနှင့် စီးပွားရေးအသိုက်အဝန်းများအတွင်း ပုံမှန်အစည်းအဝေးများ ကျင်းပရေးကို အားပေးရန်၊

၂ ။ စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်ရေးတွင် အောက်ပါတို့ကို သဘောတူပါသည်-

(၂. ၁) အက်မက်စ်နိုင်ငံများတွင် ဆန်စပါးဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးအတွက် အက်မက်စ်နိုင်ငံများအတွက် ဆန်စပါးပူးပေါင်းဆောင်ရွက်ရေးယန္တရား အကောင်အထည်ဖော်ရေးမြန်ဆန်စေရန်၊

(၂. ၂) အက်မက်စ်နိုင်ငံများနှင့်၄င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်နိုင်ငံများအကြား ဆန်စပါးထုတ်လုပ်မှုတိုးမြှင့်၍ စားနပ်ရိက္ခာ လုံလောက်မှုရှိစေရန်အတွက် ညှိနှိုင်းဆွေးနွေးခြင်းနှင့်ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရေးအတွက် အားပေးရန်။

(၂. ၃) အက်မက်စ်နိုင်ငံများအကြား စားနပ်ရိက္ခာဖူလုံရန်နှင့် လယ်သမားများဘဝ တိုးတက်မြင့်မားလာစေရန်အတွက် စိုက်ပျိုးရေး၊ သစ်တော၊ ငါးလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍများတွင် နည်းပညာနှင့် သတင်းအချက်အလက်များ ဖလှယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုကိုအားဖြည့်ရန်၊

(၂. ၄) စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးရေး ရည်မှန်းချက်အောင်မြင်စေရန်အတွက် အက်မက်စ်နိုင်ငံများအကြား National Zero Hunger Challenge အစီအစဉ် အကောင်အထည်ဖော်ရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်၊

(၂. ၅) အက်မက်စ်နိုင်ငံများအကြား ဈေးကွက်တည်ငြိမ်မှုနှင့်စားနပ်ရိက္ခာဖူလုံမှုတိုးမြှင့်စေရန်အတွက် အက်မက်စ်နိုင်ငံများတွင် နှစ်နိုင်ငံနှင့်နိုင်ငံစုံ လယ်ယာကဏ္ဍသဘောတူညီချက်အား ထိရောက်သည့် ယန္တရားအဖြစ် အကောင်အထည်ဖော်ရေးအတွက် အားပေးရန်၊

၃ ။ စက်မှုလုပ်ငန်းနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတွင် အောက်ပါတို့ကိုသဘောတူပါသည်-

(၃. ၁) အတွေ့အကြုံနှင့် သတင်းအချက်အလက်များဖလှယ်ရေးတို့နှင့် အလားတူ ထုတ်လုပ်ရေးဆိုင်ရာ နည်းပညာလွှဲပြောင်းခြင်း၊ စွမ်းအင်ဆိုင်ရာထိရောက်သည့် နည်းပညာများ၊ ဇီဝစွမ်းအင်နှင့် ပြည့်ဖြိုးမြဲစွမ်းအင်များအသုံးချခြင်းနှင့် ထုတ်လုပ်ခြင်းတို့အား အားပေးရန်နှင့် အက်မက်စ်နိုင်ငံများအတွင်း ကောင်းမွန်ထိရောက်သည့် လုပ်ထုံးလုပ်နည်းများနှင့် ဆီလျော်သည့်သတ်မှတ်အဆင့် အတန်းတိုးမြှင့်ရန်၊

(၃. ၂) စဉ်ဆက်မပြတ်နှင့် သဘာဝပတ်ဝန်းကျင် အထောက်အကူပြုစွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်ဖြည့်တင်းနိုင်သည့် စွမ်းအင်နှင့် စွမ်းအင်ပြည့်ဝမှုနှင့် ထိန်းသိမ်းမှုပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်ရန်ထားရှိသည့် ကတိကဝတ်ကို ပြန်လည်အတည်ပြုရန်၊

(၃. ၃) လျှပ်စစ်ဖြန့်ဖြူးရေးကြိုးလိုင်းများနှင့် အက်မက်စ်နိုင်ငံများအတွင်း ဆက်သွယ်ရေးကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးမြှင့်တင်ရန်၊

(၃. ၄) အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများအား ပုံမှန်စီမံကျင်းပခြင်းအားဖြင့် အက်မက်စ်နိုင်ငံများအတွင်း စက်မှုလုပ်ငန်းမူဝါဒ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအား ဆက်လက်မြှင့်တင်ရန်၊

(၃. ၅) အက်မက်စ်နိုင်ငံများ၏ နယ်စပ်ဒေသများတွင် စက်မှုဇုန်၊ အထူးနှင့်သီးသန့်စီးပွားရေးဇုန်များ တည်ထောင်ရေးနှင့်အခြား အရှေ့-အနောက်စီးပွားရေးစင်္ကြံ East-West Economic Corridor (EWEC)၊ တောင်-မြောက်စီးပွားရေးစင်္ကြံ North-South Economic Corridor (NSEC)နှင့် တောင်ဘက်ခြမ်းစီးပွားရေးစင်္ကြံ Southern Economic Corridor များတစ်လျှောက် အလားအလာရှိသော ဒေသများနှင့် Green Growth နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအား ဦးတည်ဆောင်ရွက်သည့် စင်္ကြံများအချင်းချင်း ဆက်သွယ်ရေး"Inter-corridor Linkages" များ တည်ထောင်ခြင်းကို တိုက်တွန်းအားပေးရန်၊

(၃. ၆) သတ္တုတူးဖော်ခြင်းနှင့် ဓာတ်သတ္တုရှာဖွေအသုံးပြုမှု၊ စဉ်ဆက်မပြတ်ရေအားလျှပ်စစ်ဖွံ့ဖြိုးတိုးတက်မှု၊ ရေနံနှင့်ဓာတ်ငွေ့ရှာဖွေခြင်း၊ ဓာတုလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ထုတ်လုပ်ခြင်းနှင့် အစားအသောက်ထုပ်ပိုးခြင်းနှင့် အထည်အလိပ်လုပ်ငန်းတို့ဖြစ်သည့် အလားအလာရှိသည့် စက်မှုကဏ္ဍများပူးပေါင်း ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်နှင့်နည်းပညာဖလှယ်ခြင်းနှင့် စက်မှုလုပ်ငန်းနှင့် စွမ်းအင်ကဏ္ဍများတွင် ပူးတွဲသုတေသနပြုခြင်းတို့ အားမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်းတို့အား တိုက်တွန်းအားပေးရန်၊

(၃. ၇) နည်းပညာ၊ ဘဏ္ဍာငွေကြေး၊ စည်းမျဉ်းဥပဒေ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ကောင်းမွန်သော စီးပွားရေးပတ်ဝန်းကျင်ရှိရေးစသည့် စိန်ခေါ်မှုများရှိနေသည့် အသေးစားလုပ်ငန်းများ (SMEs)ရေရှည်ဖွံ့ဖြိုးတိုးတက် မှုအတွက် အားပေးမြှင့်တင်ရန်၊ အသေးစားလုပ်ငန်းများ (SMEs)အတွက် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ သတ်မှတ်စံနှုန်းများနှင့်ကိုက်ညီသည့် စီးပွားရေး ပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာစေခြင်းဖြင့် ကမ္ဘာ့ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းကြီးအတွင်း ချိတ်ဆက်ပါဝင်လာနိုင်ရေးဆောင်ရွက်ကြရန်၊ အသေးစားလုပ်ငန်းများ (SMEs) အတွက် နည်းပညာရရှိရေး၊ တီထွင်ကြံဆမှု ဖွံ့ဖြိုးတိုးတက်စေရန် ရင်းနှီးမြှုပ်နှံ ဖန်တီးဆောင်ရွက်ပေးခြင်းဖြင့် စီးပွားရေးခိုင်မာစေခြင်း၊ စီးပွားရေးကျဆင်းမှုဒဏ်ကို ခံနိုင်ရည်ရှိစေခြင်းစသည်ဖြင့် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ဝန်ဆောင်မှုများပေးခြင်းကို ဆောင်ရွက်ပေးရန်၊

၄ ။ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် အောက်ပါတို့ကို သဘောတူညီပါသည်။

(၄. ၁) အက်မက်စ်နိုင်ငံများအတွင်း ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုဝန်ဆောင်မှုလုပ်ငန်းနှင့် ကမ္ဘာလှည့်ခရီးသည်ကဏ္ဍ တိုးမြှင့်စေရန်အတွက် ဘက်စုံသယ်ယူပို့ဆောင်ရေး ဆက်သွယ်ရေးကွန်ရက်ကို ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရန်၊ လက်ရှိစီးပွားရေးစင်္ကြံများနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ကွန်ရက်အား အပြည့်အဝအသုံးပြုရေး အထူးသဖြင့် the East-West Economic Corridor (EWEC)၊North-East Economic Corridor (NSEC) နှင့် မဟာမဲခေါင်ဒေသခွဲပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်ရှိ Southern Economic Corridor (SEC) တို့အား ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရန်၊ သို့ဖြစ်၍ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများ၏ EWEC ပူးပေါင်းဆောင်ရွက်ရေး မူဘောင်အတွင်း တိုးတက်အောင်မြင်မှုများအား ကြိုဆိုကြောင်း၊

(၄. ၂) အက်မက်စ်အဖွဲ့ဝင်နိုင်ငံအတွင်း ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များရှိရာ အဓိကမြို့များအကြား လေကြောင်းဆက်သွယ်မှုအပါအဝင် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများအား အထောက်အကူပြုစေမည့် ရထားလမ်းများနှင့် လမ်းသွယ်လမ်းခွဲများအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်သွားရန်၊

(၄. ၃) အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လက်ရှိပို့ဆောင်ရေးလမ်းကြောင်းများ ပိုမိုဖွံ့ဖြိုးစေရန်နှင့် အထိရောက်ဆုံး အသုံးချသွားနိုင်ရန်အတွက် အရှေ့အနောက် စင်္ကြံနိုင်ငံများ၊ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့် သက်ဆိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်နိုင်ငံများအကြား ညှိနှိုင်းဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအား ဆက်လက်ခိုင်မာတောင့်တင်းလာစေရေးအတွက် အားပေးတိုက်တွန်းသွားရန်၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၂၀၁၅ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ်မြောက် အရှေ့အနောက်စီးပွားရေးစင်္ကြံနိုင်ငံများ၏ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းကို ကြိုဆိုကြောင်းနှင့်

(၄. ၄) မကြာသေးမီက ထိုင်းနိုင်ငံမှအတည်ပြုခဲ့သည့် ကျန်ရှိနေသေးသော ဂျီအမ်အက်စ်-စီဘီတီအေ နောက်ဆက်တွဲအားကြိုဆိုခဲ့ပြီး၊ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြည်သူနှင့် ကုန်ပစ္စည်းများ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်မှုအား အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားနိုင်ရေးအတွက် ဂျီအမ်အက်စ်-စီဘီတီအေ နောက်ဆက်တွဲနှင့် နောက်ဆက်တွဲစာချုပ်ကို အပြည့်အဝအတည်ပြုလက်ခံသွားနိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းသွားရန်။

၅ ။ ခရီးသွားလုပ်ငန်းကဏ္ဍပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းသဘောတူညီခဲ့ကြသည်-

(၅. ၁) '(၅)နိုင်ငံခရီးစဉ်တစ်ခု'၏ သဘောထားအား ဖော်ဆောင်သွားနိုင်ရေးအတွက် အက်မက်စ်အဖွဲ့ဝင် နိုင်ငံများအကြားနယ်စပ်ဖြတ်ကျော်ခရီးသွားလာမှုကို တိုးမြှင့်သွားရန်နှင့် ပူးတွဲခရီးသွားလာမှု ဈေးကွက်ရှာဖွေရေးနှင့် မြှင့်တင်ရေး၊ ပူးတွဲလှုပ်ရှားဆောင်ရွက်မှု အစီအစဉ်တို့အား ဆောင်ရွက်သွားရန်၊

(၅. ၂) အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရန်အတွက် လိုအပ်သည့် အထောက်အပံ့များ အထူးသဖြင့်ဗီဇာနှင့် သယ်ယူပို့ဆောင်ရေးလွယ်ကူစေရန် အစီအမံများ ဆောင်ရွက်သွားရန်နှင့် ကမ္ဘောဒီးယားနိုင်ငံနှင့်ထိုင်းနိုင်ငံတို့အကြား အက်မက်စ်ဗီဇာတစ်ခုတည်းဖြင့် သွားလာနိုင်ရေးအား အကောင်အထည်ဖော်မှုကို မှတ်သားရန်၊

(၅. ၃) အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလုပ်ငန်းဆိုင်ရာ အတတ်ပညာကျွမ်းကျင်မှုနှင့်ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သူများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များကို မြှင့်တင်ဆောင်ရွက်သွားရန်နှင့်

(၅. ၄) အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ ဒေသတွင်း၌ ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိသည့် အစိမ်းရောင်ခရီးသွားလုပ်ငန်းနှင့် တာဝန်သိခရီးသွားလုပ်ငန်းကို အားပေးမြှင့်တင်သွားရန်။

၆ ။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း သဘောတူညီခဲ့ကြပါသည်-

(၆. ၁) ပုဂ္ဂလိကကဏ္ဍများအပါအဝင် အက်မက်စ်ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများတွင် ပညာသင်ဆုများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများနှင့် အတတ်ပညာကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များကို ထောက်ပံ့ပေးသွားရန်၊

(၆. ၂) အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၌ ပညာရေးဆိုင်ရာအဖွဲ့အစည်းများ၊ အထူးသဖြင့် အဆင့်မြင့်ပညာရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများနှင့် အတတ်ပညာကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များအကြား မိတ်ဖက်လုပ်ငန်းများနှင့် ချိတ်ဆက်မှုများကို အားပေးမြှင့်တင်သွားရန်၊

(၆. ၃) အက်မက်စ် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်ကဏ္ဍအသီးသီးတွင် လေ့ကျင့်ရေးသင်တန်းများ၌ ပါဝင်ဆောင်ရွက်ရန်နှင့် ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီများ ထောက်ပံ့ပေးအပ်သွားရန်အတွက် ဖွံ့ဖြိုးတိုးတက်ပြီးသည့် မိတ်ဖက်နိုင်ငံများကို အားပေးတိုက်တွန်းသွားရန်၊

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအားပေး

နေပြည်တော် ဇွန် ၂၃

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ တပ်မတော်ဆေးရုံသို့သွားရောက်ကာ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအားပေးသည်။**



ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးကုသမှုခံယူနေသော အရာရှိ စစ်သည်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဆေးကုသနေမှုနှင့် ကျန်းမာရေးအခြေအနေများကိုမေးမြန်းကာ **(ယာပုံ)** ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးလူနာဆောင်သို့ သွားရောက်၍ ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည် မိသားစုဝင် တစ်ဦးချင်းကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် တပ်မတော်ဆေးရုံ အစည်းအဝေးခန်းမ၌ ဆေးရုံတပ်မှူးက ဆေးကုသမှုအခြေအနေများနှင့် အုပ်ချုပ်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆေးရုံရှိအာဟာရဌာန စနစ်တကျရှိရေး၊ တပ်မတော် အခြေခံပညာ ကျောင်းများအား ကျောင်းကျန်းမာရေး ဆောင်ရွက်ပေးရေး၊ စစ်မှုထမ်းဟောင်းများအား ဆေးဝါးကုသပေးရေး၊ အခါအားလျော်စွာ တပ်ဌာနချုပ်များတွင် ရေကောင်း၊ ရေသန့်ရရှိမှု စစ်ဆေးပေးရေး ကိစ္စရပ်များအားမှာကြား၍ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆေးရုံအတွက် အသင့်ဖျော် ရွှေဖီဦး လက်ဖက်ရည်ထုပ်များ ပေးအပ်ရာ ဆေးရုံတပ်မှူးက လက်ခံရယူသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးက စက်ရုံကုန်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြမှုပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်ရေးနှင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် စက်ရုံထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြေပြင်အတတ်သင် လေတပ်စခန်းသို့ရောက်ရှိကြပြီး လေယာဉ်ပြေးလမ်းတည်ဆောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**(မြဝတီ)**

---

◆ *ကျောဖုံးမှ*

မသန်စွမ်း ရေကူးအားကစားသမားများအသင်း၏ တွဲဖက်အုပ်ချုပ်သူနည်းပြ ဦးမြခိုင်က "ဧပြီလသင်္ကြန်ပြီးကတည်းက စပြီးစခန်းသွင်းလေ့ကျင့်ပေးနေတာပါ၊ဒီနှစ် စင်ကာပူနိုင်ငံမှာ ကျင်းပပြုလုပ်မယ့် တချို့ပွဲစဉ်တွေကိုလျှော့ထားတာ စာရင်းအရတွေ့ရပါတယ်။ မြန်မာနိုင်ငံက ရွှေတံဆိပ် ဆွတ်ခူးရရှိနိုင်ကြမယ့် ကစားသမားတွေက မနှစ်က အိမ်ရှင်နိုင်ငံမှာ နှစ်ပွဲကစားလို့ရကြပေမယ့် ဒီနှစ် စင်ကာပူနိုင်ငံက တစ်ပွဲပဲထည့်ထားတာတွေ့ရပါတယ်။ ဒါကြောင့် ရွှေနှစ်ခုဆွတ်ခူးနိုင်တဲ့ ကစားသမားကတစ်ပွဲပဲ ကစားရမှာမို့ ဆုတစ်ခုပဲရဖို့ရှိတော့တာပေါ့။ ဒါလည်း စင်ကာပူနိုင်ငံကပွဲစဉ်တွေကို လျှော့ထားလို့ပါ။ မနှစ်က ဆုရရှိခဲ့တဲ့ နိုင်စစ်အောင်လည်း ဒီနှစ်အတွက် ပွဲစဉ်နှစ်ပွဲအတွက် ပါဝင်လာပါတယ်၊ ဒီပွဲစဉ်နှစ်ပွဲစလုံးအတွက်ကိုလည်း သူရွှေတံဆိပ်ဆွတ်ခူးမယ်လို့ မျှော်မှန်းထားပါတယ်။ ကျွန်တော်တို့ ရေကူးအသင်းအနေနဲ့ ဒီဇူလိုင်လကုန်ရင် တရုတ်နိုင်ငံမှာသွားရောက်ပြီး တရုတ်နည်းပြဆရာများ၊ မြန်မာနည်းပြဆရာများနဲ့ အားကစားသမားများကို စခန်းသွင်းလေ့ကျင့်ဖို့ ရှိပါသေးတယ်။ အားကစားသမားတွေ စားသောက်နေထိုင်ရေးကလည်း အားကစားဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်က စီစဉ်ပေးထားပါတယ်။ လက်ရှိ ဒီလိုမသန်စွမ်းအားကစားသမားများအတွက် လေ့ကျင့်မှုအပိုင်းကို သီးသန့်ရေကူးကန်ဆောက်လုပ်ဆောင်ရွက်ပေးလိုက်ပြီဖြစ်တဲ့အတွက် သူတို့လေးတွေ အဆင်ပြေကြတာကြောင့် နိုင်ငံတော်အစိုးရနဲ့ အားကစားဝန်ကြီးဌာနအပါအဝင် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ကိုပါ အထူးကျေးဇူးတင်ရှိပါတယ်"ဟု ဆိုသည်။

စင်ကာပူနိုင်ငံတွင် ကျင်းပမည့် မသန်စွမ်း ရေကူးအားကစားပြိုင်ပွဲ ပွဲစဉ်များအတွင်း မီတာ ၁၀၀၊ မီတာ ၂၀၀ နှင့် မီတာ ၄၀၀ ပါဝင်ကြောင်း သိရပြီး မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ကစားကြမည့် မသန်စွမ်းရေကူးအားကစားသမားများမှာ မီတာ ၅၀ နှင့် မီတာ ၁၀၀ အား ကျွမ်းကျင်ပိုင်နိုင်ကြကြောင်း သိရသည်။

မသန်စွမ်း ရေကူးအားကစားပြိုင်ပွဲ ပွဲစဉ်များအတွင်း Free Style လိပ်ပြာကူး၊ ရင်ပေါင်တန်းနှင့် ပက်လက်ကူးတို့ဖြင့် ကစားနည်းလေးမျိုးအား စခန်းသွင်းလေ့ကျင့်နေကြကြောင်းသိရပြီး စင်ကာပူနိုင်ငံမှ ပေးပို့လာသည့် အခြားယှဉ်ပြိုင်ကူးခတ်ရမည့် ရေကူးအားကစားနည်းများပါ စခန်းသွင်းလေ့ကျင့်နေကြပြီလည်း ဖြစ်သည်။

မြန်မာနိုင်ငံမှ အိမ်ရှင်အသင်းအနေဖြင့် (၇)ကြိမ်မြောက် ကျင်းပပြုလုပ်ခဲ့သော မသန်စွမ်းရေကူးအားကစားအသင်းမှာ ယင်းနှစ်က ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ်ရှစ်ခု၊ ကြေးတံဆိပ် ၁၃ ခုတို့ဖြင့် စုစုပေါင်း ဆုတံဆိပ် ၃၃ ခု ဆွတ်ခူးရရှိခဲ့ပြီး ဒီဇင်ဘာလတွင် စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၈)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ အားရွှေတံဆိပ် ၁၅ ခု၊ ငွေတံဆိပ် ရှစ်ခုနှင့် ကြေးတံဆိပ်ရှစ်ခု ဆွတ်ခူးရရှိရန် မျှော်မှန်းထားကြောင်း ထပ်မံသိရသည်။

**စိုးဝင်း(SP)**

---

*စာမျက်နှာ ၁၀ မှ*

(၆. ၄ ) အက်မက်စ် အဖွဲ့ဝင်နိုင်ငံများ၌ ပညာရေးအဖွဲ့အစည်းများအကြား မိတ်ဖက်လုပ်ငန်းများနှင့် ကွန်ရက်များတည် ထောင်ခြင်းအား ဆက်လက်အားပေးသွားရန်၊

(၆. ၅ ) အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား တရားဝင်အသိအမှတ်ပြုထားသော စံနှုန်းများနှင့် တတ်ကျွမ်းမှု အသိအမှတ်ပြုစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားရန်၊

(၆. ၆ ) သင့်လျော်သည့် မူဝါဒများရေးဆွဲချမှတ်ရေးနှင့် အတွေ့အကြုံများ မျှဝေခြင်းမှတစ်ဆင့် ကျွမ်းကျင်သည့် လုပ်သားအင်အားများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပတ်ဝန်းကျင်တစ်ခုဖန်တီးသွားရန်နှင့်

(၆. ၇ ) သက်ဆိုင်ရာ လုပ်ဖော်ကိုင်ဖက်များနှင့် ဆက်စပ်ပတ်သက်မှုရှိသူများအကြား ပူးပေါင်းဆောင်ရွက်လျက် အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရေးနှင့် လုပ်သားစွမ်းဆောင်ရည် သင်တန်းများအား အားပေးထောက်ပံ့၍ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများ၏ အခန်းကဏ္ဍကို တိုးမြှင့်သွားရန်။

၇ ။ ပြည်သူ့ကျန်းမာရေးနှင့် လူမှုဖူလုံရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း သဘောတူညီခဲ့ကြပါသည်-

(၇. ၁ ) ပူးပေါင်းဆောင်ရွက်မှုများအား ခိုင်မာလာစေရန်နှင့် ကူးစက်ရောဂါစောင့်ကြည့်ခြင်း၊ တုံ့ပြန်ခြင်းနှင့်ပတ်သက်၍ သတင်းအချက်အလက်များ မျှဝေခြင်းကို ကူညီပံ့ပိုးပေးသွားရန်နှင့် အထူးသဖြင့် နယ်စပ်ဒေသများနှင့် လူသားများ-တိရစ္ဆာန်များ ထိတွေ့မှုရှိသည့် ပတ်ဝန်းကျင်တို့၌ ကူးစက်ရောဂါများဖြစ်ပွားမှုနှင့် ထပ်မံဖြစ်ပွားလာမှုများအား ဘက်စုံပူးပေါင်း တုံ့ပြန်သွားရန်နှင့် အကောင်း ဆုံးသောလုပ်နည်းလုပ်ဟန်များကို ဖြန့်ဝေပေးခြင်းဖြင့် ရောဂါများကို တားဆီးကာကွယ်ထိန်းချုပ်သွားရန်နှင့်

(၇. ၂ ) လူသားနှင့်တိရစ္ဆာန်များ ကျန်းမာရေးကဏ္ဍတွင် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များအား အားပေးမြှင့်တင်သွားရန်။

(၇. ၃ ) အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၌ ပြည်သူများ၏ လူမှုဘဝလုံခြုံမှု၊ ကျန်းမာရေး စောင့်ရှောက်ရေးဝန်ဆောင်မှုနှင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်အတွက် လူမှုဖူလုံရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အတွေ့အကြုံကောင်းများ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား မျှဝေခြင်းနှင့်ပူးပေါင်း ဆောင်ရွက်မှုများကို မြှင့်တင်သွားရန်၊

၈ ။ ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သဘောတူခဲ့ကြပါသည်-

(၈. ၁ ) အက်မက်စ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများတွင် လိုအပ်သည့် ပတ် ဝန်းကျင်ဆိုင်ရာ ရည်မှန်းချက်များကိုလည်း ဆက်စပ်စဉ်းစားထည့်သွင်းရေးအတွက် သန္နိဋ္ဌာန်ချထားမှုကို ထပ်လောင်းအတည်ပြုရန်၊

(၈. ၂ ) ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဧရာဝတီ၊ ကျောက်ဖယားနှင့် မဲခေါင်မြစ်များ၏ သဘာဝသယံဇာတများကို စဉ်ဆက်မပြတ် အသုံးပြုသွားနိုင်ရေးတို့အတွက် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်၊

(၈. ၃ ) ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိသော အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးသွားရန်နှင့် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များ ကိုင်တွယ်ဖြေရှင်းသွားရန်အတွက် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် သာမက အက်မက်စ်အဖွဲ့ဝင်မဟုတ်သော အခြားနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်သွားရန်၊

၉ ။ ငွေကြေးနှင့်အခြားအရင်းအနှီးများ စုဆောင်းရရှိရေးနှင့် စပ်လျဉ်း၍ မိမိတို့အကြား သဘောတူထားသည့်အက်မက်စ် စီမံကိန်းများ၌ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့များပါဝင်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့များအား အက်မက်စ်စီမံကိန်းများနှင့် အစီအစဉ်များတွင် ပိုမိုပါဝင်လာ စေရေးအတွက် အားပေးတိုက်တွန်းသွားရန် သဘောတူခဲ့ကြပါသည်။

၁၀။ မဲခေါင်ဒေသခွဲအတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို ရှေးရှုလျက် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များနှင့် အက်မက်စ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ ယန္တရားများကို အသေးစိတ်ပြန်လည်သုံးသပ်၍ အက်မက်စ် ပူးပေါင်းဆောင်ရွက်မှုအပိုင်းတွင် ပိုမိုထိရောက်အကျိုးရှိစေမည့် အကြံပြုချက်များကို (၇) ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးသို့ အစီရင်ခံတင်ပြ သွားရန် မိမိတို့မှဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများအား ညွှန်ကြားခဲ့ကြပါသည်။

၁၁။ သတ္တမအကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးကို ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားရန် ကမ်းလှမ်းလာမှုအပေါ် ကြိုဆိုလိုက်ပြီး ထိပ်သီးအစည်းအဝေးကျင်းပမည့်နေ့ရက်နှင့် နေရာကို သံတမန်လမ်းကြောင်းမှတစ်ဆင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၂။ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအား နွေးထွေးစွာဧည့်ဝတ်ကျေပွန်မှုနှင့် ထိပ်သီးအစည်းအဝေးအား အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် လိုလေသေးမရှိအောင် ပြင်ဆင်ထားမှုများအတွက် ကျေးဇူးဥပကာရတင်ရှိကြပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်၌ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် အတည်ပြုထုတ်ပြန်ခဲ့ပါသည်။**

# ထိုင်းဝန်ကြီးချုပ်၏ဇနီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်၏ဇနီးနှင့်အဖွဲ့ နေပြည်တော်သတ္တသတ္တာဟဌာနများ ဖူးမြော်ကြည်ညို၊ ထိုင်း-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် ကျောင်းဆောင်သစ်ပေးအပ်ပွဲတက်ရောက်

**နေပြည်တော် ဇွန် ၂၃**

ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ဇနီး မစ္စနာရာပွန်ချန်အိုချာ၊ အာဆီယံအတွင်းရေးမှူးချုပ်၏ဇနီး မစ္စ ငုရင်တန်ဟွန်တို့သည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၏ဇနီး၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီးနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၏ ဇနီးတို့နှင့်အတူ ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ဥတ္တရသီရိမြို့နယ်ရှိ သံဝေဇနိယ လေးဌာန၌ အပါအဝင်ဖြစ်သည့် ဘုရားလောင်းဖွားတော်မူရာ ဌာနသို့ရောက်ရှိ ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဓမ္မစကြာတရားဦးဟောရာဌာနနှင့် ပရိနိဗ္ဗာန်ပြုရာဌာနအထိမ်းအမှတ်နေရာများသို့ လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် မဟာဗောဓိစေတီတော်မြတ်ကြီးသို့ ရောက်ရှိဖူးမြော်ကြည်ညိုကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ဇနီးက အလှူငွေများပေးအပ်လှူဒါန်းကာ ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ဇနီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်၏ဇနီးတို့က ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း (သပြေလှ)ရှိ (၆၅)နှစ်မြောက် ထိုင်း-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် ကျောင်းဆောင်သစ် ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ဇနီးက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်၊ ဦးသန့်ရှင်း၊ တာဝန်ရှိသူများနှင့်အတူ အမှတ်တရသစ်ပင်များ စိုက်ပျိုးကြသည်။ ထို့နောက် အဆိုပါကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုပြီးထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ဇနီးနှင့် အလှူရှင်များက အလှူငွေများနှင့်ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**



## သွားဘက်ဆိုင်ရာ ဆေးပညာဖွံ့ဖြိုးတိုးတက်ရေး ဟောပြောပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၃**

အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာသုတေသနအဖွဲ့ မြန်မာနိုင်ငံအဖွဲ့ခွဲ (IADR Myanmar Section) အစီအစဉ်ဖြင့် သွားဘက်ဆိုင်ရာ ဆေးပညာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သွားဘက်ဆိုင်ရာ သုတေသန လုပ်ငန်းများတွင် အထောက်အကူပြုစေရေး ဟောပြောပွဲကို ဇွန် ၂၂ ရက်နံနက် ၁၀ နာရီက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် National University of Singapore မှ Dr. Chaminda Jayampath Seneviratneက Oral Biofilms; Research and Publications ခေါင်းစဉ်ဖြင့်ဟောပြောခဲ့ရာ ဆရာ၊ ဆရာမများနှင့် ဘွဲ့လွန်သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ဇွန် ၂၃ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

**၂၀၁၅ ခုနှစ်၊ ဇွန်(၂၃)ရက်၊ အင်္ဂါနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ**

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၅၀၀၀ |
| ၂ | ဇီရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၁၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၃၀၀ မှ ၁၈၅၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၂၈၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၂၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၂၈၀၀၀ |
| ၈ | နှမ်းနက် | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၈၀၀၀ မှ ၁၃၀၀၀၀ |
| ၉ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၃၀၀၀ မှ ၈၅၀၀၀ |
| ၁၀ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၀၀၀၀ မှ ၁၀၂၀၀၀ |
| ၁၁ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မုံရွာ၊ ပျော်ဘွယ်၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၁၅ မှ ၆၀၀ |
| ၁၂ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၀၅၀ |
| ၁၃ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၅၅၀ |
| ၁၄ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၈၁၀ |
| ၁၅ | ကျွဲကောသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀ မှ ၁၅၀၀ |
| ၁၆ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀၀ မှ ၁၅၀၀၀ |
| ၁၇ | သရက်သီး (စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀၀ မှ ၁၅၀၀၀ |
| ၁၈ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၇၀၀၀ မှ ၁၃၀၀၀ |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။**

## စာအုပ်စင်ကလျာ



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းများ နှိုင်းယှဉ်ဇယားစာအုပ် (၂၃-၆-၂၀၁၅)




**"ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းများနှိုင်းယှဉ်ဇယား"** စာအုပ်အား ရောင်းဈေးငွေကျပ် ၈၀၀ ဖြင့် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့တို့ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြသည်။

အဆိုပါစာအုပ်ကို အမှတ်၊ ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း-၀၆၇-၄၁၄၆၈၁)၊ ၈၆လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေ ဗိမာန်စာအုပ်ဆိုင် (ဖုန်း- ၀၂-၃၀၁၈၆) သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ဝယ်ယူလိုပါက ပြန်ကြားရေးဝန်ကြီးဌာနနှင့်ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**




# မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးအသင်း ဖွဲ့စည်းခြင်းဖြင့် အစိုးရချင်းသာမက ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုမြှင့်တင်နိုင်

**တွေ့ဆုံမေးမြန်း**

**ကျော်ထိုက်စိုး၊ တင်လင်းအောင်**

**ဓာတ်ပုံ – အောင်ကျော်ကျော်**

စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများအကြား စုစုပေါင်းကုန်သွယ်မှုသည် ၂၀၁၃ ခုနှစ်က အာဆီယံစုစုပေါင်းကုန်သွယ်မှု၏ ၁၂ ဒသမ ၄ ရာခိုင်နှုန်းရှိရာမှ ၂၀၁၄ ခုနှစ်တွင် ၁၄ ဒသမ ၁ ရာခိုင်နှုန်းထိ ရောက်ရှိလာခဲ့သည်။ တစ်ဟုန်ထိုး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခဲ့သည့် အဆိုပါနိုင်ငံများအကြား ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် အခြားနယ်ပယ်ကဏ္ဍများကို ယခုထက်ပိုမိုတိုးတက်ရန် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံမှာ လာမည့်ခုနစ်ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။ မြန်မာနှင့် ဗီယက်နမ်နိုင်ငံကြား အနာဂတ်ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာများနှင့်ပတ်သက်၍ ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဗူကွမ်မင်းအား **(ယာပုံ)** သတင်းအဖွဲ့က သိလိုသည်များကို တွေ့ဆုံမေးမြန်းခဲ့သည်။

မြန်မာ-ဗီယက်နမ်ချစ်ကြည်ရေးအသင်း ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ဗူကွမ်မင်းက "ဒီအသင်းဖြစ်ပေါ်လာလာတာ ကျွန်တော်တို့အနေနဲ့ အလွန်ဝမ်းမြောက်လျက်ရှိပါတယ်။ မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးအသင်း ဖွဲ့စည်းခြင်းအားဖြင့် နှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနဲ့ ဆက်ဆံရေးတိုးတက်စေဖို့ အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။ နှစ်နိုင်ငံအစိုးရချင်းဆက်ဆံမှုအပြင် ပြည်သူများကြား ဆက်ဆံရေးကိုလည်း ပိုမိုတိုးတက်ဖြစ်ထွန်းဖို့လိုအပ်တယ်လို့ ကျွန်တော်ထင်ပါတယ်။ မြန်မာနဲ့ ဗီယက်နမ် နှစ်နိုင်ငံခေါင်းဆောင်တွေကလည်း ဒီအသင်း အမှန်တကယ်ဖြစ်ပေါ်လာမှုကို ဝမ်းသာအားရနဲ့ ကြိုဆိုခဲ့ကြပါတယ်။ နှစ်နိုင်ငံပြည်သူတွေ အချင်းချင်းလည်း အတွေ့အကြုံဗဟုသုတတွေ



တွေဖလှယ်နိုင်မှာဖြစ်ပါတယ်။ လူမှုရေးဆောင်ရွက်ချက်တွေအပြင် အခြားနယ်ပယ်တွေမှာလည်း ပူးပေါင်းဆောင်ရွက်နိုင်မှာဖြစ်ပါတယ်" ဟု သူ၏အမြင်ကို ပြောပြခဲ့သည်။

ထို့အပြင် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံကြားကုန်သွယ်မှုကို အမေရိကန်ဒေါ်လာ သန်း ၅၀၀ ထိ တိုးမြှင့်နိုင်ရန် မျှော်မှန်းထားမှုနှင့် ပတ်သက်၍ "နှစ်နိုင်ငံခေါင်းဆောင်တွေ သဘောတူညီထားတဲ့ နိုင်ငံရေးဆိုင်ရာ ကတိကဝတ်များနဲ့အညီ ဒီရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်ဖို့ ကျွန်တော်တို့ ကြိုးစားသွားမှာဖြစ်ပါတယ်။ နှစ်နိုင်ငံကုန်သွယ်မှုပမာဏကိုလည်း မျှော်မှန်းထားတာထက် တိုးမြှင့်သွားဖို့ သန္နိဋ္ဌာန်ချထားပါတယ်။ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးမှာ ကျွန်တော်တို့ ဗီယက်နမ်နိုင်ငံအနေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ မျှော်လင့်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မကြာသေးမီ နှစ်များအတွင်း တစ်ဟုန်ထိုးစီးပွားရေးဖွံ့ဖြိုးတိုးတက်လာခဲ့သော အာရှ၏နောက်ဆုံးနယ်ပယ်သစ်ဟု ညွှန်းဆိုထားသည့် မြန်မာဈေးကွက်အတွင်း ဗီယက်နမ်ကုမ္ပဏီများ ထိုးဖောက်ဝင်ရောက်လာမှုအပေါ် "မြန်မာနိုင်ငံမှာ ဗီယက်နမ်ကုမ္ပဏီတွေအတွက် စီးပွားရေးအခွင့်အလမ်းတွေ အများကြီးရှိပါတယ်။ နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပိုမိုတိုးမြှင့်သွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်လည်ပတ်နေတဲ့ ဗီယက်နမ်ကုမ္ပဏီတွေ အများကြီးရှိနေပြီးသားပဲ။ ဒီနေ့ ကျွန်တော်တို့ ဝန်ကြီးချုပ်နဲ့ မြန်မာခေါင်းဆောင်က ဘက်ပေါင်းစုံ သဘောတူညီချက်အချို့ကို ရန်ကုန်မြို့ရှိ စီးပွားရေးဗဟိုဌာနမှာ လက်မှတ်ရေးထိုးမှာဖြစ်ပါတယ်။ ဒီသဘောတူညီချက်တွေက နှစ်ဖက်စလုံးအတွက် အပြန်အလှန်အကျိုးကျေးဇူး ဖြစ်ထွန်းမယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ ဗီယက်နမ်ကုမ္ပဏီတွေအနေနဲ့လည်း အကျိုးအမြတ်တွေရရှိမယ်လို့ ယုံကြည်ပါတယ်" ဟု ဖြည့်စွက်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံရှိ မည်သည့်နယ်ပယ်ကဏ္ဍများတွင် ဗီယက်နမ်ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့မည့်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းရာတွင် "ရှိရင်းစွဲ ဗီယက်နမ်ကုမ္ပဏီတွေကလည်း မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးချဲ့လုပ်ဆောင်မှာဖြစ်သလို နောက်ထပ်ဗီယက်နမ်ကုမ္ပဏီသစ်တွေအနေနဲ့လည်း မြန်မာဈေးကွက်ကို ဝင်ရောက်ပြီး အခွင့်အလမ်းသစ်တွေ ရှာဖွေသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အနာဂတ်စီးပွားရေးအခွင့်အလမ်းတွေက အများကြီးရှိနေပါတယ်။ ဗီယက်နမ်ကုမ္ပဏီတွေ မြန်မာနိုင်ငံကိုလာရောက်ပြီး စီးပွားရေးလုပ်ငန်းတွေ အဆင်ပြေချောမွေ့စွာနဲ့ လုပ်ကိုင်နိုင်ဖို့ ဗီယက်နမ်အစိုးရကလည်း အစွမ်းကုန်အကူအညီပေးသွားမှာဖြစ်ပါတယ်။ မြန်မာကုမ္ပဏီတွေကိုလည်း ဗီယက်နမ်နိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောကြားသည်။

# နိုင်ငံတကာသတင်းမီဒီယာဥပဒေနှင့် စံသတ်မှတ်ချက်များဆိုင်ရာ သင်တန်းဖွင့်

**နေပြည်တော် ဇွန် ၂၃**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဂျာမနီနိုင်ငံ(Friedrich Ehert Stiftung-FES)အဖွဲ့အစည်းတို့ပူးပေါင်း၍ နိုင်ငံတကာသတင်းမီဒီယာဥပဒေနှင့် စံသတ်မှတ်ချက်များဆိုင်ရာသင်တန်း (International Media Law and Standards) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင်ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေက သင်တန်းနှင့်ပတ်သက်သည့် လိုအပ်သည်များကို မှာကြားပြီး ဂျာမနီနိုင်ငံ(FES)အဖွဲ့အစည်း၏ဌာနေကိုယ်စားလှယ် Mr. Konstantin Barwaldt နှင့် သင်တန်းပို့ချမည့် မီဒီယာဥပဒေအကြံပေးပါမောက္ခ Mr.Venkat Iyer တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အဆိုပါသင်တန်းကိုပြန်ကြားရေးဝန်ကြီးဌာန၏ မီဒီယာဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နေသူများအတွက် သတင်းမီဒီယာဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ဗဟုသုတများရှိစေရန်နှင့်ဥပဒေနှင့် စပ်လျဉ်းသည့် ဖြေရှင်းဆောင်ရွက်ရမည့်လုပ်ငန်းများသိရှိနားလည်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါသင်တန်းတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အခြေခံသဘောတရားများ၊ အသရေဖျက်မှုဆိုင်ရာဥပဒေရေးရာများ၊ ထိခိုက်လွယ်သောကိစ္စရပ်များတွင် သတင်းရယူဖော်ပြခြင်း၊ မူပိုင်ခွင့်၊ အမျိုးသားလုံခြုံရေးနှင့် အများနှင့်သက်ဆိုင်သော ညွှန်ကြားချက်များ၊ ဖော်ပြရန်မသင့်သော ညစ်ညမ်းစာပေများ၊ အမျိုးသားလုံခြုံရေးနှင့် သတင်းရယူပိုင်ခွင့်များ၊ ရွေးကောက်ပွဲသတင်းရယူခြင်း၊ သတင်းမီဒီယာများအတွက် မိမိကိုယ်ကိုယ်ကြပ်မတ်ခြင်းစသည့် ခေါင်းစဉ်များနှင့်စပ်လျဉ်း၍ နိုင်ငံတကာစံသတ်မှတ်ချက်များနှင့် ဥပဒေရေးရာလုပ်ထုံးလုပ်နည်းများကို ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် နိုင်ငံတကာမီဒီယာဥပဒေအကြံပေးပါမောက္ခ Mr.Venkat Iyer က ဆွေးနွေးပို့ချမည်ဖြစ်ကာ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေရေးရာဝန်ထမ်းများ၊ ပြန်ကြားရေးဝန်ကြီးဌာနရှိ ဌာနခွဲအသီးသီးမှ သတင်းမီဒီယာဆိုင်ရာ ဝန်ထမ်းများပါဝင်သော စုစုပေါင်းသင်တန်းသား ၄၀ ဖြင့် ဇွန် ၂၄ ရက်အထိ နှစ်ရက်တာပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျာမနီနိုင်ငံ(FES)အဖွဲ့အစည်းသည် ၂၀၀၈ ခုနှစ်ကတည်းက ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးပေါင်းကာ သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့်အဖွဲ့အစည်းတစ်ခုဖြစ်သည်။

**(သတင်းစဉ်)**

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို သွားရောက်ကြည့်ရှုထောက်ပံ့

**နေပြည်တော် ဇွန် ၂၃**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် "မြန်မာအမျိုးသမီးများနေ့"ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် အခြားမွေးရာပါ ချို့ယွင်းလူနာများကို နေပြည်တော်ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး၌ ဇွန် ၂၂ ရက်မှ ၂၆ ရက်အထိ ခွဲစိတ်ကုသလျက်ရှိသည်။ ထိုသို့ကုသရာတွင် ကျန်းမာရေးဝန်ကြီးဌာန နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံကြီးမှ ဆရာဝန်များ၊ Smile Operation (Japan) နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပြီး ဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ဇွန် ၂၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် အခြားမွေးရာပါ ချို့ယွင်းသောလူနာ ၄၄ ဦးအတွက် ကုသရန်နှင့် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးအတွက် လိုအပ်သည်များ စီမံနိုင်ရန်လှူဒါန်းငွေကျပ် ၁၈၂၀၀၀၀ ပေးအပ်ရာ ၎င်းဆေးရုံကြီးမှ အကြံပေး ဒေါက်တာဖြူဖြူနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ သန်းသန်းမြင့်တို့က လက်ခံယူခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ခွဲစိတ်မည့်လူနာများအား လှည့်လည်ကြည့်ရှုပြီး အာဟာရဖြစ်စေမည့်အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကြော်ငြာလုပ်ငန်းလုပ်ကိုင်နိုင်ရေး လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့အတွင်းရှိ အောက်ဖော်ပြပါ တံတားများ၏တိုင်များတွင် ကြော်ငြာလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်-

(က) ရွှေဂုံတိုင်တံတား ၄၇၀၀.၂၂ စ/ပေ
(ခ) မြေနီကုန်းတံတား ၇၆၃၈.၀၂ စ/ပေ
(ဂ) ဘုရင့်နောင်တံတား ၁၂၇၄၂.၀၀ စ/ပေ

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ (၁၅-၇-၂၀၁၅)ရက်နေ့ (၁၆း၀၀)နာရီ ဖြစ်ပြီး စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာပုံစံများကို မြို့တော်ခန်းမ(ပထမထပ်) စီမံရေးရာဌာန၊ ကြော်ငြာဌာနစိတ်တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း ၀၁-၂၅၁၄၃၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဌာနမှူး
စီမံရေးရာဌာန

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုအောင်ဇော်ဦး CDC-37564 ၏ BST လက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၈၃၅၉၃၁၃

## တိုက်ခန်းကျယ်ရောင်းမည်

ရန်ကင်းမြို့နယ်၊ MBR 1, BR 2၊ အဆင့်မြင့်ပြင်ဆင်ပြီး (1200 sqft)

Ph : 09-5044926

## ပျောက်ဆုံးကြောင်း

Medlite Trading Co.,Ltd. ၏ သွင်းကုန်လိုင်စင်အမှတ် IL1 14-15 6008 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၂၅၀၆၀၇

## လက်ထပ်ပြီးစီးခြင်းနှင့်မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ
ဒေါက်တာအုန်းကျော် [M.B.,B.S, DP & TM; MPH (USA) (SEARO-Retired)]-ဒေါ်လှလှဝင်းတို့၏
တစ်ဦးတည်းသောသား

**မောင်သန့်စင်**

**B.E (Chemical) Monash University, Melbourne, Australia Project Engineer**
**(Industrial Services Pte Ltd., Singapore)**

**နှင့်**

ဝဏ္ဏကျော်ထင် (ဦးကျော်တင်) ဒုတိယဝန်ကြီး-(ငြိမ်း)နှင့် ဒေါ်စုစုတို့၏ မြေးဦး၊
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာနေ
ဦးမောင်မောင်ဦး-ဒေါ်ယဉ်ယဉ်မွန်( SAT ငြိမ်း၊ TTC) တို့၏သမီးဦး

**မခင်မြတ်နိုးဦး**

**B.A (English), B.Sc (Hons:) Finance**
**M.Sc (Finance) University College Dublin, Ireland**

တို့သည် ၂၃-၆-၂၀၁၅ ရက် (အင်္ဂါနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဒု-တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်ခင်မြတ်သူ၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်းနှင့် ၂၃-၆-၂၀၁၅ ရက်တွင် Sedona Hotel, Grand Ballroom ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော သီရိပျံချီ ဗိုလ်ချုပ်ကြည်အောင် (အငြိမ်းစားဝန်ကြီး)(ဣန္ဒာဆွေ)နှင့် ဒေါ်ခင်ခင်လေး(မန်းခင်ခင်)၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဦးကျော်စန်ဝင်း (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း) ဆည်မြောင်းဦးစီးဌာနနှင့် ဒေါ်ခင်မြသိန်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦးအားလည်းကောင်း၊ Cupid Music Band တေးဂီတအဖွဲ့အားလည်းကောင်း၊ Pre Wedding Photo ရိုက်ကူး ပေးပါသော Yes I Do Photo Studio အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ White Link(Singapore)၊ မိတ်ကပ်နှင့်ဆံပင် အလှဖန်တီးပေးပါသော မထက် (Pop-Soul) နှင့် အဖွဲ့အားလည်းကောင်း၊ ပန်းအလှဆင်မြန်းပေးပါသော မစန်းစန်းဦးနှင့်အဖွဲ့၊ မှတ်တမ်းဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးပါသော Cute Cupid အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကြဲဖြန့်ပေးပါသော မမေမြတ်ချယ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မအိသီရိသက်ဝေဦးအားလည်းကောင်း၊ မင်္ဂလာသတို့သားအရံ မောင်ထက်အောင်နှင့် မောင်မိုးမင်းဇော်၊ မင်္ဂလာသတို့သမီးအရံ မရည်မွန်ကျော်နှင့် မခိုင်ဝတ်ရည်ဦးတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Sedona Hotel မှ Manager နှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော နှစ်ဖက်ဆွေမျိုးများ၊ မိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် မောင်သန့်စင်-မခင်မြတ်နိုးဦး**

# ရဲအယောင်ဆောင်ပြီး ပစ္စည်းလုယက်သူ လေးဦးအနက် နှစ်ဦးဖမ်းဆီးရမိ

**မန္တလေး ဇွန် ၂၃**

နိုင်လင်းအောင်(၂၄နှစ်) တံခွန်တိုင်အဝိုင်းအနီး၊ ပြည်ကြီးတံခွန်မြို့နယ်နေသူနှင့် သူငယ်ချင်းများဖြစ်သည့် ဇေယျာလင်း၊ ဖိုးသား၊ စိုးလင်းတို့သည် လော်ဂျား-၁၁၀ ဆိုင်ကယ်တစ်စီးဖြင့် လျှောက်လည်ခဲ့ပြီး ဇွန် ၂၂ ရက် ညဘက်သန်းခေါင်ကျော်ခန့်တွင် အောင်မြေသာစံမြို့နယ် (၆၆ လမ်း၊ ၁၄×၁၅ လမ်းကြား)၊ အလုပ်သမား ဆေးရုံရှေ့ ကျုံးဘေးပလက်ဖောင်းပေါ်တွင်ထိုင်၍ စကားပြောနေစဉ် နက်ပြာရောင် ဝတ်ဆင်ထားသူ တစ်ဦး အပါအဝင် လူလေးဦး ဆိုင်ကယ် တစ်စီးဖြင့် ရောက်ရှိလာကာ ၎င်းတို့က "ငါတို့က ရဲတွေ၊ မင်းတို့ လေးဖက်ထောက်"ဟုပြော၍ လေးဖက်ထောက်ပေးခဲ့ရာ ၎င်းတို့က ဝမ်းဗိုက်တို့ကို ခြေထောက်နှင့်ကန်ကြောက်ကာ နိုင်လင်းအောင်တို့တွင် ပါသောငွေကျပ် ၁၀၀၀၀ ကျော်နှင့် OPPO-R 829 အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်းကိုလုယူခဲ့ပြီးနောက် ဝတ်ဆင်ထားသော ဘောင်းဘီခါးပတ်တို့ကို ချွတ်ခိုင်းနေစဉ် လုယက်ထားသော လက်ကိုင်ဖုန်းအား နက်ပြာရောင် ဝတ်ဆင်ထားသူထံမှ ပြန်လည်လုယူကာ ထွက်ပြေးခဲ့ကြပြီး ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းခံခဲ့သည်။



ထိုသို့ အကူအညီတောင်းခံစဉ် နိုင်လင်းအောင်တို့ စီးနင်းလာသော ဆိုင်ကယ်အား နက်ပြာရောင်ဝတ်ဆင်ထားသည့် အမျိုးသားက ဆော့ကတ်ဖြုတ်၍ ယူဆောင် မောင်းနှင်ထွက်ပြေးမည်ပြုရာ လှည့်ကင်းလှည့်လည်နေသော ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ဝိုင်းဝန်းဖမ်းဆီးခဲ့သဖြင့် လူလေးဦးအနက် နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

ရဲအယောင်ဆောင် ဝတ်ဆင်ထားသောသူနှင့် ကျန်တစ်ဦးမှာ ထွက်ပြေးသွားကြောင်းနှင့် ဖမ်းဆီးရမိသူနှစ်ဦးမှာ ဂေါ်ဝိန်ဆိပ်ကမ်း၊ စိန်ပန်းရပ်ကွက် မဟာအောင်မြေမြို့နယ်နေသူ ဖြိုးဝေလွင် (၂၄နှစ်)နှင့် မြို့ပတ်လမ်း အောင်ချမ်းသာရပ် ပုသိမ်ကြီးမြို့နယ်နေသူ စိုးဝေလွင်(၂၀နှစ်)တို့ဖြစ်ပြီး ၎င်းတို့ကို ဇွန် ၂၂ ရက် နံနက် ၃ နာရီ မိနစ် ၅၀ က အောင်မြေသာစံမြို့နယ် အမှတ်(၁) နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း၊ ထွက်ပြေးနေသူနှစ်ဦးကို အမြန်ဆုံးဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရမိသူနှစ်ဦးကို ဆက်လက်စစ်ဆေးကာ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# ဒလ တံတားချောင်းတွင် အမျိုးသားနှစ်ဦး ဓာတ်လိုက်သေဆုံး

**ဒလ ဇွန် ၂၃**

ဒလမြို့နယ် တံတားချောင်းရွာမကျေးရွာတွင် ဇွန် ၂၁ ရက် ည ၉ နာရီခန့်က အမျိုးသားနှစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

"တစ်ဦးက ဓာတ်လိုက်နေတာကို အတူလိုက်ပါလာသူ နောက်တစ်ဦးက ဝင်ဆွဲကယ်လို့ နှစ်ဦးစလုံး ဓာတ်လိုက်သေဆုံးခဲ့ရတယ်"ဟု အသက် ၇၀ ကျော် အဘိုးတစ်ဦးက ပြောခဲ့သည်။

ဓာတ်လိုက် သေဆုံးသူတို့မှာ လှမင်းအောင် (၂၇နှစ်) ဆန်းကြီးကုန်းရွာ၊ မောင်းတီးအုပ်စု လပ္ပတ္တာမြို့နယ်နေသူနှင့် ကျော်ကြီး (ခ) ဇော်မင်းသိန်း (၂၉ နှစ်) မင်းကွက်(၃) ရပ်ကွက် ပိတောက်ကုန်း (၄)လမ်း ပေါင်းတည်မြို့နယ် နေသူတို့ဖြစ်ကြောင်း၊ ဦးကျော်နိုင်ထွန်း (ပုဂ္ဂလိက အချိန်ပိုင်း လျှပ်စစ်မီးပေးလုပ်ကိုင်သူ) ၏ ကျေးရွာအတွင်း အမြင့် ၇ ပေ ခန့်အကွာတွင် သွယ်တန်းထားသော ဝိုင်ယာကြိုးမှာ မိုးရွာလေတိုက်၍ ရွာအရှေ့ပိုင်း ဦးစိန်ပွင့်အိမ်အနီး လူသွားလမ်းဘေး၌ လျော့ကျနေသော ဝိုင်ယာကြိုးကိုလက်ဖြင့် ထိမိပြီး ဓာတ်လိုက်သေဆုံးခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရခြင်းဖြစ်သည်။ **သန်းဌေး(ဒလ)**



# လူသတ်မှုမှ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် ဇွန် ၂၃**

ဇွန် ၄ ရက် နံနက် ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လှော်ကား နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရွှေပြည်သာမြို့နယ် သာစုကန်စက်မှုဇုန်အပိုင်း(၁) ပတ္တမြားလမ်း ခရေပင်တန်းအနီး၌ အမျိုးသားတစ်ဦး လဲကျနေကြောင်း သတင်းအရ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ အဆိုပါနေရာ၌ အသက် ၂၅ နှစ်ခန့်ရှိ အမျိုးသားတစ်ဦးအား ဝဲရင်အုံ၊ ရင်ညွန့်နှင့် ဝမ်းဗိုက်တို့တွင် ထိုးသွင်းဒဏ်ရာများ၊ ဝဲလက်ဖဝါး၊ လက်မ၊ ယာလက်မောင်းတို့တွင်ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် လှော်ကားနယ်မြေရဲစခန်းက ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

သေဆုံးသူ အမျိုးသားနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့က လူမှုကွန်ရက်စာမျက်နှာနှင့် ဂျာနယ်များတွင်လည်း သေဆုံးသူအား သိရှိပါက သတင်းပေးကူညီနိုင်ပါရန် ထည့်သွင်းဖော်ပြခဲ့ရာ ဇွန် ၈ ရက်တွင် သေဆုံးသူ၏မိခင်ဖြစ်သူက ဖတ်ရှုသိရှိရသဖြင့် သေဆုံးသူမှာ ၎င်း၏သား မောင်ဝေယံထက်မြင့် (၂၀)နှစ် ရွှေပြည်သာမြို့နယ်နေသူဖြစ်ကြောင်း၊ ဆိုင်ကယ်ကယ်ရီ အလုပ်လုပ်ကိုင်ကြောင်းကိုလှော်ကားနယ်မြေရဲစခန်းသို့ အကြောင်းကြားခဲ့သည်။

သေဆုံးသူမှာ မောင်ဝေယံထက်မြင့် ဖြစ်ကြောင်းသိရှိပြီးနောက် ရဲတပ်ဖွဲ့က ဆက်စပ်စုံစမ်းဆောင်ရွက်ခဲ့ရာ ၎င်းနှင့်ပေါင်းသင်းသွားလာတတ်သူ ရွှေပြည်သာမြို့နယ်နေ ခန့်လင်းဇော်၊ မောင်ကြီး(ခ) မောင်မောင်(ခ) သက်မောင်မောင်တို့ နှစ်ဦးအား မသင်္ကာဖွယ်သိရှိရပြီး ၎င်းတို့သည် ကရင်ပြည်နယ် မြဝတီမြို့သို့ ထွက်ပြေး တိမ်းရှောင်နေကြောင်း၊ ခန့်လင်းဇော်က ဖခင်ဖြစ်သူအား မြဝတီမြို့ရှိ ပုဂ္ဂလိကဘဏ်သို့ငွေ ပို့ပေးရန် ဖုန်းဆက်သွယ်ပြောဆိုခဲ့ကြောင်း သိရှိရသဖြင့် မြဝတီမြို့မရဲစခန်းသို့ချိတ်ဆက် သတင်းပို့၍ ဖမ်းဆီးစေခဲ့ရာ ဇွန် ၁၇ ရက် မွန်းလွဲပိုင်းက ဘဏ်တွင် ငွေလာထုတ်သူ ၎င်းတို့နှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသည့် မသင်္ကာသူ ခန့်လင်းဇော် (၂၂ နှစ်)နှင့် သက်မောင်မောင် (၁၉ နှစ်)တို့အား သွားရောက်လွှဲပြောင်းရယူ ခေါ်ဆောင်ခဲ့ပြီး စစ်ဆေးရာ ၎င်းတို့ နှစ်ဦးသည် သေဆုံးသူ မောင်ဝေယံထက်မြင့်နှင့် ခင်မင်ရင်းနှီးကြောင်း၊ ဇွန် ၃ ရက် ညနေ ၅ နာရီခန့်တွင် သေဆုံးသူ၏ ဆိုင်ကယ်နှင့် သုံးဦးအတူ ရွှေပြည်သာမြို့နယ်ဘုရင့်နောင်လမ်းရှိ စားသောက်ဆိုင်သို့သွားကာ သေဆုံးသူက အရက်သောက်ခဲ့ကြောင်း၊ ယင်းနောက် ည ၁၀ နာရီခန့်တွင် စကားများရန်ဖြစ်ကြပြီး ဓားဖြင့်ထိုးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့ဖြစ်ပွားပြီးနောက် သေဆုံးသူ၏ ဆိုင်ကယ်နှင့် လက်ကိုင်ဖုန်းတို့ကို ယူဆောင်သွားခဲ့ကြောင်း စစ်ဆေးသိရှိရသည်။ ခန့်လင်းဇော်နှင့် သက်မောင်မောင်တို့နှစ်ဦး ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို ပြန်လည်သိမ်းဆည်းခဲ့ပြီး ဆက်လက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(တိုင်းဒေသကြီး ရဲတပ်ဖွဲ့)**

# ရေချိုးသွားရာမှ ရေနစ်သေဆုံး

**ရွှေကူ ဇွန် ၂၃**

ရွှေကူမြို့နယ် အမှတ်(၃)ရပ်ကွက်နေ ဦးငွေခဲသည် ဇွန် ၁၃ ရက် ညနေ ၃ နာရီက ဒေါ်ပြာဒီးရေဆိပ်၌ ရေဆင်းချိုးရာ မြစ်ရေတိုးနေချိန် ရေစီးကြောင်း၌ မျောပါနစ်မြုပ်သွားခဲ့ကြောင်း သိရသည်။ မိသားစုများ သိသိချင်း စက်လှေများဖြင့် လိုက်ရှာသော်လည်း ဦးငွေခဲ၏ အလောင်းကို ရှာမတွေ့တော့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရုတ်တရက်မိုးများသည်းထန်စွာ ရွာသွန်းခြင်းများကြောင့် တောင်ကျချောင်းများ တစ်ဟုန်ထိုး စီးဆင်းပြီး မြစ်ရေများ တိုးလာသဖြင့် ရေချိုးနေသူအားတွန်းချလိုက်သလိုဖြစ်ပြီး ရေစီးကြောင်းအတွင်း မျောပါသွားခြင်းဖြစ်ကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**


## ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့
## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ချောင်းကူး/မြစ်ကူးတံတားများ တည်ဆောက်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအားဖိတ်ခေါ်အပ်ပါသည်-

(က) သန်လျင်မြို့နယ်၊ သူဌေးကွင်း-ပုဂံတောင်-ဖားကူး-မောင်းမလမ်း မိုင် (၁/၇-၂/၀)အတွင်းရှိ တံတားအမှတ်(၁/၂)ဘော့ချောင်းမူလသစ်သားတံတားကို (၁၂၀'×၃၁') RC ဘိုးပိုင် အုတ်မြစ်ဖြင့် သံကူကွန်ကရစ်တံတား အဆင့်မြှင့်တည်ဆောက်ခြင်း။

(ခ) သန်လျင်မြို့နယ်၊ သူဌေးကွင်း-ပုဂံတောင်-ဖားကူး-မောင်းမလမ်း မိုင် (၆/၅-၆/၆)အတွင်းရှိ တံတားအမှတ်(၂/၇)မင်္ဂလွန်းရွာအဝင် မူလသစ်သားတံတားအား (၁၀၄'×၃၁')RC ဘိုးပိုင်အုတ်မြစ်ဖြင့် သံကူကွန်ကရစ်တံတား အဆင့်မြှင့်တည်ဆောက်ခြင်း။

(ဂ) ခရမ်းမြို့နယ်၊ ခရမ်း-ရေကျော်-အောင်သာဒါန်းလမ်းမိုင်(၅/၃-၅/၄)ရှိ ဘုရားပျိုတံတား မူလသစ်သားတံတားအား (၁၆၀'×၃၁') သံကူကွန်ကရစ်တံတား အဆင့်မြှင့်တည်ဆောက်ခြင်း။

(ဃ) ကွမ်းခြံကုန်းမြို့နယ်၊ ကွမ်းခြံကုန်း-တော်ခရမ်းအနောက်-ဘို့ဒင်လမ်း မိုင် (၂/၄-၂/၅)ကြားရှိ (၁/၃)တော်ခရမ်း တံတား(၇၀')အရှည် နှစ်လွှာနှစ်ထပ် ဘေလီသစ်သားတံတားအား (၇၀'×၃၁') ဘိုးပိုင်အုတ်မြစ်ဖြင့် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း။

(င) တိုက်ကြီးမြို့နယ်၊ တိုက်ကြီး ဥတို-ချောင်းသုံးခွ-အဖျောက်လမ်း မိုင် (၅/၂-၅/၄)ရှိ အရှည်(၇၈၀')ရှိသော တံတားအမှတ်(၁/၆)လှိုင်မြစ်ကူးတံတား(ရွာသာ)အား လက်ရှိဘေလီတံတားမှ (၇၈၀'×၃၁')သံကူကွန်ကရစ်တံတားအဖြစ် တိုးမြှင့်တည်ဆောက်ခြင်း။

၂။ အထက်ပါတံတားများ တည်ဆောက်ရာတွင် ယာယီလမ်းလွှဲလုပ်ငန်းနှင့် ချဉ်းကပ်လမ်းလုပ်ငန်းများပါ ဆောင်ရွက်ရပါမည်။ တံတားတစ်စင်း၏ခံနိုင်ဝန်ကို (၇၅)တန် သတ်မှတ်ပါသည်။

၃။ တံတားများဆောက်လုပ်ရေးနှင့်စပ်လျဉ်း၍ နည်းပညာ၊ စံချိန်စံညွှန်းအဆိုပြုလွှာ၊ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal) (၃)စုံတို့အား သီးခြားစီချိပ်ပိတ်လျက် ၂၄-၇-၂၀၁၅ ရက်(သောကြာနေ့) ၁၆:၃၀နာရီနောက်ဆုံးထားပြီး အမှတ် ၃၉၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊လမ်းဦးစီးဌာန၊ညွှန်ကြားရေးမှူး(မြို့ပြ) ရုံးရှိတင်ဒါပုံးများအတွင်းသို့ တာဝန်ရှိသူကိုယ်တိုင်မှတ်ပုံတင်စာရင်းရေးသွင်း၍ တင်သွင်းရမည်။

၄။ သတ်မှတ်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ၃-၇-၂၀၁၅ရက် နောက်ဆုံးထားပြီး(ရုံးချိန်အတွင်း) အမှတ် ၃၉၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါအဆိုပြုလွှာများအား အများရှေ့မှောက်၌ ဖွင့်လှစ်မှတ်တမ်းတင်၍ သတ်မှတ်ထားသော နည်းပညာ၊စံချိန်စံညွှန်း၊ဈေးနှုန်းတို့နှင့် ကိုက်ညီသည့်ကုမ္ပဏီကို ကျွမ်းကျင်ပညာရှင်အဖွဲ့ဖြင့် စိစစ်ရွေးချယ်ပါမည်။

၆။ တင်ဒါဖွင့်ဖောက်ရက်အား ဆက်သွယ်အကြောင်းကြားပါမည်။ အသေးစိတ်သိရှိလိုပါက အမှတ် ၃၉၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း-၀၁-၃၇၃၃၉၄တွင် (ရုံးချိန်အတွင်း) လူကိုယ်တိုင်ဖြစ်စေ www.eyangon.gov.mm/news တွင်ဖြစ်စေ ကြည့်ရှုစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့**

## CLAIMS DAY NOTICE
## M.V OCEAN BLUE VOY: NO (319)

Consignees of cargo carried by M.V OCEAN BLUE VOY:NO (319) are here by notified that the vessel will arrive of about 25-6-15 and cargo will be discharged into the premises on Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးဝန်ကြီးဌာန
## မြန်မာ့စီးပွားရေးဘဏ်
## အသိပေးကြေညာခြင်း

ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ နမ့်စန်(တ)ဘဏ်ခွဲ အဆောက်အအုံသစ်ဆောက်လုပ်နေစဉ်ကာလအတွင်း ဘဏ်ခွဲကို နမ့်စန်(တ)မြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၏ အပေါ်ထပ်တွင်ယာယီဖွင့်လှစ်ထားသည်ဖြစ်ပြီး ပင်စင်စားများ အနေဖြင့်မိမိတို့၏ပင်စင်လစာငွေများကို သက်သောင့်သက်သာဖြင့်အဆင်ပြေချောမွေ့စွာထုတ်ယူနိုင်ရေးအတွက် ပင်စင်လစာထုတ်ပေးခြင်းကိုမူ အဆိုပါအဆောက်အအုံ၏ မြေညီထပ်တွင်၂၂-၆-၂၀၁၅ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြန်မာ့စီးပွားရေးဘဏ်**

## အမည်ပြောင်း

ဦးကိုကိုလွင်၏သား ရန်ကုန်မြို့၊ အထက (၃) ဒဂုံတောင်၊ နဝမတန်း(C)မှ မောင်ထက်လင်းအောင်အား မောင်ကိုကိုထက်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကိုကိုထက်**

## အမည်ပြောင်း

ဦးသန်းဇော်၏သမီး ရန်ကုန်မြို့၊ အထက (၃) ဒဂုံတောင်၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ မထက်ဝတ်ရည်အောင်အား မဝတ်ရည်သန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မဝတ်ရည်သန့်**

## အောင်ပြည့်စုံ

ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။

09-5232770
09-5134770

## တရားဝင်ဇနီးဖြစ်ကြောင်း

ဒေါ်စိုးစိုးဝင်း ၁/ဗမန(နိုင်)၀၆၄၄၈၈သည် ဗန်းမော်မြို့၊ ကမ္ဘောဇဘဏ်(၁)တွင် တာဝန်ထမ်းဆောင်နေသော ဦးအောင်နေသိုက် ၁/ဗမန(နိုင်)၀၅၀၃၂၅၏ တရားဝင် ဇနီးမယားဖြစ်ကြောင်း။

**ဒေါ်စိုးစိုးဝင်း၁/ဗမန(နိုင်)၀၆၄၄၈၈**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ခရီးသွားဧည့်သည်ကို ကမ်းလင့်ကြိုဆို၍ ဧည့်ဝတ်ကျေစေချင်

|သင်းသင်း(မန္တလေး)|

ပြီးခဲ့သည့်လ ဒုတိယပတ်အတွင်း မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ ရန်ကုန်သို့ လေယာဉ်ခရီးစဉ်ဖြင့် ကျွန်မပြန်ရောက်ခဲ့သည်။ ကုမ္ပဏီအဖွဲ့နှင့် အတူ လိုက်ပါသွားခဲ့ခြင်းဖြစ်ပြီး မန္တလေးမြို့မှာနေထိုင်သူမို့ ရန်ကုန်ကားဂိတ်မှ မန္တလေးကို ကားဖြင့် ညတွင်းချင်းပင် ခရီးဆက်ကြရန်ဖြစ်သည်။ ကုမ္ပဏီအဖွဲ့ဝင်မောင်နှမအချို့သည်လည်း ကျွန်မနှင့်တစ်ပါတည်းလိုက်ပါ၍ မန္တလေး ပြန်ကြမည်ဖြစ်သည်။

သို့ဖြစ်၍ ကျွန်မတို့အဖွဲ့ ရန်ကုန်လေဆိပ်အပြင်တွင် အသင့်စောင့်နေကြသော အငှားကားလေးတစ်စီးကို ငှားပြီး ခရီးဆက်ခဲ့သည်။ ကားပေါ်ရောက်ရောက်ချင်းဆိုသလို အသက် ၃၅ နှစ်ခန့်အရွယ် ကားဆရာ (ယာဉ်မောင်းနေသူ)က စိတ်မရှည်သည့် အသံခပ်မာမာဖြင့်-

"ဘယ်သွားမှာလဲ"

"အောင်မင်္ဂလာကားဂိတ်"

"ကားမောင်းလာတာကြာပြီ။ အောင်မင်္ဂလာကားဂိတ်ဆိုတာ မကြားဖူးဘူး"

"မသိဘူးလေ. . . ခရီးဆောင်အိတ်ရွေးနေတုန်းက နံဘေးကသူတစ်ယောက်က မန္တလေးကိုပြန်မယ်ဆိုရင် အောင်မင်္ဂလာကားဂိတ်ကနေစီးဆိုလို့"

"မကြားဖူးပေါင်ဗျာ"

"မကြားဖူး၊ ကြားဖူးလားတော့ မသိတော့ဘူး။ ခရီးဝေးက ပြန်လာကြတဲ့သူတွေကို ဆီးကြိုလိုက်ပုံက အမောကို ပြေသွားတာပဲ"

ကျွန်မလည်း စိတ်တိုသံဖြင့် ငေါ့တူးတူးပြောလိုက်မိသည်။ ကျွန်မကပင် ဆက်၍ "ကားဆရာရယ် ကျွန်မလည်း အရင်က ရန်ကုန်မြို့ ရန်ကင်းတိုက်လေးလုံးတန်းမှာ နေခဲ့တာပါ"- အဲဒီအခါကျတော့. . .။

ရန်ကုန်မြို့အကြောင်း နားလည်မှန်းသိသွားတော့မှ ထိုကားဆရာ၏လေသံက ပြောင်းသွားသည်။

"ဒါဆိုလည်း မန္တလေးထွက်မယ့် ကားဂိတ်ကိုပို့ပေးမယ်"

သို့ဖြင့် ထိုယာဉ်မောင်းသည် အသံတိတ်ဆိတ်သွားလျက် ကျွန်မတို့စီးမည့် မန္တလေးအဝေးပြေးကားကြီးဂိတ်သို့ ပို့ပေးခဲ့သည်။

ဤနေရာတွင် ကျွန်မ၏ နိုင်ငံခြားခရီးသွား အတွေ့အကြုံလေးများကို သုံးသပ်တင်ပြလိုပါသည်။ ကျွန်မတို့အဖွဲ့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ လေဆိပ်အရောက်တွင် ဧည့်ကြို Tour Guide များသည် ဆိုင်းဘုတ် (ကတ်ပြားလေး)များ ကိုင်ဆောင်ကာ နွေးထွေးပျူငှာစွာ ကြိုဆိုခဲ့ကြသည်။ အသင့်စောင့်နေသော ဘတ်စ်ကားပေါ်အရောက် Tour Guide က တစ်လမ်းလုံး မြို့အနေအထားကို ရှင်းပြခေါ်ဆောင်ခဲ့သည်။ မိမိတို့အဖွဲ့ မလေးရှားနိုင်ငံတွင် နှစ်ညတာတည်းခို လည်ပတ်နေထိုင်ခဲ့ပြီး မိမိ အမိမြန်မာနိုင်ငံသို့ ပြန်ရာတွင်လည်း အဆင်ပြေပြေဖြင့် ပြန်လည်ရောက်ခဲ့ကြသည်။

နိုင်ငံရပ်ခြားမှ အမိမြေပြန်ရောက်မှသာ တက္ကစီကားဆရာ၏အထက်ပါအတိုင်း ကြိုဆိုပုံမျိုးနှင့် ကြုံရခြင်းဖြစ်ပါသည်။ အကယ်၍သာ ဤသို့ ကြိုဆိုပုံမှာ နိုင်ငံခြားခရီးသွားဧည့်သည်ဆိုပါက မြန်မာလူမျိုးတို့အပေါ် ငြိုငြင်မိမှာအမှန်ပင်။ နိုင်ငံရပ်ခြားမှလာသူ နိုင်ငံခြားသားခရီးသွား (Tourist) များအပေါ်တွင် "ဩော်-ဒါနိုင်ငံရပ်ခြား ခရီးဝေးက လာသူများပါလား" ဟူသော အသိတရားဖြင့် စာနာစိတ်၊ ကူညီရိုင်းပင်းလိုစိတ်တို့ ရှိထားသင့်သည်။ ယခုကဲ့သို့ ခရီးဦးကြိုပြုနေမှုများ လုံးဝမဖြစ်သင့်သလို အထူးလည်း ဆင်ခြင်သင့်ကြသည်။ အထူးသဖြင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များကို ပိုမိုအလေးထားကာ "**မြန်မာနိုင်ငံကြီးသားပီသစွာ**" ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ ခရီးဦးကြိုဆိုနိုင်ကြရပေမည်။

**အချို့အချို့သော ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များသည် ပြည်တွင်း ပြည်ပ ခရီးသွားများ၏ အသက်ဘေးအန္တရာယ် လုံခြုံ စိတ်ချရမှု မရှိဘဲ စိတ်အနှောင့်အယှက်များဖြင့် စီးနင်းနေကြရသည်။**

ပြည်တွင်းခရီးသွား အတွေ့အကြုံလေးတစ်ခုကိုလည်း ပြန်လည်ဖောက်သည်ချလိုပါသည်။ တစ်ခါက ကိစ္စတစ်ခုဖြင့် မန္တလေးမှ ညီမအလတ်နှင့်အတူ ပြင်ဦးလွင်သို့ အငှားကားစီးလုံးငှားပြီး တက်ခဲ့သည်။ ယာဉ်မောင်းသူ ကားဆရာမှာ အသက်အားဖြင့် ၂၀ ကျော်ခန့်ရှိမည်ဖြစ်သည်။ ကားဆရာသည် အတက်လမ်းကို အလေးအနက်မထား ဂရုမစိုက်ဘဲ ပေါ့ပေါ့ဆဆပင် မောင်းနေသည်။ နံဘေးက မြင့်မားလွန်းသော တောင်နံရံများ၊ နက်ရှိုင်းသော ချောက်ကမ်းပါးများရှိသည်။ တစ်ချက်မှားရင် အသက်ပါသွားနိုင်သည်။ ပိုဆိုးသည်က အန္တရာယ်များသည့် အကွေ့အကောက်များတွင် အာရုံစူးစိုက်မှုနည်းစွာ လက်တစ်ဖက်တည်းဖြင့် မောင်းရုံသာမက ရှေ့ကားအံဆွဲလေးထဲမှ ကွမ်းယာထုပ်ကိုယူကာ စားနေခြင်းပင်ဖြစ်သည်။

စိတ်အေးချမ်းသာဖြင့် ခရီးလမ်းတွင် သဘာဝတောတောင် ရှုခင်းများကို ကြည့်ရှုပြီး ပျော်ရွှင်ကြည်နူးရမည့်အစား စိတ်မသက်မသာဖြင့် သောကဝေဒနာတွေဖိစီးကာ ဘုရားတ၍ လိုက်ခဲ့ရသည်။ လိုရာခရီးရောက်ခဲ့ရသော်လည်း ဤကားမောင်း ဆရာ၏အပြုအမူကိုတော့ ဘဝင်မကျ။

ကျွန်မအနေဖြင့် အကြံပြုတင်ပြလိုပါသည်မှာ အများပြည်သူ ခရီးသည်များ စီးနင်းလိုက်ပါမည့်ယာဉ်ကို မောင်းနှင်ကြမည့် ယာဉ်မောင်းတစ်ဦးသည်-

- အသက် ၂၀ ကျော်။
- အနည်းဆုံးပညာအရည်အချင်း ရှစ်တန်း၊ ကိုးတန်း။
- မူးယစ်သောက်စား ကင်းစင်ရမည်။ ယာဉ်မောင်းသင်တန်းဆင်းဖြစ်ပြီး ယာဉ်မောင်းကျွမ်းကျင်ရမည်။
- ကျန်းမာရေးကောင်းမွန်ရမည်။

ကိုယ်ကျင့်တရား ကောင်းမွန်ယဉ်ကျေးခြင်း စသည့် အချက်အလက်များ အမှန်တကယ်ပြည့်စုံသူဖြစ်စေရန် လိုအပ်ပါသည်။

ထို့အပြင် ထိုအငှားယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအား ပြည်တွင်းပြည်ပခရီးသွားများအတွက် ဧည့်ကြို ရက်တို အထူးသင်တန်းများလည်း ပို့ချပေးသင့်သည်ဟု ထင်မြင်မိပါသည်။

အချို့အချို့သော ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ စည်းကမ်းတကျ ယဉ်ကျေးပျူငှာစွာဖြင့် ပြည်တွင်းပြည်ပခရီးသွားများ အသက်အန္တရာယ်လုံခြုံစိတ်ချ စိတ်ချမ်းမြေ့စွာ စီးနင်းခွင့်ရရှိသလို အချို့ အချို့သော ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များကြောင့် ပြည်တွင်းပြည်ပ ခရီးသွားများ၏ အသက်အန္တရာယ်ကို လုံခြုံစိတ်ချရမှုမရှိဘဲ စိတ်အနှောင့်အယှက်များဖြင့် စီးနင်းလိုက်ပါနေကြရပါသည်။

သို့ဖြစ်၍ အငှားယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအနေဖြင့် ခရီးသွားဧည့်သည်များ၊ အထူးသဖြင့် နိုင်ငံခြားခရီးသွားဧည့်သည်များအား "နိုင်ငံကြီးသားပီပီ မြန်မာ့စိတ်ရင်းဖြင့်" နွေးထွေးပျူငှာယဉ်ကျေးစွာ ဧည့်ဝတ်ကျေပွန်၊ ခရီးဦးကြိုဆိုမှုတို့ဖြင့် မောင်းနှင်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

# နှစ်စဉ်ကျင်းပမြဲဖြစ်သော ရေစကြိုမြို့ ဘုရားသုံးဆူပွဲတော်ကျင်းပ

**ရေစကြို ဇွန် ၂၃**



မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ ဘုရားသုံးဆူပွဲတော်ကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ နှစ်၁၀၀ ကျော်ခဲ့ပြီး ယခုနှစ်တွင် ဝါထပ်နှစ်ဖြစ်သည့်အတွက် ပထမဝါဆိုလဆန်း ၈ ရက်မှ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပခုက္ကူမြို့ သီဟိုဠ်ရှင်ဘုရားပွဲတော်မှ နယ်လှည့်ဈေးသည်များလည်း ယခုအခါ ရေစကြိုမြို့သို့ ပြောင်းရွှေ့လာနေကြပြီ ဖြစ်သည်။ ထိုအထဲတွင် ကလေးများ ပျော်ရွှင်စွာ အပန်းဖြေဆော့ကစားကြသည့် ချား၊ ရဟတ်၊ ပင်လယ်ဓားပြလှေကြီးများ၊ အိစက်လေထိုးရုပ်တို့ အစောဆုံး ရောက်ရှိလာရာ ညနေပိုင်းနှင့် ညဦးပိုင်းတွင် စည်ကားလျက်ရှိသည်။

အဆိုပါ စိန်နှင့်မြ ပင်လယ်ဓားပြလှေကြီးနှင့် ပတ်သက်၍ "ဒီပင်လယ်ဓားပြ လှေကြီးနဲ့အတူ ကလေးလူကြီးမြင်ရင် စီးချင်အောင် အလှအပတန်ဆာဆင်ကာ ရောင်စုံမီးနှင့် တေးဂီတအသံ၊ လှေကြီးလှုပ်ရှားဖို့ အင်ဂျင်စက် အားလုံး အရင်းအနှီး ငွေကျပ် သိန်း ၂၀၀ လောက်ရင်းရပါတယ်။ အမြို့မြို့ အနယ်နယ် ဘုရားပွဲတွေကို လိုက်ပါတယ်။ ခက်တာက ဘုရားပွဲတွေမှာ မြေနေရာ လေလံဈေးတွေက အဆမတန်များနေတော့ လုပ်ကိုင်စားရတာ တွက်ခြေမကိုက်ဘူး"ဟု ပင်လယ်ဓားပြလှေပိုင်ရှင်က ပြောပြသည်။

ယခင်က ဘုရားပွဲတော်တွင် တောင်သူသုံး ထွန်တုံး၊ ထွန်တံ၊ ပစ္စည်းအစုံတို့ ရောင်းချကြသဖြင့် အထူးစည်ကားခဲ့သော်လည်း ယခုအခါ တောင်သူသုံးပစ္စည်း ရောင်းသူများ မလာကြတော့သဖြင့် ယခင်လောက် မစည်တော့သလို ဇာတ်ပွဲများလည်း ရုံမဝင်တော့သဖြင့် နယ်လှည့် ဈေးသည်များဖြင့်သာ စည်ကားတော့ကြောင်း သိရသည်။

ဘုရားပွဲတော်၏ ထူးခြားမှုမှာ နယ်လှည့်ဈေးသည် မိသားစုများနှင့် မြို့ခံ အကျိုးဆောင်များ ဦးဆောင်မှုဖြင့် ဘုရားပွဲတော် ပြီးဆုံးသည့်ရက်တွင် မြို့ပေါ်ရှိ ရဟန်းသံဃာတော်များအား စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူ ကုသိုလ်ယူပွဲကို နှစ်စဉ် အထူးစည်ကားစွာ ပြုလုပ်လောင်းလှူလေ့ရှိသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ကျိုင်းတုံ၌ မိုးစပါးစိုက်ပျိုးရန် အခက်အခဲနှင့် ရင်ဆိုင်နေရ

**ကျိုင်းတုံ ဇွန် ၂၃**

ကျိုင်းတုံမြို့နယ်သည် မိုးစပါး၊ နွေစပါး နှစ်စဉ်စိုက်ပျိုးပြီး ဖြစ်ထွန်းအောင်မြင်သောကြောင့် တောင်သူလယ်သမားများ၏ အဓိကဝင်ငွေရစေသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။

ယခုအချိန်၌ ပြီးခဲ့သည့်မိုးစပါးရာသီကထွက်ရှိသော လက်ကျန်စပါးများအပြင် နွေစပါးများလည်း ရိတ်သိမ်းပြီးစီး၍ ယခုနှစ် မိုးစပါးစိုက်ပျိုးရေးအတွက်လည်း စိုက်ပျိုးရန် ပြင်ဆင်လျက်ရှိသည်။

လယ်သမားများထံတွင်ရောင်းချနိုင်ခြင်းမရှိသည့် စပါးများ ကျန်ရှိနေခြင်းကြောင့် မိုးစပါးစိုက်ပျိုးရန် အခက်အခဲနှင့်ရင်ဆိုင်နေရကြောင်း၊ ကျိုင်းတုံမြို့နယ်၌ စပါးပေါက်ဈေးမှာ ၄၀ ကီလိုဝင်တစ်အိတ် ငွေကျပ် ၈၀၀၀ ဖြစ်ပြီး တစ်တင်းနှုန်းတွက်ပါက စပါးတစ်တင်းလျှင် ငွေကျပ် ၄၀၀၀ သာရရှိကြောင်း လယ်သမားများထံမှ သိရသည်။

စပါးတစ်ဧကအတွက် စိုက်ပျိုးရိတ်သိမ်းကုန်ကျစရိတ်မှာ ငွေကျပ်လေးသိန်း ဝန်းကျင်ခန့်ရှိပြီး တစ်ဧကပျမ်းမျှအထွက်နှုန်း တင်း ၈၀ ခန့်တွင် ရောင်းဈေး တစ်တင်း ငွေကျပ် ၄၀၀၀ နှင့်တွက်ပါက စပါးတစ်ဧကလျှင် ငွေကျပ် ၈၀၀၀၀ ဝန်းကျင် အရှုံးရှိကြောင်း သိရသည်။

ထွက်ရှိသောစပါးများကို ဝယ်လက်ရှိသော နေရာများသို့ တင်ပို့ရောင်းချနိုင်မည်ဆိုပါက ယခင်ကရောင်းချခဲ့ရသော ဈေးနှုန်းဖြင့် ဝင်ငွေတိုးနိုင်မည်ဖြစ်သည်ဟုလည်း လယ်သမားတစ်ဦးက ပြောသည်။ ကျိုင်းတုံမြို့သည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မရှိ၍ ဘဏ်ရှိသောဒေသများမှ လယ်သမား များကဲ့သို့ လယ်ယာစိုက်ပျိုးရေးအထောက်အပံ့များ ချေးငွေများမရရှိကြောင်းနှင့် ကိုယ့်အားကိုယ်ကိုး လုပ်ဆောင်နေရသဖြင့်ယခုကဲ့သို့ စပါးဈေးဆက်လက်ကျဆင်းနေပါက လယ်ယာအဓိက စိုက်ပျိုးနေကြသော လယ်သမားမိသားစုများ အခက်ကြုံနိုင်သည်ဟုလည်း ဆက်လက်ပြောကြားသည်။

**ကြည်မင်းဦး**

လူကုန်ကူးမှုတားဆီးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

# မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်း အဆောက်အအုံသစ်ဖွင့်

**ရန်ကုန် ဇွန် ၂၃**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တည်ဆောက်ပေးခဲ့သော ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် စကားဝါလမ်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူကြိုကျောင်း အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီက ယင်းမူကြိုကျောင်းရှေ့၌ ကျင်းပသည်။



မူကြိုကျောင်းအား ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်း၊ ရန်ကင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်မာဂရက်၊ ဗိုလ်မင်းဗိုလ် ဆောက်လုပ်ရေးကုမ္ပဏီ၊ မြင့်ထွန်းဦး(ကျောက်စိမ်းကျောက်မျက်ကုမ္ပဏီ) တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက ကျောင်းကမ္ပည်းမော်ကွန်း ကြေးပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ နာယကက အမှာစကားပြောကြားပြီး မူကြိုကျောင်းဆရာမများနှင့် မူကြိုကလေးငယ်များအတွက် ကျောင်းဝတ်စုံများကို ပေးအပ်ခဲ့သည်။

ထို့နောက် အလှူရှင်များက အလှူငွေများပေးအပ်ကြသည်။

ယင်းနောက် ကျောင်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးသို့ လွှဲပြောင်းပေးအပ်သည်။

ယခု အသစ်ပြန်လည် တည်ဆောက်ပေးခဲ့သော မူလတန်းကြိုကျောင်းမှာ အလျား ၄၂ ပေ၊ အနံပေ ၆၀၊ အာရ်စီတစ်ထပ် အဆောက်အအုံဖြစ်ပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် အလှူရှင်များက စုပေါင်း၍ ငွေကျပ်သိန်း ၅၉၀ ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ရိုးရာရက်ကန်းလုပ်ငန်းလုပ်ကိုင်သူများ အတိုးနည်းချေးငွေမျှော်လင့်

**ဂန့်ဂေါ ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ပျားကျေးရွာနေ တစ်ပိုင်တစ်နိုင် ရိုးရာရက်ကန်းလုပ်ငန်း လုပ်ကိုင်နေသူများအနေဖြင့် လုပ်ငန်းတွင်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ရန် အတိုးနည်းချေးငွေများကို မျှော်လင့်လျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ရွာက ရိုးရာရက်ကန်းလုပ်ငန်းလုပ်ကိုင်နေသူအများစုက အထည်ကုန်သည်တွေကို မှီခိုအားထားပြီး လုပ်ကိုင်နေကြတာဖြစ်ပါတယ်။ အထည်ကုန်သည်တွေဆီက နေ ကုန်ကြမ်းယူ၊ ကုန်ချောပေးစနစ်နဲ့ ငွေကြေးအရင်းအနှီးရရှိအောင် စီစဉ်ဆောင်ရွက်ရပါတယ်။ ဂန့်ဂေါစပယ်ရှယ် လုံချည်တွေကို ရက်လုပ်ရောင်းချတဲ့အခါမှာ ပင်ရင်းဈေး တစ်ထည်ကို ငွေကျပ် ၈၀၀၀ မှ ငွေကျပ် ၂၅၀၀၀ တန်အထိ တန်ဖိုးရှိတဲ့လုံချည်အမျိုးမျိုးကိုရက်လုပ်ကြပါတယ်။ ငွေကျပ် ၈၀၀၀ တန် တစ်ထည် ရက်လုပ်မယ်ဆိုရင် တစ်ရက်လောက်ကြာပြီး ငွေကျပ် ၂၅၀၀၀ တန် ရက်လုပ်မယ်ဆိုရင်တော့ တစ်ထည်ကို ရက်လုပ်ချိန်တစ်ပတ်လောက် ကြာမြင့်ပါတယ်။ လုံချည်တစ်ထည်ကို ရက်လုပ်ခ ငွေကျပ် ၂၀၀၀ ဖြစ်ပါတယ်။ ကိုယ်ပိုင်ငွေကြေးအရင်းအနှီးနဲ့ ရင်းနှီးမြှုပ်နှံလုပ်ကိုင်မယ်ဆိုရင်တော့ ကိုယ့်အတွက် ဒီထက်ပိုပြီးအကျိုးကျေးဇူးရရှိနိုင်ပါတယ်။ ဒါကြောင့် အတိုးနည်း ချေးငွေကိုမျှော်လင့်မိပါတယ်" ဟု ဂန့်ဂေါမြို့နယ် ပျားကျေးရွာနေ ရိုးရာရက်ကန်းလုပ်ငန်း လုပ်ကိုင်နေသူ အမျိုးသမီးတစ်ဦးက ပြောသည်။

ဂန့်ဂေါမြို့နယ်အတွင်းရှိ ရိုးရာရက်ကန်းစင်များသည် ရက်ကန်းစင်တစ်စင်တွင် တစ်ကြိမ်လျှင် လုံချည်အကွင်း ၁၀၀ ရက်လုပ်နိုင်မည့် ချည်ပမာဏကို ဝယ်ယူ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြလေ့ရှိကြောင်း၊အဆိုပါ လုံချည်အကွင်း ၁၀၀ ရက်လုပ်ရောင်းချပြီးသောအခါမှသာ နောက်တစ်ကြိမ်လုံချည်အကွင်း ၁၀၀ ရက်လုပ်နိုင်မည့် ချည်ပမာဏကိုထပ်မံဝယ်ယူအသုံးပြုကြကြောင်း၊ လုံချည်အကွင်း ၁၀၀ ရက်လုပ်နိုင်မည့် ချည်ပမာဏအတွက် တန်ဖိုးမှာ ငွေကျပ် ၄၀၀၀၀၀ မှ ငွေကျပ် ၅၀၀၀၀၀ အထိကုန် ကျကြောင်း၊ လုံချည်အကွင်း ၁၀၀ ရက်လုပ်ချိန်မှာ သုံးလမှလေးလအထိ ကြာမြင့်တတ်ကြောင်း ၎င်းက ပြောသည်။

ဂန့်ဂေါမြို့နယ် ပျားကျေးရွာသည် အိမ်ခြေ ၂၈၉ ၊ အိမ်ထောင်စု ၂၉၉၊ လူဦးရေ ၁၄၅၇ ဦးရှိကာ အဆိုပါကျေးရွာနေ အမျိုးသမီးအများစုသည် တစ်ပိုင်တစ်နိုင် ရိုးရာ ရက်ကန်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ယင်းကျေးရွာတွင် နေအိမ်တိုင်းလိုလို လက်ရက်ကန်းစင်များရှိကြပြီး လက်ရက်ကန်းစင်ပေါင်း ၂၀၀ ကျော်ရှိနေကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်၏ ပြောကြားချက် အရသိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# မဲရုံ ၄၄၀ ခန့်ရှိသော မုံရွာခရိုင်အတွင်း လုံခြုံရေးဆောင်ရွက်

**မုံရွာ ဇွန် ၂၃**

လာမည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ အကြိုကာလ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲပြီးသည့်ကာလတစ်လျှောက်တွင် မဲရုံပေါင်း ၄၄၀ ခန့်ရှိမည့် မုံရွာခရိုင်အတွင်း လုံခြုံမှု အထူးရှိစေရန်အတွက် မဲရုံနှင့် မဲပေးကာလတစ်လျှောက် လုံခြုံရေးပညာများ သင်တန်းပေးခြင်းနှင့် ဆင့်ပွားသင်တန်းပေးခြင်းများကို မုံရွာခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးချင်းစိန် ဦးဆောင်၍ မဲရုံ ၄၄၀ အတွက် မဲရုံတစ်ရုံ လုံခြုံရေးရဲတပ်ဖွဲ့ဝင်တစ်ဦးနှုန်းထားရှိထမ်းဆောင်နိုင်ရေးကို ဇွန်လဒုတိယပတ်နှောင်းပိုင်းမှစတင်၍ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇွန် ၂၀ ရက်အထိ မုံရွာခရိုင်အတွင်း မုံရွာမြို့နယ်တွင် မဲရုံ ၁၅၈ ရုံ၊ ချောင်းဦးမြို့နယ်တွင် မဲရုံ ၇၁ ရုံ၊ ဘုတလင်မြို့နယ်တွင် မဲရုံ ၈၅ ရုံနှင့် အရာတော်မြို့နယ်တွင် မဲရုံ ၁၂၈ ရုံရှိကြောင်း မုံရွာခရိုင် ရဲတပ်ဖွဲ့မှူးရုံးသို့ တက်လာသောစာရင်းများအရ သိရသည်။

မုံရွာခရိုင် မြို့နယ်လေးမြို့နယ်ရှိ မဲရုံ ၄၄၀ ခန့်၏ လုံခြုံမှုအထူးရရှိရေးအတွက် လက်ရှိရဲတပ်ဖွဲ့ဝင်အင်အားကို ပံ့ပိုးနိုင်ရန်နှင့် ရဲတပ်ဖွဲ့ဝင် အင်အားတိုးတက်စေရန် ရည်ရွယ်၍ ရွေးကောက်ပွဲကာလအတွက် အထူးရဲတပ်ဖွဲ့ဝင်များကို စိတ်ဝင်စားမှုအပေါ် မူတည်၍ သုံးလခန့်ထားမည် ဖြစ်ကြောင်း သိရသည်။

အထူးရဲတပ်ဖွဲ့ဝင်ကို ရွေးကောက်ပွဲကာလသုံးလတာ လစာငွေကျပ် တစ်သိန်းနှစ်သောင်းဖြင့် အသက် ၁၈ နှစ်မှ ၆၀ အကြား ကျန်းမာသန်စွမ်းသည့် မီးသတ်တပ်ဖွဲ့ဝင်များထဲမှ ယာယီခန့်ထားမည်ဟု ဆိုသော်လည်း စိတ်ဝင်စား၍ ရဲတပ်ဖွဲ့သို့ ဝင်လိုသူများရှိပါက သတ်မှတ်ထားသည်များနှင့် အညီ တရားဝင်တပ်ဖွဲ့ဝင်ဖြစ်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးချင်းစိန်ထံက သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ရာသီဥတုပူပြင်းမှုကြောင့် ရေးဒူးရင်းသီးအထွက်လျော့

**မုဒုံ ဇွန် ၂၃**

မွန်ပြည်နယ် ရေးမြို့နယ်မှထွက်ရှိသော ဒူးရင်းသီးများ ပူပြင်းမှုကြောင့် အထွက်နောက်ကျပြီး ဇွန်လလယ်လောက်မှ သံဖြူဇရပ်မြို့၊ မုဒုံမြို့နှင့် မော်လမြိုင်သို့ မော်တော်ယာဉ်များဖြင့် တင်ဆောင်လာပြီး လာရောက်ရောင်းချလျက်ရှိကြသည်။

ယခုနှစ်တွင် အပူရှိန်မြင့်မားပြီး ရာသီဥတုပြောင်းလဲမှုကြောင့် အစိုဓာတ်လျော့နည်းကာ ဒူးရင်းသီးများအထွက်နှုန်းလျော့ကျခြင်းဖြစ်ကြောင်း ဒူးရင်းသီးရောင်းချသူ ရေးမြို့ခံတစ်ဦးက ပြောသည်။

"အပူရှိန်မြင့်မားမှုကြောင့် ဒူးရင်းပင်တွေ အသီးထွက်နည်းတယ်။ အလုံးမကြီးဘူး။ အလုံးသေးတယ်။ အခြားသီးနှံတွေဖြစ်တဲ့ မင်းကွတ်၊ ကြက်မောက်၊ ကျွဲကောသီးတွေလည်း ဒီလိုပဲအထွက်နှုန်းတွေ လျော့ကျကုန်တယ်" ဟု ၎င်းက ဆက်လက်ပြောသည်။ အထွက်နှုန်းကျဆင်းသည့်အတွက် ဈေးကောင်းရနေကြောင်း၊ ဒူးရင်းသီးများကို လက်ဆောင်ပေးရန်အတွက်သာ ဝယ်ယူသူများပြားပြီး လက်ရှိဈေးနှုန်းကြောင့် ဝယ်ယူသူနည်းပါးနေကြောင်း မုဒုံဈေးရှေ့၌ ဒူးရင်းသီးရောင်းချသူတစ်ဦးက ပြောသည်။ မုဒုံမြို့ ဈေးရှေ့မှာလာရောင်းသည့် ရေးမြို့ကဒူးရင်းသီးကို အသေးဆိုလျှင် ငွေကျပ် ၁၂၀၀ မှ ၁၅၀၀ ရောင်းပြီး အလတ်စားကို ငွေကျပ် ၂၅၀၀ မှ ၃၅၀၀၊ အလုံးအကြီးကို ငွေကျပ် ၄၀၀၀ မှ ၄၅၀၀ အရွယ်အစားအလိုက် ရောင်းရကြောင်း သိရသည်။

**(၁၀၈)**

# မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ကျောင်း နာယကဆရာတော် ဘဒ္ဒန္တတိလောက၏ ထေရုပ္ပတ္တိအကျဉ်း



ဆရာတော်လောင်းလျာကို မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ကျောက်တန်းကျေးရွာ၌ အဖ ဦးဘအို၊ အမိ ဒေါ်သိန်းခင်တို့က ၁၂၈၈ ခုနှစ် သီတင်းကျွတ်လဆန်း ၃ ရက် စနေနေ့တွင် ဖွားမြင်တော်မူခဲ့ပါသည်။

၁၃၀၀ ပြည့်နှစ် တပေါင်းလဆန်း ၁၅ ရက်နေ့တွင် ဖောင်ချဉ်းရွာ၊ အလယ်တိုက် ဆရာတော် ဦးပဏ္ဍိတကို ဥပဇ္ဈယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၇ ခုနှစ် တပို့တွဲ လပြည့်ကျော် ၆ ရက်တွင် ကျောက်တန်း ရွာတောင်ကျောင်း ခဏ္ဍသိမ်၌ ကျောက်တန်းရွာကျောင်း ဆရာတော် ဘဒ္ဒန္တခေမာကို ဥပဇ္ဈယ်ပြု၍ နွားထိုးကြီးမြို့နယ် မန်ကျီးကုန်းရွာ ဦးညိုတင်၊ ဒေါ်ဌေးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ဆရာတော်သည် ဖောင်ချဉ်းရွာ၊ အလယ်တိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ သဲတောကန်ဆရာတော်၊ စစ်ကိုင်းတောင်ရိုး၊ သမ္ဗုဏ္ဏာရာမချောင် ဆရာတော်၊ မန္တလေးမြို့ ရွှေကျင်နိကာယ ဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ သံတော်ဆင့် ကျောင်းဆရာတော်နှင့် ဆရာတော်ဘဒ္ဒန္တဝါသဝါဘိဝံသစသော ဆရာတော်တို့ထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပါသည်။

ဆရာတော်သည် သာသနာပြုသက်တမ်း ၇၀ နှစ်အတွင်း ပရိယတ္တိစာပေများ သင်ကြားပို့ချပေးခြင်း၊ ဘာသာရေးစာပေများ ရေးသားခြင်း၊ နှစ်စဉ် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာပေများသင်ကြားပို့ချပေးခြင်း၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်သင်တန်းများ သင်ကြားပို့ချပေးခြင်း၊ မိဘမဲ့ကလေးသူငယ်များအား စားဝတ်နေရေး တာဝန်ယူ၍ အခမဲ့ပညာသင်ကြားပေးခြင်း၊ ဉာဏ်တော်အမြင့် ပေ ၄၀ ရှိ စေတီလှစေတီတော်ကြီးကို သိန်းပေါင်းရာကျော် အကုန်အကျခံကာ အသစ်တစ်ဖန် တည်ထားကိုးကွယ် လှူဒါန်းခြင်း၊ သာသနိက အဆောက်အအုံများ တည်ဆောက် ပြုပြင်ခြင်း စသည်ဖြင့် သာသနာ့တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်တော်မူခဲ့သည်။ သံဃာအဖွဲ့အစည်း အဆင့်ဆင့်တွင်လည်း ပထမ(၅) နှစ်တွင် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်တော်မူခြင်း၊ တိုင်းသံဃနာယကအဖွဲ့ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်တော်မူ ခြင်း၊ ဒုတိယ (၅) နှစ်တွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခြင်း၊ တတိယ(၅) နှစ်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခြင်း၊ ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင်နာယကအဖွဲ့ဝင်နှင့် ဂိုဏ်းဝိနည်းဓိုရ်အကျိုးတော်ဆောင်တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သောလုံ့လဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူခြင်းကြောင့် သာသနစုရာဝဟ ဂုဏ်၊ လင်္ကာပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်ကြီးသည် ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရထံမှ "အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူခြင်း၊ သက်တော် ၉၀ နှစ်၊ သိက္ခာတော် ၇၀ ဝါအရ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက် ဇွန် ၁၉ ရက် သောကြာနေ့ နံနက် ၀၀း၄၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနက သိရသည်။

**(မြန်မာ့အလင်း)**

## မြို့နယ်သတင်းထောက်များသို့

ပြန်ကြားရေးဝန်ကြီးဌာနသတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်သို့ သတင်းများပေးပို့လျက်ရှိသည့် နယ်သတင်းထောက်များကို သတင်းထောက်အသိအမှတ်ပြုကတ်ပြားများ စိစစ်၍ ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသဖြင့် မြို့နယ်အသီးသီးမှ သတင်းထောက်များသည် မိမိတို့လက်ဝယ်ရှိ သတင်းထောက်ကတ်ပြားဟောင်းများကို ပြန်လည်အပ်နှံကြရန်၊ သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာတို့ကို တစ်ပါတည်းပူးတွဲ၍ သတင်းထောက်လျှောက်လွှာများ ပြန်လည်ပေးပို့ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

(မြန်မာ့အလင်း)

**ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ**

# သစ်ပင်များအလွယ်တကူခုတ်လှဲမှုကို အလေးထားဆင်ခြင်

မိုးရာသီအစပိုင်း မြန်မာပြည်တစ်ဝန်း သစ်ပင်စိုက်ပျိုးခြင်း ပြင်ဆင်ဆောင်ရွက်နေကြသည်။ လမ်းမတော်မြို့နယ်အတွင်း လမ်းသစ်လမ်း၊ ဘုန်းကြီးလမ်းဝဲယာတွင် အရိပ်ရသစ်ပင်တန်းများဖြင့် စိမ်းလန်းစိုပြည်နေသည်။ နေပူဒဏ်မှရှောင်လွှဲ၍ လမ်းသွားလမ်းလာများ သွားလာနိုင်သည်။ လမ်းသစ်လမ်းတွင် ဝဲယာနှစ်ဖက်သာမက လမ်းလယ်တွင်ပါ အုတ်ခုံများဖြင့် အရိပ်ရပင်များစီတန်းမြင်တွေ့နေရဆဲဖြစ်သည်။ လမ်းလယ်အုတ်ခုံအချို့ ယာဉ်တိုက်မှုကြောင့် သစ်ပင်များသေ၊ အုတ်ခုံများပျက်စီးမှုရှိရာ ပြန်လည်စိုက်ပျိုးခြင်း၊ အုတ်ခုံအသစ်ပြုလုပ်ထားသည်ကို မြင်တွေ့ရသည်ဟု လမ်းသစ်လမ်းတွင်နေထိုင်နေသူများက ပြောသည်။

ရန်ကုန်မြို့တွင် အရိပ်ရသစ်ပင်များ လျှပ်စစ်ဓာတ်ကြိုး၊ ဖုန်းကြိုးများဖြင့် မလွတ်ကင်း၍ ခုတ်လှဲရာတွင် သစ်ပင် အကိုင်းအခက်များသာ ခုတ်လှဲမှုရှိသည်။ သဘာဝဘေးဒဏ်ကြောင့်လည်းကောင်း၊ စီမံကိန်းလုပ်ငန်းများလုပ်ကိုင် ရာတွင် မလွတ်ကင်းခြင်းကြောင့်လည်းကောင်း၊ သစ်ပင်များ ခုတ်လှဲခြင်းသာရှိသည်။ မိမိအိမ်ရှေ့ရှိသစ်ပင်ကိုပင် မိမိသဘောအတိုင်း ခုတ်လှဲပိုင်ခွင့်မရှိဟု သိရသည်။

ကမ်းနားလမ်းသစ် ကွန်ကရစ်လမ်းဖောက်လုပ်စဉ် ကမ်းနားလမ်းဟောင်းဘေးရှိ အရိပ်ရသက်တမ်းရင့်သစ်ပင်အများအပြားလမ်းမတော်လမ်းမှ သခင်မြပန်းခြံရှေ့ရှိ အပိုင်းအထိ ခုတ်လှဲခံရသည်။ ယနေ့တိုင် သက်တမ်းရင့်သစ်ပင်များ၏ အောက်ခြေအမြစ်ဆုံများကို သခင်မြပန်းခြံရှေ့ ကမ်းနားလမ်းဟောင်းနှင့် လမ်းသစ်ကြားတွင် မြင်တွေ့ရဆဲဖြစ်သည်။






ယင်းသို့ ခုတ်လှဲမှုကြောင့် ကွန်ကရစ်လမ်းဘေးတွင် သစ်ပင်ငယ်များကို ပြန်လည်ပြုစု စိုက်ပျိုးခဲ့သည်။ သို့သော် ခုတ်လှဲခံ သစ်ပင်ကြီးများကဲ့သို့ လူသားများအား အရိပ်အာဝါသ၊ ကာဗွန်စုပ်ယူပေးမှု အကျိုးပြုနိုင်ရန် နှစ်ပေါင်းများစွာ စောင့်ဆိုင်းရမည်ဟု သစ်ပင်ချစ်မြတ်နိုးသူတစ်ဦးက ပြောသည်။

ဇွန် ၂၀ ရက် ည ၁၀ နာရီ ဝန်းကျင်က မဟာဗန္ဓုလလမ်းနှင့် ဘုန်းကြီးလမ်းထောင့် လမ်းဆုံအနီး ဘုန်းကြီးလမ်း အောက်လမ်းထိပ်ရှိ အရိပ်ရသစ်ပင်နှစ်ပင်ကို မော်တော်ယာဉ်ဖြင့် လာရောက်ခုတ်လှဲရှင်းလင်းမှုကို မြင်တွေ့ရသည်ဟု ယင်းနေရာအနီးတွင်ရှိသည့် တိုက်ခန်းနေထိုင်သူတစ်ဦးက ပြောသည်။

သစ်ပင်များသည် အနီးရှိ အဆောက်အအုံများကို မြင်ကွင်း ကွယ်စေသည်ဟု ဆိုနိုင်သော်လည်း လူသားတို့ကို အကျိုးပြုသော အလွယ်တကူပြုစုပျိုးထောင်၍မရသည့် အရာများဖြစ်သည်။ သစ်ပင်များကို လွယ်လင့်တကူ ခုတ်လှဲနေသူများအနေဖြင့် ယင်းသို့ ခုတ်လှဲခြင်းအပေါ်မှရရှိသော အကျိုးအမြတ်ထက် များစွာ လူသားတို့ကို အကျိုးပြုနေသည့် သစ်ပင်တန်ဖိုးများကို အလေးထားသင့်သည်။ ယင်းသို့ သစ်ပင်စိုက်ပျိုး ချစ်မြတ်နိုးစိတ်များ များပြားလာစေလိုသည်။

သို့မှသာ ရန်ကုန်မြို့တွင်း အရိပ်ရသစ်ပင်များ ပျောက်ကွယ်နေရခြင်းမျိုး လျော့နည်းလာနိုင်မည်ဟု လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်း တိုက်ခန်းတွင် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူ တာဝန်ခံ ဦးဇော်က ပြောသည်။

**သတင်းဆောင်းပါး-ခင်ဆိုင်**

## အခြေခံမဲဆန္ဒရှင်စာရင်းများထုတ်ပြန်

**လားရှိုး ဇွန် ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ပေါ်ရှိ ရပ်ကွက်(၁၂)ရပ်ကွက်နှင့် လားရှိုးမြို့နယ်အတွင်းရှိ ကျေးရွာ(၈၇)ရွာတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် အသက်(၁၈)နှစ်ပြည့် မဲပေးနိုင်ခွင့်ရှိသူများ၏ အခြေခံမဲဆန္ဒရှင်အမည်စာရင်းများကို ဇွန် ၂၂ ရက်က ထုတ်ပြန်ကြေညာလိုက်သည်။ အခြေခံမဲဆန္ဒရှင်စာရင်းများကို သက်ဆိုင်ရာရပ်ကွက် ကျေးရွာကော်မရှင်ရုံးများ၌ ထင်သာမြင်သာဖြစ်အောင် ဖော်ပြကပ်ထားကြောင်း သိရသည်။

အဆိုပါ မဲစာရင်းများကို ဇူလိုင် ၅ ရက်အထိ ကပ်ထားမည်ဖြစ်ပြီး အခြေခံမဲစာရင်းကို မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လာရောက်ကြည့်ရှုကြရန် လိုအပ်သည်။ အခြေခံ မဲစာရင်းသည် အိမ်ထောင်စုဇယားပုံစံ (၆၆/၆)ကို အခြေခံကောက်ယူထားခြင်းဖြစ်ရာ မဲဆန္ဒရှင်များအနေဖြင့် မိမိအမည်စာရင်း မပါဝင်ခြင်း၊ မှားယွင်းသောအချက်အလက်များရှိခြင်း၊ မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေခြင်းများရှိပါက သတ်မှတ်ပုံစံများအလိုက် ရေးသွင်းပြီး သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာကော်မရှင်များမှတစ်ဆင့် တင်ပြရန်လိုအပ်သည်ဟု လားရှိုးမြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးစိုင်းဇော်မင်းက ပြောသည်။

ပထမအကြိမ် ထုတ်ပြန်လိုက်သော လားရှိုးမြို့နယ်၏ အခြေခံမဲစာရင်းတွင် မဲဆန္ဒရှင်ပေါင်း ၁၅၅၇၀၀ ဖြစ်ပြီး တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့်၎င်းတို့ ၏ မိသားစုဝင်စာရင်းများရက်ပေါင်း ၁၈၀ အထက်နေထိုင်လျက်ရှိသူများစာရင်းကို ထပ်မံထည့်သွင်းရန် လိုအပ်သည်ဟု ၎င်းက ဆက်လက်ပြောသည်။

မဲစာရင်းများကို လာရောက်ကြည့်ရှုခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းများရှိသည်ဟု သိရသည်။ အလားတူပင် လားရှိုးမြို့ပေါ်ရှိ လူမှုအဖွဲ့အစည်း များမှလည်း အသိပညာတိုးပွားစေရန် လက်ကမ်းစာစောင်များ ဝေငှခြင်းဖြင့် ရွေးကောက်ပွဲကော်မရှင်ကို ပူးပေါင်းကူညီကြသည်ဟု သိရသည်။

**မမ(လားရှိုး)**

## မန္တလေးတိုင်းဒေသကြီးအတွင်း ယခုနှစ်သွေးလွန်တုပ်ကွေးရောဂါဖြင့် သေဆုံးသူခြောက်ဦးရှိ

**မန္တလေး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၅ခုနှစ် ဇွန် ၂၀ရက်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၉၆၉ ဦးရှိခဲ့ပြီး ယင်းတို့အနက် သေဆုံးသူ ခြောက်ဦးရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မြန်မာနိုင်ငံ၏ ရာသီဥတု အပြောင်းအလဲများကြောင့် နိုင်ငံအနှံ့အပြားတွင် ယင်းရောဂါများ ဖြစ်ပွားလျက်ရှိရာ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအား စီမံချက်များချမှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှဦးစီးမှူး ဒေါက်တာဝင်းနိုင်က ပြောသည်။

"ကျန်းမာရေးဝန်ကြီးဌာနက ဇွန်လ ၁၁ ရက်မှာ သွေးလွန်တုပ်ကွေးရောဂါနဲ့ ပတ်သက်လို့ အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်ဖို့အတွက် စီမံချက်(၈)ချက်ကို လမ်းညွှန်ခဲ့ပါတယ်။ ဒီစီမံချက်တွေအရ ကုသရေးအပိုင်းမှာ ကျွန်တော်တို့ကျန်းမာရေးဌာနက ဆောင်ရွက်နိုင်ပေမယ့် ကာကွယ်ထိန်းချုပ်ရေးအပိုင်းကိုတော့ ဆက်စပ်ဌာနဆိုင်ရာတွေအပြင် ပြည်သူတစ်ဦးချင်းစီကလည်း ကျန်းမာရေးအသိနဲ့ ပူးပေါင်းပါဝင်မှသာလျှင် အောင်မြင်နိုင်မှာဖြစ်ပါတယ်။ အဓိကကတော့ မိုးတွင်းပိုင်းမှာ ဆောင်ရွက်နေကြဖြစ်တဲ့ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းတွေကို မပြတ်ပြုလုပ်ဖို့ အရေးကြီးပါတယ်"ဟု ဆက်လက်ပြောကြားသည်။

သွေးလွန်တုပ်ကွေးရောဂါသည် နိုင်ငံတကာတွင် နှစ်ပေါင်းများစွာ ပျံ့နှံ့ဖြစ်ပွားနေသော ကူးစက်ရောဂါဖြစ်ပြီး မြန်မာနိုင်ငံသို့ ၁၉၆၅ ခုနှစ်တွင် စတင်ရောက်ရှိခဲ့သည်။

နှစ်ပေါင်း ၅၀ အတွင်း မြို့နယ်အနှံ့ဖြစ်ပွားခဲ့ရာ ၂၀၁၄ခုနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၂၀၀ အနက် ၂၀ သေဆုံးခဲ့ပြီး ယခု ဇွန်လ ၂၀ ရက်အထိ ဖြစ်ပွားသူ ၉၆၉ ဦးရှိခဲ့ကာ သေဆုံးသူမှာ ခြောက်ဦး ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## ရေဆင်းတက္ကသိုလ်၌ စစ်တုရင်ပြိုင်ပွဲများကျင်းပ

**နေပြည်တော် ဇွန် ၂၃**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အတန်းလိုက် စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၉ ရက်က ရေဆင်းစိုက်ပျိုး ရေးတက္ကသိုလ် ပတ္တမြားရတုခန်းမ၌ ကျင်းပခဲ့သည်။**(အပေါ်ပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ/ဆရာ မများ၊ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများနှင့် အတန်း အသီးသီးမှ စစ်တုရင်စိတ်ပါဝင်စားသူ ကျောင်းသား ကျောင်းသူများ လာရောက်အားပေးကြသည်။ စစ်တုရင်ပြိုင်ပွဲများကို ဇွန် ၁၉ ရက်မှ ဇွန် ၂၁ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**မေမိုးသဲ**

## ဒိုင်နာယာဉ်များကြောင့် ဒဏ်ရာရခရီးသည်များ များပြားလာ

**ရန်ကုန် ဇွန် ၂၃**

ခရီးသည်တင်ဒိုင်နာယာဉ်များ၏ ယာဉ်မတော်တဆမှုဖြစ်စဉ်များကြောင့် ယာဉ်တိုက်၊ တိမ်းမှောက်ခံရမှု ဒဏ်ရာရခရီးသည်များမှာ ပိုမိုများပြားလာရကြောင်း မထသ(ဗဟို) မှသိရသည်။

မထသ( ဗဟို) မှ ဥက္ကဋ္ဌ ဦးလှအောင်က "ဒိုင်နာယာဉ်တွေကြောင့် ဒဏ်ရာရမှုတွေ နည်းနည်းများလာတာတွေ့ရပါတယ်။ ဇွန် ၁ ရက်မှ ၁၅ ရက်အထိမှတ်တမ်း ပြုစုကြည့်တဲ့အခါမှာယာဉ်မတော်တဆမှု ရှစ်မှုဖြစ်ခဲ့ပြီးသေဆုံးသူ နှစ်ဦးနဲ့ ဒဏ်ရာရသူ ၂၂ ဦးရှိခဲ့ပါတယ်။ ပြန်စစ်ကြည့်လိုက်တော့ ဘာသွားတွေ့ရလဲဆိုရင် ဒိုင်နာယာဉ်တွေပါ။ ဒါတွေကလည်း မီနီဘတ်စ်တွေ၊ စီးတီးဘတ်စ်တွေ တိုးလာအောင် ပြုပြင်ရမယ့်အချက်တွေပါ။ ယာဉ်မတော်တဆမှု အဖြစ်နည်းအောင် ဒိုင်နာယာဉ်လိုင်းတွေနဲ့ ဆွေးနွေးခဲ့ပါတယ်။ ဒီယာဉ်တွေကို အကုန်အကျနည်းနည်းနဲ့ ဘယ်လိုလဲလှယ်လို့ရနိုင်မလဲ လေ့လာနေပါတယ်။ ကျွန်တော်တို့နဲ့ တင်မရပါဘူး။ တိုင်းဒေသကြီးအစိုးရအဖွဲ့ပါမှသာလျှင် ဖြစ်မှာပါ"ဟုပြောသည်။

၂၀၁၅ ခုနှစ် အစောပိုင်းမှစ၍ ဇွန် ၁၅ ရက်ထိ ခရီးသည်ပို့ဆောင်ရေးယာဉ်များ၏ ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုမှာ ၈၂ မှုရှိပြီး သေဆုံးသူဦးရေမှာ ၂၀ ရှိကာ ဒဏ်ရာရသူဦးရေ ၁၇၅ ဦးရှိခဲ့ကြောင်းသိရသည်။ မေလထိရှိနေသည့် ခရီးသည်တင်ယာဉ် စာရင်းအရ မြို့တွင်းပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ် စုစုပေါင်း ၆၉၈၁ စီးရှိသည့်အနက် ဒိုင်နာကင်တာယာဉ်အမျိုးအစား ၁၆၉၉ စီးရှိကြောင်း သိရသည်။ နှစ်စပိုင်းမှ ဇွန် ၁၅ ရက်ထိယာဉ်မတော်တဆမှု စုစုပေါင်း ၈၂ မှုရှိသည့်အနက် ဒိုင်နာယာဉ်အုပ်စုကြောင့် ၃၆ မှု ဖြစ်ခဲ့ပြီး ယာဉ်မတော်တဆမှုစာရင်း ရာခိုင်နှုန်းအရ ၄၄ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ဒိုင်နာယာဉ်ဖွဲ့စည်းပုံမှာ ၂၄ ရာခိုင်နှုန်းရှိပြီး ဒိုင်နာယာဉ်ကြောင့်သေဆုံးသူ ၂၅ ရာခိုင်နှုန်းနှင့် ဒဏ်ရာရသူ ၈၈ ရာခိုင်နှုန်းထိရှိခဲ့ကြောင်း မထသ(ဗဟို)၏ အဖွဲ့အစည်းပုံစာရင်းအရ သိရသည်။

**စိုးဝင်း(SP)**

## ရွှေလရောင်ပရဟိတအသင်း(နေပြည်တော်)မှ အဖေများနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၃**

ဇွန် ၂၁ ရက်ကို အဖေများနေ့အဖြစ် သတ်မှတ်ထားရာ ရွှေလရောင်ပရဟိတအသင်း (နေပြည်တော်) မှ အဖေများနေ့ဂုဏ်ပြုအခမ်းအနားအဖြစ် သက်ကြီးရွယ်အို ဘိုးဘွားများအား ပူဇော်ကန်တော့ဂုဏ်ပြုခြင်း အခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၈ နာရီက အသင်းရုံးခန်းတည်ရှိရာ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် အမှတ် (၆) ၌ ကျင်းပသည်။

အခမ်းအနားကို အသင်းအမှုဆောင် ဦးမင်းမင်းလတ်က အဖေ့ဂုဏ်ရည် ကဗျာရွတ်ဆို၍ ဖွင့်လှစ်ခဲ့ပြီး အသင်းဥက္ကဋ္ဌ ဦးနေလင်းအောင်က အဖေများနေ့ဂုဏ်ပြုပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ အောင်ဇမ္ဗူရပ်ကွက်အတွင်းရှိ အသက် ၈၀ နှင့်အထက် အဘိုး လေးဦး၊ အဘွား ၁၀ ဦးကို ကန်တော့ငွေနှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့သည်။ ဆက်လက်၍ သက်ကြီးကန်တော့ခံများ ကိုယ်စား အသက် ၉၅ နှစ် ရှိ ဦးရိုးဖေက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်းသိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

# ရန်ကုန်ဘက်ခြမ်းသို့ တံတားဖြင့်ဖြတ်သန်းသွားလာရန် အခွင့်အလမ်းပေါ်လာသဖြင့် ဒလအိမ်ခြံမြေဈေးခုန်တက်

**ဒလ ဇွန် ၂၃**

ရန်ကုန်-ဒလ တံတားတည်ဆောက်ရန်အတည်ပြုလိုက်မှုကြောင့် တွံတေး-ဒလ ကားလမ်းမကြီးဘေးဝဲယာရှိမြေဈေးများမှအနိမ့်ဆုံး ငွေကျပ်သိန်း ၃၅၀ မှငွေကျပ် သိန်း ၄၀၀၀ကျော်အထိ အကွက်လိုက်ဈေးနှုန်းမြင့်တက်လျက်ရှိနေကြောင်း ဒလမြို့ပေါ်ရှိအိမ်ခြံမြေအကျိုးဆောင် လုပ်ငန်းရှင်များထံမှ သိရသည်။

တံတားတည်ဆောက်မှုစီမံကိန်းအရ ရန်ကုန်မြို့ ဘုန်းကြီးလမ်းဘက်အခြမ်းမှ တစ်ဖက်ကမ်းကူးကာ ဒလမြို့နယ် ကမာကဆစ်ရပ်ကွက်အား ဖြတ်သန်း၍ ဒလနာရီစင်လမ်းအတိုင်းတစ်လမ်း၊ဒလမြို့ထဲဘက်သို့ တစ်လမ်း၊ တွံတေးဘက်သို့တစ်လမ်းဖြင့် လမ်းသုံးခုဖြာဆင်းကာ တည်ဆောက်သွားမည်ဖြစ်ပြီး ကနဦးလျာထားချက်နှင့် ထိုစီမံကိန်းအား ငါးနှစ်ခန့်ကြာမြင့်နိုင်မည်ဟု




ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဒလမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ရပ်မိရပ်ဖများ၏ ဇွန်လပထမအပတ်ကကျင်းပခဲ့သောတွေ့ဆုံပွဲမှသိရသည်။

ဒလမြို့နယ်ရှိ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင်တစ်ဦးက"ဒလမှာမြေဈေးတွေ မြင့်တက်လာတာကတော့ ရန်ကုန်နဲ့ ဒလကိုတံတားထိုးမယ်ဆိုပြီး လွှတ်တော်ကိုတင်သွင်းလိုက်တဲ့အချိန်ကစလို့ ရန်ကုန်မြို့ပေါ်ကမြေအရောင်းအဝယ်သမားများ ရောက်လာပါတယ်၊ သူတို့ကတံတားစီမံကိန်းနဲ့နီးတဲ့ ကျန်စစ်သား၊ တပင်ရွှေထီး၊ ညောင်ကုန်း၊ ရာဇသင်္ကြန်ရပ်ကွက်နဲ့ အခြားရပ်ကွက် တော်တော်များများကို စရန်ငွေကြိုတင်ပေးချေမှုတွေပြုလုပ်လာကြတာပါ၊ အရင်ကမြေကွက် ပေ ၂၀×ပေ ၆၀ တစ်ကွက်ကို သူတို့အရောင်းအဝယ်သမားတွေကငွေကျပ် သိန်း ၁၂၀ နှင့် ငွေကျပ် သိန်း ၁၆၀ ကြား ပေးလာတာကနေ ဒီစီမံကိန်းလည်းလုပ်မယ်ကြားကြတော့ ငွေကျပ်သိန်း ၃၀၀ နှင့် ငွေကျပ် သိန်း ၃၅၀ ကြား ပေးလာကြပြီး အရောင်းအဝယ်ဖြစ်နေတာကိုတွေ့ရပါတယ်"ဟု ပြောသည်။

ဇွန်ဒုတိယပတ်၌ တွံတေး-ဒလ လမ်းပေါ်ရှိ ပေ ၅၀-ပေ ၆၀ ခြံ နှစ်ကွက်တွဲအား ငွေကျပ် သိန်း ၈၆၀၀ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း အခြားအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင်တစ်ဦးကလည်းပြောခဲ့ပြီး ကနောင်လမ်းမကြီးရုံးရှေ့လမ်းတွင် ပေ ၅၀×ပေ ၆၀ တစ်ကွက်ကို ငွေကျပ် သိန်း၂၅၀၀ ဖြင့် ဈေးခေါ်နေကြကြောင်းကြားသိရသည်။ရာဇသင်္ကြန်နှင့် ညောင်ကုန်းရပ်ကွက်များတွင်လည်း မြေကွက် တစ်ကွက်ကိုဈေးနှုန်းငွေကျပ် သိန်း ၁၈၀ သာရှိခဲ့ရာမှ ယခုအခါငွေကျပ်သိန်း၃၅၀၀န်းကျင်ခန့် မြင့်တက်လျက်ရှိကြောင်း သိရပြန်သည်။

"တံတားထိုးမယ်ဆိုပြီး ဖြစ်လာတော့မြေဈေးတွေက နှစ်ဆ၊ သုံးဆတက်ပြီးနှစ်ပတ်အတွင်းမှာ ကြိုက်ဈေးခေါ်ရောင်းနေကြတာပါ၊ မြေကွက် အရောင်းအဝယ် လုပ်ကြတာကလည်း ဒလမြို့နယ်ထဲကသူတွေ မပါပါဘူး။ ရန်ကုန်မြို့ပေါ်ကလူတွေနဲ့ အခြားမြို့နယ်များက အရောင်းအဝယ်လုပ်ကြတဲ့သူတွေပဲ လုပ်နေကြတာတွေ့ရပါတယ်။ လက်ရှိ မြေကွက်တွေက အရောင်းအဝယ် အေးသွားပေမယ့် ဈေးနှုန်းမကျပါဘူး။မြေဈေးကငြိမ်နေပါတယ်"ဟု ဒလမြို့နယ်အတွင်း နေထိုင်သူတစ်ဦးက ဆိုသည်။

လက်ရှိဒလမြို့နယ်တစ်ဖက်ကမ်းမှ လူဦးရေ သုံးသောင်းကျော်ဝန်းကျင်မှာ ရန်ကုန်တစ်ဖက်ကမ်းသို့ လာရောက်အလုပ်လုပ်နေကိုင်ကြကြောင်း သိရပြီး တံတားတည်ဆောက်ပြီးစီးပါက ဒလမြို့နယ်အပါအဝင် ဒလဘက်အခြမ်းရှိ အခြားမြို့နယ်များပါဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-တင်လှမောင်**



## ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ ဓမ္မကျောင်းတော်ဖွင့်ပွဲကျင်းပ

**နတ်မောက် ဇွန် ၂၃**

နတ်မောက်မြို့နယ် ဈေးသာကျေးရွာတွင် မြို့နယ်လူမှုကူညီရေး အသင်းအဖွဲ့မှကြီးမှူး၍ တနင်္ဂနွေဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ ဓမ္မကျောင်းတော်ဖွင့်ပွဲကို ဇွန်၂၁ ရက် နံနက် ၈ နာရီက ဈေးသာကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲတွင် နေပြည်တော်လယ်ဝေးမြို့ ဓမ္မကျောင်းတော် နေပြည်တော်စင်တာ ရန်ကင်းတောရဆရာတော်ဦးစန္ဒိမာ၊ ဈေးသာကျောင်း ဆရာတော်ဦးဣန္ဒ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေးအောင်၊ နေပြည်တော်လယ်ဝေးမြို့ ဓမ္မကျောင်းတော်နေပြည်တော်စင်တာ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်၊ တနင်္ဂနွေဓမ္မကျောင်းဖြစ်မြောက်ရေးကော်မတီများ၊ မြို့ပေါ်ဌာနဆိုင်ရာများ၊ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ ကျောင်းတက်မည့်ကျောင်းသား လူငယ်များနှင့်ကျေးရွာသူကျေးရွာသားများတက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်လယ်ဝေးမြို့ဓမ္မကျောင်းတော် နေပြည်တော် စင်တာရန်ကင်းတောရ ဆရာတော်ဦးစန္ဒိမာမှ တနင်္ဂနွေဓမ္မကျောင်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များကို ဩဝါဒချီးမြှင့်ပေးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေးအောင်ကအဖွင့်အမှာစကားပြောကြား၍ ဓမ္မကျောင်းတော် နေပြည်တော်စင်တာဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်ကဓမ္မကျောင်းတော် ဖွင့်လှစ်နိုင်ရေးအတွက် ဘုန်းတော်ကြီးကျောင်းဆရာတော်များ၊ မိဘပြည်သူများနှင့် သင်ကြားပေးနိုင်သည့် ဆရာ၊ဆရာမများရှိစေနိုင်ရန် အဓိကရှင်းလင်းပြောကြားသည်။

ထို့နောက်ဈေးသာ ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ကျောင်းသားလူငယ်များ ယဉ်ကျေးလိမ္မာရှိစေရန် အတွက်ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာတနင်္ဂနွေဓမ္မကျောင်းတွင်ပညာသင်ရန် ကျောင်းသားလူငယ် ၁၁၀ ဖြင့် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

## ကျောင်းနေကလေးများအတွက် အာဟာရနှင့် သင်ထောက်ကူပစ္စည်းများ ကလေးမြို့နယ်၌ ပေးအပ်

**ကလေး ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှကျောင်းနေအရွယ် ကလေးသူငယ်များ ဉာဏ်ရည်ထက်မြက်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျန်းမာသန်စွမ်းသောလူငယ်လူရွယ်များဖြစ်လာစေရေးရည်ရွယ်၍ အာဟာရဖြည့်နွားနို့၊ ကြက်ဥတိုက်ကျွေးခြင်းနှင့် ကျောင်းသုံးစာရေးကိရိယာများ ကူညီပံ့ပိုးခြင်းကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက ကလေးမြို့ မြို့သာရပ်ကွက် အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ကျင်းပပြုလုပ်သည်။

မြို့သာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျာတိုးက အမှာစကားပြောကြားပြီး ကလေးမြို့ Myanmar C.P Livestock မှ တာဝန်ခံမန်နေဂျာ ဒေါက်တာစိုးကိုကိုဦးက ကျောင်းနေအရွယ်ကလေးငယ်များ အာဟာရဖြည့် နွားနို့၊ ကြက်ဥတိုက်ကျွေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်သန်းက အာဟာရဖြည့်အစားအစာများ တိုက်ကျွေးခြင်းအားဖြင့် ရရှိလာသော အကျိုးတရားများကို ဆက်လက်ပြောကြားပြီးနောက် ကျောင်းသားကျောင်းသူ ကလေးငယ် ၁၆၇ ဦးတို့အား ကလေးမြို့ ဒေါက်တာစိုးကိုကိုဦးနှင့် စွဲမြဲကြက်စာဆိုင်မှ ဦးဇော်မျိုးမင်းတို့က အာဟာရပြည့်ဝသော နွားနို့၊ ကြက်ဥများ တိုက်ကျွေးခြင်းနှင့် ကျောင်းသုံးစာရေးကိရိယာများဖြစ်သည့် ဗလာစာအုပ် ၂၉ ဒါဇင်နှင့် ခဲတံ ၂၉ ဒါဇင်၊ ခဲဖျက် ၁၆၇ ခုတို့ကူညီထောက်ပံ့ပေးခဲ့ရာ ကျောင်းအုပ်ဆရာကြီး ဦးယဉ်အေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကျောင်းအကျိုးတော်ဆောင်များနှင့် လူမှုရေး အသင်းအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



## အမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**ကော့သောင်း ဇွန် ၂၃**

မြန်မာနိုင်ငံအမျိုးသမီးများနေ့အကြို အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲအား ဇွန် ၂၁ ရက် နံနက် ၉ နာရီက ကော့သောင်းမြို့ အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်းတွင်ကျင်းပရာ မြို့ပေါ်နှင့် ကျေးရွာများမှ အထက်တန်းနှင့် အလယ်တန်းကျောင်း ကျောင်းသားကျောင်းသူ ၁၁၃ ဦး ဝင်ရောက်ပါဝင်ယှဉ်ပြိုင်ကြသည်။

အထက်တန်းအဆင့်ပြိုင်ပွဲအား "အမျိုးသမီးထုစွမ်းအားမြင့်မြင့်မား" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့်အား "နှုတ်ဖျားကဗျာ မေမြန်မာ"ခေါင်းစဉ်ဖြင့် သတ်မှတ်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲအားပညာရေးဌာနနှင့်ပူးပေါင်း၍ ကော့သောင်းခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့မှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဆုရရှိသည့် ကျောင်းသား/သူများအားလာမည့်ဇူလိုင် ၃ ရက် မြန်မာနိုင်ငံ အမျိုးသမီးများနေ့အခမ်းအနားတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး**

## ငါးသိုင်းချောင်း၌ သွေးလွန်တုပ်ကွေး ကာကွယ်လျက်ရှိ

**ငါးသိုင်းချောင်း ဇွန် ၂၃**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဦးစီးဌာနနှင့် ပရဟိတလူငယ်များအဖွဲ့တို့ပူးပေါင်း၍ မြို့ပေါ် ၆ ရပ်ကွက်နှင့် စာသင်ကျောင်းများတွင် ခြင်ဆေးဖျန်းခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဇွန်လ ပထမပတ်မှစတင်၍ အပတ်စဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စိုးမင်းဦး(iprd)**

## ကိုယ့်အားကိုယ်ကိုးကျောင်းဆောင်သစ်ဆောက်လုပ်ကာ ပညာရေးမြှင့်တင်

**ဝမ်းတွင်း ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် သဲတော(၃)ကျော်ဇေလှိုင် ရပ်ကွက်၌အများပြည်သူလှူဒါန်းသည့်ငွေဖြင့် ဒေသ၏လိုအပ်ချက်အရ ကိုယ့်အားကိုယ်ကိုးကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၁ရက် နံနက် ၈နာရီက မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်နှင့်ကျောင်းအကျိုးတော်ဆောင် ဦးသန့်ဇင်တို့က အဆိုပါကျောင်းဆောင်သစ်၏ရှေ့တွင် ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

အဆိုပါကျောင်းတွင် ပင်မကျောင်းဆောင်ဖြစ်သည့် အလျားပေ ၅၀၊ အနံ ၁၈ ပေ၊ အမြင့် ၁၂ ပေ သွပ်မိုးအုတ်ကာအုတ်ခင်းကျောင်းဆောင်သစ် ပြုပြင်ခြင်းတို့အပြင် အလျား ၂၅ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၂ပေ၊ သွပ်မိုးအုတ်ကာအုတ်ခင်းကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း၊ အားကစားကွင်း၊ သန့်စင်ခန်းများနှင့်ခြံစည်းရိုးများ ကာရံခြင်းကို အများစုပေါင်းလှူဒါန်းငွေကျပ်သိန်း ၂၄၀ ကုန်ကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အခမ်းအနားသို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသန်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမောင်မောင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး



ဦးမျိုးမင်းအောင်၊ မြို့နယ်ပညာရေးမှူးနှင့်ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့်အလှူရှင်များ တက်ရောက်ခဲ့ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## နတ်တလင်း-ပေါင်းတည် ကိုယ်ထူကိုယ်ထလမ်းပိုင်းများ ပြုပြင်

**နတ်တလင်း ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်နှင့် ပေါင်းတည်မြို့နယ်ရှိ တာပွန်မှပေါင်းတည်မြို့သို့သွားသောလမ်းအရှည် ရှစ်မိုင်တွင်ကတ္တရာလမ်း ၆မိုင်၅ဖာလုံခင်းပြီးဖြစ်ပြီးနတ်တလင်းမြို့နယ်အောင်ပင်သာရွာအထွက်ခုံးတံတားအရောက်သာရှိ၍ ၁ မိုင် ၃ ဖာလုံမှာ မြေသားလမ်းဖြစ်နေသည်။

မိုးရာသီတွင်သွားလာရေးအတွက် ဒေသနေပြည်သူများ အခက်အခဲနှင့်ကြုံတွေ့နေရသည်ကိုအဆင်ပြေစေရန် ဇွန် ၁၇ ရက်က ဇီးပင်ကွေ့ကျောင်းဆရာတော် ဦးပညာဒီပနှင့် တာပွန်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးတို့ခေါင်းဆောင်၍ ဒေသတွင်းစေတနာရှင်များထည့်ဝင်ငွေနှင့် မြေနီကျင်း ၆၀ အား လမ်းရှည်၁မိုင် ၃ဖာလုံကို အကျယ် ၆ ပေ အမြင့် ၃ လက်မရှိသောရာသီမရွေးသွားလာနိုင်ရန်ခင်းကျင်းနေသည်။

"ပေါင်းတည်နဲ့ တာပွန်သွားလာတဲ့လမ်း ကျန်အပိုင်းလေးကို ကတ္တရာဆက်လက်ခင်းပေးစေချင်ပါတယ်"ဟုလည်း ဒေသခံတစ်ဦးက ပြောကြားသည်။

**တင်မြင့် (နတ်တလင်း)**



# ဥရောပထိပ်သီးကလပ်တွေနဲ့ အပြောင်းအရွှေ့အလှုပ်အခတ်

**မိုးမြင့်လင်းလက်**

ဒီနှစ်ဘောလုံးသမား အပြောင်းအရွှေ့ကာလမှာ ထိပ်တန်းကလပ်တွေရဲ့ လှုပ်ရှားမှုတွေက အရင်နှစ်တွေလောက် လှုပ်လှုပ်ခတ်ခတ် မရှိသေးတာတွေ့ရပါတယ်။ အင်္ဂလန်ကလပ်တွေဖြစ်တဲ့ မန်ယူ၊ ချယ်လ်ဆီး၊ မန်စီးတီးတို့အပြင် လာလီဂါမှာ ရီးရဲမက်ဒရစ်၊ ဘာစီလိုနာ၊ ဘွန်ဒက်လီဂါမှာ ဘိုင်ယန်မြူးနစ်၊ ဒေါ့မွန်စတဲ့အသင်းတွေကတော့ တဖြည်းဖြည်းနဲ့ စဉ်းစားစောင့်ကြည့်ပြီး ကစားသမားတွေ ခေါ်ယူနေတာတွေ့ရပါတယ်။

လာမယ့် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီအတွက် ပြင်ဆင်နေတဲ့ အင်္ဂလန်ကလပ်တွေကတော့ ကစားသမားသစ် ခေါ်ယူရေးမှာ ငွေကြေးကို ချိန်ဆပြီး အသုံးပြုနေကြပါတယ်။ မန်ယူအသင်းကတော့ ပီအက်စ်ဗီမှ ဒီပေးကို ယူရို ၇ ဒသမ ၅ သန်းနဲ့ ခေါ်ယူထားပြီဖြစ်ပါတယ်။ ဒ့ါအပြင် ရီးရဲမက်ဒရစ်ကို အငှားချထားတဲ့ ဟာနန်ဒက်နဲ့ စပို့တင်းလစ္စဘွန်းကို အငှားချထားတဲ့ နာနီတို့ မန်ယူအသင်းကို ပြန်ရောက်ဖို့ရှိနေပါတယ်။ ဒါပေမယ့် မန်ယူကနေပြီး အငှားခေါ်ထားတဲ့ ဖယ်လ်ကာအို ထွက်ခွာမှာဖြစ်သလို ကလီဗာလေလည်း အဲဗာတန်ကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့မှာဖြစ်လို့ ကစားသမားတွေ ပြန်လည်စုစည်းမှုတွေ ပြုလုပ်နေပါတယ်။ လက်ရှိအချိန်မှာ မန်ယူဟာ ကစားသမားအသစ် သုံးဦးလောက် ခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ နည်းပြဗန်ဟားလ်က ပြောကြားနေပါတယ်။

ချယ်လ်ဆီးအသင်းကတော့ လောလောဆယ်မှာ မန်ယူက ထွက်ခွာမယ့် ဖက်လ်ကာအိုကိုခေါ်ယူဖို့ စီစဉ်နေပြီး အတွေ့အကြုံရှိပြီး ခြေစွမ်းထက်တဲ့ တိုက်စစ်မှူးတစ်ဦးအတွက် နည်းပြမော်ရင်ဟိုက ဖယ်လ်ကာအိုကို ခေါ်ယူဖို့ ကြိုးစားခြင်းဖြစ်ပါတယ်။ ဒ့ါအပြင် ဘရာဇီးကလပ် ပါရာနန်စီက ကွင်းလယ်ကစားသမားနာသန်ဟိုကို ခေါ်ယူထားသလို ရိုမေးနီးယားကလပ် ဗီတိုရယ်မှ နောက်ခံလူမာနီယာကို ခေါ်ယူထားပြီး ဖြစ်ပါတယ်။ ချယ်လ်ဆီးကတော့ ဘော်ဂန်ဟာဇက်ကို ဂလာဘတ်အသင်းသို့ ယူရိုရှစ်သန်းနဲ့ ပြောင်းရွှေ့ခွင့်ပြုခဲ့ပြီး ကာကူကာကိုလည်း ဆီဗီလာကို ပြောင်းရွှေ့ခွင့်ပြုခဲ့ပါတယ်။ ဒါပေမယ့် ဖီအိုရင်တီးနားကို အငှားချထားတဲ့ဆာလက်က ချယ်လ်ဆီးကို ပြန်ရောက်လာ ပြီဖြစ်ပါတယ်။

မန်စီးတီးအသင်းကတော့ ပေါ့ဘာကို ခေါ်ယူဖို့ကြိုးစားနေပြီး နက်စတာဆစ်၊ ဆင့်ကလဲယား၊ ဘိုယာတာတို့အသင်းမှ ထွက်ခွာမှာဖြစ်ပါတယ်။ လီဗာပူးကတော့ ဘန်လေမှ ဒန်နီအင့်စ်၊ မန်စီးတီးမှ မီလ်နာတို့ကို ခေါ်ယူဖို့ကြိုးစားနေပြီး ဘော်လ်တန်မှ ဘော့ဒန်ကိုလည်း အလွတ်ပြောင်းရွှေ့ခနဲ့ ခေါ်ယူပြီဖြစ်ပါတယ်။ အာဆင်နယ်ကတော့ အင်တာမီလန်ကို အငှားချထားတဲ့ ပိုဒေါစကီးနဲ့ ဗီလာရီးရဲကို အငှားချထားတဲ့ ဂျိုးကမ်းဘဲလ်တို့ အသင်းကိုပြန်လည်ရောက်ရှိလာပြီဖြစ်ပါတယ်။ လက်ရှိကစားသမားအစုအဖွဲ့ကို ပြန်လည်တည်ဆောက်ပြီး တိုက်စစ်မှူးတစ်ဦးလောက်ပဲ အသစ်ခေါ်ယူမယ်လို့ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ဆိုနေပါတယ်။

လာလီဂါဘက်မှာလည်း ရီးရဲမက်ဒရစ်တို့က ပေါ်တိုမှ နောက်ခံလူ ဒါနီလိုကို ပြောင်းရွှေ့ကြေး ယူရို ၃၁ ဒသမ ၅ သန်းနဲ့ ခေါ်ယူထားသလို မာရော့တာအသင်းမှ ကွင်းလယ်လူ အဆန်စီယိုကို ပြောင်းရွှေ့ကြေး ယူရို ၃ ဒသမ ၅ သန်းနဲ့ ခေါ်ယူထားပြီဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်ရဲ့အားထားရတဲ့ ခီဒီရာက ဂျူဗင်တပ်ကို အလွတ်ပြောင်းရွှေ့မှုနဲ့ ရောက်ရှိသွားလို့ အားနည်းချက်ကတော့ ဖြစ်ပေါ်နေတာ အမှန်ပါပဲ။

ဘာစီလိုနာတို့ကတော့ ဆီဗီလာအသင်းရဲ့ ညာတောင်ပံကစား သမား အဲလက်စ်ဗီဒယ်ကို ပြောင်းရွှေ့ကြေးယူရို ၁၇ သန်းနဲ့ ခေါ်ယူထားပြီး အိုလံပီယာကို့စ်အသင်းကို အငှားချထားတဲ့ အဖယ်လေ၊ ဆီဗီလာကို အငှားချထားတဲ့ ဒယ်လော့ဖူ၊ ဝက်စ်ဟမ်းကို အငှားချထားတဲ့ အဲလက်စ်ဆောင်တို့ ပြန်လည်ရောက်ရှိလာတာမို့ အင်တားစုဖွဲ့မှု ကောင်းကောင်းရရှိနေပါတယ်။ ဘာစီ လိုနာကတော့ ကစားသမားခေါ်ယူဖို့ စိတ်ဆန္ဒပြင်းပြမှုမရှိဘူးလို့ ဆိုပါတယ်။

ဘွန်ဒက်လီဂါမှာတော့ ချန်ပီယံဘိုင်ယန်မြူးနစ်တို့က ကစားသမားအသစ် ခေါ်ယူဖို့အတွက် စတုဂတ်ကစားသမားတွေဖြစ်တဲ့ ကမ်မစ်ချ်ကိုပြောင်းရွှေ့ကြေး ယူရို ၈ ဒသမ ၅ သန်း၊ ယူလစ်ကို ပြောင်းရွှေ့ကြေး ၃ ဒသမ ၅ သန်းနဲ့ ခေါ်ယူထားသလို ဘိုင်ယန်မြူးနစ်မှ ရှာကီရီက အင်တာမီလန်ကို ပြောင်းရွှေ့ကြေး ယူရို ၁၈ သန်းနဲ့ ပြောင်းရွှေ့သွားပြီဖြစ်ပါတယ်။ ဒေါ့မွန်အသင်းကတော့ လေဗာကူဆင်အသင်းမှ ကတ်စ်ထရိုကို ပြောင်းရွှေ့ကြေး ယူရို ၁၁ သန်းနဲ့ ခေါ်ယူထားသလို ဖရိုင်းဘတ်အသင်းမှ ဘာကီကို ပြောင်းရွှေ့ကြေး ယူရို ၃ ဒသမ ၅ သန်းနဲ့ ခေါ်ယူထားပြီဖြစ်ပါတယ်။ အသင်းတိုင်း လာမယ့်ဘောလုံးရာသီမှာ အကောင်းဆုံးပုံစံရရှိဖို့ အပြောင်းအရွှေ့လှုပ်ရှားမှုတွေ ပြုလုပ်နေဆဲဖြစ်ပါတယ်။ ။

## အသက်အငယ်ဆုံး အမေရိကန်အိုးပင်းဂေါက်သီးချန်ပီယံ

ယူအက်စ်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲမှာ အမေရိကန်နိုင်ငံသား ဂျော်ဒန်စပစ်ဟာ အသက်အငယ်ဆုံးဂေါက်သီးကစားသမားတစ်ဦးအနေနဲ့ ဖလားဆွတ်ခူးနိုင်ခဲ့ပါတယ်။ အသက် ၂၁ နှစ်အရွယ်သာရှိသေးတဲ့ ဂျော်ဒန်စပစ်ဟာ သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ပြီး ဖလားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ သူဟာ ၂၀၁၅ ခုနှစ်အတွင်း မာစတာပြိုင်ပွဲမှာလည်း ဖလားဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ဒုတိယမြောက်အဓိကဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ စပစ်ဟာ ပြက္ခဒိန်နှစ်တစ်နှစ်တာအတွင်း အဓိကဖလားပြိုင်ပွဲလေးပွဲစလုံးမှာ ဖလားဆွတ်ခူးနိုင်တဲ့ အသက်အငယ်ဆုံးဂေါက်သီးကစားသမားဖြစ်လာဖို့ရှိနေပါသေးတယ်။ ၁၉၂၃ ခုနှစ်က ဘော်ဘီဂျုံးဆိုသူဟာ အသက်အငယ်ဆုံးနဲ့ ယူအက်စ်အိုးပင်းဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် နှစ်ပေါင်း ၉၀ ကျော်မှ ယခုတစ်ဖန် အသက်အငယ်ဆုံးနဲ့ ယူအက်စ်အိုးပင်းဖလားကို ဆွတ်ခူးနိုင်တဲ့ ကစားသမားပေါ်ထွက်လာခြင်းဖြစ်ပါတယ်။ သူဟာ အသက်အငယ်ဆုံးနဲ့ အဓိကဖလားနှစ်လုံးကို ဆွတ်ခူးနိုင်တဲ့ လေးဦးမြောက်ကစားသမားဖြစ်ပြီး တစ်နှစ်အတွင်း မာစတာနဲ့ ယူအက်ဖ်အိုးပင်းဖလားဆွတ်ခူးနိုင်တဲ့ ခြောက်ဦးမြောက် ကစားသမားဖြစ်ပါတယ်။






## ကားလိုစ့်တီဗက်ဇ်နေရာမှာ ရောက်လာမယ့် မန်ဇူကစ်

ဂျူဗင်တပ်က အက်သလက်တီကိုတိုက်စစ်မှူး မန်ဇူကစ်ကို စာချုပ်တော့မှာဖြစ်ပါတယ်။ ဂျူဗင်တပ်က မန်ဇူကစ်ရောက်လာတဲ့ပုံများကို သူ့ရဲ့ ဝက်ဆိုက်မှတစ်ဆင့် ဖော်ပြခဲ့ပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိ မန်ဇူကစ်ဟာ ပြီးခဲ့တဲ့ရာသီက ဘိုင်ယန်မြူးနစ်မှ အက်သလက်တီကိုမက်ဒရစ်သို့ ရောက်ရှိခဲ့ပါတယ်။ စပိန်ကလပ် အက်သလက်တီကိုနဲ့အတူ ၄၃ ပွဲ ပါဝင်ကစားရာမှာ ဂိုး ၂၀ သွင်းယူပေးနိုင်ခဲ့ပါတယ်။ ချန်ပီယံလိဂ်ဗိုလ်လုပွဲရောက် ဂျူဗင်တပ်အနေဖြင့် မန်ဇူကစ်ကို ပေါင် ၁၃ သန်းပေးခေါ်ဖွယ်ရှိတယ်လို့ သတင်းများက ဆိုပါတယ်။ ကျွန်တော် ဂျူဗင်တပ်ကို သဘောကျပါတယ်။ ကျွန်တော့်ရဲ့ အသင်းသစ်အတွက် အကောင်းဆုံးကစားသမားပေးသွားမှာလို့ မန်ဇူကစ်က ဆိုပါတယ်။ ပြီးခဲ့တဲ့ ရာသီက ဂိုး ၂၀ နဲ့ စီးရီးအေဂိုးအများဆုံးသွင်းယူခဲ့တဲ့ တိုက်စစ်မှူး တီဗက်ဇ်ဟာ အာဂျင်တီးနားကလပ် ဘိုကာဂျူနီယာအသင်းကို ပြောင်းရွှေ့နိုင်တာကြောင့် ဂျူဗင်တပ်က ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ မန်ဇူကစ်ကို ခေါ်ယူဖို့ကြိုးစားခဲ့ခြင်းဖြစ်ပါတယ်။ မန်ဇူကစ်ဟာ ဂိုးသွင်းစွမ်းရည်ထက်မြက်သူဖြစ်ပြီး လာမယ့်ရာ သီမှာ ဂျူဗင်တပ်ရဲ့ အဓိကတိုက်စစ်မှူးဖြစ်လာဖွယ် ရှိနပါတယ်။

**ကောင်းမြတ်သူ ➤ စုစည်းသည်။**

## ဝက်ဖို့ဒ်နဲ့အတူ ပွဲထွက်လာမယ့် ပီရော့တီ

ဝက်ဖို့ဒ်အသင်းအနေနဲ့ ဂျီနိုအာတောင်ပံတိုက်စစ်မှူး ဒီဂိုပီရော့တီကို ကလပ်အသင်းရဲ့ စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ခုနစ်သန်းနဲ့ စာချုပ်လိုက်ပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီက စီးရီးအေကိုရောက်ရှိလာတဲ့ ပီရော့တီဟာ ၂၇ ပွဲမှာ လေးဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ အသက် ၂၆ နှစ်အရွယ်သာရှိသေးတဲ့ ပီရော့တီဟာ ခြေစွမ်းရှိတဲ့ တိုက်စစ်မှူးဖြစ်ပြီး လာမယ့်ရာသီမှာ ဝက်ဖို့ဒ်အသင်းအတွက် အကောင်းဆုံးကစားပေးမယ့် တိုက်စစ်မှူးဖြစ်ပါတယ်။ ပီရော့တီဟာ အီတလီသို့မပြောင်းမီ ၂၀၁၄ ခုနှစ် ယူရိုပါလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့တဲ့ ဆီဗီလာအသင်းနဲ့အတူ ပါဝင်ကစားခဲ့သူဖြစ်ပါတယ်။ သူဟာ ၂၀၀၉ ခုနှစ်က အာဂျင်တီးနားအသင်းအတွက် စပိန်နဲ့ ကစားရာမှာ ပါဝင်ကစားခဲ့သူဖြစ်ပါတယ်။ သူဟာစပိန်မှာ ရှစ်နှစ်ကြာကစားခဲ့ပြီး ဆီဗီလာအသင်းနဲ့အတူ စပိန်ဖလားဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်ပါတယ်။ ဝက်ဖို့ဒ်အသင်းဟာ ပြီးခဲ့တဲ့ ရာသီ ချန်ပီယံရှစ်ပြိုင်မှာ ဒုတိယရခဲ့တဲ့အသင်းဖြစ်ပါတယ်။



# နန်းသာအုံးကျေးရွာ ပညာရောင်ခြည်စာကြည့်တိုက်ဖွင့်

**လှိုင်းဘွဲ့ ဇွန် ၂၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် နန်းသာအုံးကျေးရွာ ပညာရောင်ခြည်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲကို ဇွန် ၂၁ ရက်က ကျင်းပသည်။

ဘားအံမြို့ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဆရာတော်၊ ဘားအံမြို့ ခေမာရာမကျောင်း ဆရာတော်နှင့် ဥဒေါင်းကျေးရွာဘုန်းတော်ကြီးကျောင်းဆရာတော်တို့ က ဩဝါဒစကားပြောကြားသည်။

ယခုကျေးရွာ စာကြည့်တိုက်ရှိလာသောကြောင့် ရန်ကုန်၊ မန္တလေး၊ ဘားအံမြို့စသောမြို့ကြီးပြကြီးများတွင်ရှိသော တက္ကသိုလ်ကြီးများပမာ ကျေးရွာနေလူထု၏ စာပေဗဟုသုတရှာမှီးစရာတက္ကသိုလ်တစ်ခု သတ်မှတ်နိုင်ပြီဖြစ်ကြောင်း ဆရာတော်များက ဩဝါဒချီးမြှင့်သည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့က လည်းကောင်း၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ကလည်းကောင်း၊ အလှူရှင်များကလည်းကောင်း စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များက လက်ခံရယူကြသည်။

အဆိုပါ စာကြည့်တိုက်ကို ဘားအံမြို့ခေမာရာမကျောင်းဆရာတော်ကမတည်ကာ ကျေးရွာနေပြည်သူများ၏ အလှူငွေဖြင့် အလျားပေ ၃၀၊ အနံ ၂၅ ပေရှိတစ်ထပ်တိုက်ဖြစ်ပြီး စာကြည့်တိုက်ကို ပရိဘောဂများအပါအဝင် စုစုပေါင်း ငွေကျပ် ၈၆ သိန်း အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်၍ ဇွန် ၂၁ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။

သန်းဝင်း(သန်လျင်)



# ရေနံချောင်း၌ ကိုယ့်အားကိုယ်ကိုးကာ ကျေးရွာသုံးရွာ လျှပ်စစ်မီးရရှိပြီ

**ရေနံချောင်း ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ရေနံချောင်းမြို့နယ် ပင်းဝကျေးရွာအုပ်စုအတွင်းရှိ ဘုရားကုန်းကျေးရွာ၊ သပြေပင်ကျေးရွာနှင့်ပင်းဝကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားများကို ဇွန်၂၀ ရက် နံနက်က ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မကွေးခရိုင်နှင့် ရေနံချောင်းမြို့နယ်မှ တာဝန်ရှိသူများ၊ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားများကို ဘုရားကုန်းကျေးရွာတွင် နံနက် ၉ နာရီကလည်းကောင်း၊ သပြေပင်ကျေးရွာတွင် နံနက် ၉ နာရီ ၄၅ မိနစ်ကလည်းကောင်း၊ ပင်းဝကျေးရွာတွင် နံနက် ၁၀ နာရီခွဲကလည်းကောင်း ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားများကို စုရပ်နေရာ အသီးသီးတွင် ကျင်းပခဲ့သည်။

ယခုဖွင့်လှစ်ခဲ့သော ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားများတွင် ရေနံချောင်းမြို့နယ် ပင်းဝကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာတွင် ၁၁၅ ကေဗွီအေထရန်စဖော်မာတစ်လုံးနှင့် လျှပ်စစ်မီတာ၂၀၉လုံးတပ်ဆင်ထားပြီး စုစုပေါင်းကုန်ကျငွေ ကျပ် ၇၀၅သိန်းအား ကျေးရွာပြည်သူများမှထည့်ဝင်ငွေဖြင့်လည်းကောင်း၊ သပြေပင်ကျေးရွာတွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် မီတာ ၅၆ လုံးတပ်ဆင်ထားပြီး စုစုပေါင်း ကုန်ကျငွေ ကျပ်သိန်း ၃၄၀ အားပြည်သူမှ ထည့်ဝင်ငွေကျပ် ၂၉၀သိန်း၊ လွှတ်တော်ရန်ပုံငွေမှ ကျပ် သိန်း ၅၀ တို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ပင်းဝကျေးရွာတွင် (၁၆၀) ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် မီတာ ၈၆ လုံးတပ်ဆင်ထားသည်။

စုစုပေါင်း ကုန်ကျ ငွေ ၃၆၅သိန်းအား ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၃၁၅သိန်း လွှတ်တော်ရန်ပုံငွေမှ ကျပ်သိန်း ၅၀ နှင့် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးများကို ဆောင်ရွက်ခဲ့သည့်အတွက် ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်လာပြီး စီးပွားရေးများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# မြစိမ်းရောင်စီမံကိန်းကြောင့် ကျေးရွာစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာ

**တောင်တွင်းကြီး ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရေဦးအုပ်စု ကွဲဖြူကန်ကျေးရွာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြစိမ်းရောင်စီမံကိန်းဖြင့် အရင်းမပျောက် မတည်ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့သဖြင့် ကျေးရွာရှိတောင်သူများ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်၊ ကုန်စုံဆိုင်၊ ကွဲ၊ နွား၊ ဆိတ်၊ သိုး၊ ဝက်စသည့် မွေးမြူရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံရန် အရင်းအနှီးရရှိလာသဖြင့် ကျေးရွာနေ ပြည်သူများ ဝင်ငွေတိုးတက်လာပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများလည်း ယခင်ကထက်ဖွံ့ဖြိုးတိုးတက်လာကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရွာသစ်၊ ဂျုတ်ကုန်း၊ အုန်နွဲတန်း၊ အင်းရွာကြီး၊ ကြံစု၊ အင်ကြင်းသာ၊ တည်တော-၁၊ ရှမ်းကိုင်း၊ ကွင်းသာ၊ ဒိုးတန်း စုစုပေါင်း ၁၀ ရွာတို့အား မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်ရွာလျှင် အရင်းမပျောက် မတည်ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း ၃၀၀၀ ထုတ်ချေးသွားမည်ဖြစ်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက ဇွန် ၂၁ ရက်ကစတင်၍ မြစိမ်းရောင်စီမံကိန်း ကျေးရွာများသို့ ကွင်းဆင်း၍ စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(နိုင်ဝင်း)**

# ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးနိုင်ရေး တွန်းဇံမြို့၌ ဆောင်ရွက်ပေးနေ

**တွန်းဇံ ဇွန် ၂၃**

ချင်းပြည်နယ် ဖလမ်းခရိုင် တွန်းဇံမြို့၌အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုသောအားဖြင့် ၂၀၁၅-၂၀၁၆ခုနှစ် စိုက်ပျိုးရာသီ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး မျိုးစေ့၊ ပျိုးပင်များပေးအပ်ပွဲကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့ နယ်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွေးနှင့် မြို့ နယ်ရဲတပ်ဖွဲ့မှူးဦးလှိုင်မြင့်တို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကိုဆန်းက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆောင်ရွက်မှုတစ်ခုအဖြစ် ဘိန်းအစားထိုးသီးနှံမျိုးစေ့နှင့် ပျိုးပင်များပေးအပ်ခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။

အထူးအထွက်တိုးပုလဲသွယ် စပ်မျိုးစပါးမျိုးစေ့ ကီလို ၇၀၀၊ ဧက ၁၀၀ စာနှင့် မျောက်ဂိုပျိုးပင် ၂၀၀ တို့ကို မြို့ နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့ နယ်အတွင်းရှိ ကျေးရွာငါးရွာမှ တောင်သူ ၇၀ ထံသို့ အသီးသီးပေးအပ်ခဲ့သည်။

ချင်းပြည်နယ်တွင် အဆိုပါဘိန်းအစားထိုးသီးနှံများအဖြစ် ပုလဲသွယ်စပါးစသည့်သီးနှံမျိုးစေ့များ၊ နှစ်ရှည်ပျိုးပင်များနှင့်နှစ်ချင်းသီးနှံ မျိုးစေ့ထုပ်များကို တောင်သူများအား အခမဲ့ဖြန့်ဖြူးပေးခြင်းဖြင့် ဘိန်းစိုက်ပျိုးမှုလျော့ကျစေရန် ဆောင်ရွက်နေသကဲ့သို့ စိုက်ပျိုးရေးပညာပေးဟောပြောပွဲများ၊ သီးနှံပိုးမွှားများ အန္တရာယ်ကာကွယ်ရေးပညာပေးခြင်း စသည့်သီးနှံအထွက်တိုးရေးလုပ်ငန်းများကိုလည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ဓမ္မထေရီတောရကျောင်းသို့ မော်တော်ယာဉ်လှူဒါန်း

**ပန်းတောင်း ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး(အနောက်) ပန်းတောင်းမြို့နယ် ညောင်ခြေထောက်ကျေးရွာအုပ်စု ဓမ္မထေရီတောရကျောင်း(အမြဲတမ်းဓမ္မရိပ်သာ)သို့ ဦးအောင်လွင်မြင့်-ဒေါ်အေးအေးသန်း(ကလေးဆေးရုံ) မိသားစုတို့မှ ကျပ်သိန်း ၁၈၀ တန်ဖိုးရှိ မော်တော်ယာဉ်တစ်စီးနှင့် လျှပ်စစ်မီးအတွက် ငွေကျပ် ၂၁ သိန်းတို့ကို ဇွန် ၂၀ ရက်က ပေးအပ်လှူဒါန်းခဲ့သဖြင့် ဒေသခံများ၏ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ **(၀၀၈)**

# လယ်ယာမြေ ဧက ၂၀၀ ခန့် လပွတ္တာတွင် ဖော်ထုတ်

**လပွတ္တာ ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ လပွတ္တာခရိုင်အတွင်း လယ်ယာမြေဧက ၂၀၀ စနစ်တကျဖော်ထုတ်လျက်ရှိကြောင်း ခရိုင်စိုက်ပျိုးရေးရုံးမှ သိရသည်။

လပွတ္တာခရိုင် လပွတ္တာမြို့နယ် မြို့မ(၉)တွင် ဖော်ထုတ်ခွင့်ရရှိသည့်ကုမ္ပဏီမှ လုပ်ငန်းလုပ်ဆောင်နေမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်း၊ စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့များက ဇွန် ၂၂ ရက် နံနက်ပိုင်းက ကြည့်ရှုခဲ့သည်။

အခမ်းအနားတွင် အာရှအဓိပတိလယ်ယာစိုက်ပျိုးရေးကုမ္ပဏီမှ တာဝန်ရှိသူ ဦးဝဏ္ဏလှမြင့်က တောင်သူများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေမှု၊ လုပ်ငန်းပြီးစီးမှုများအား ရှင်းလင်းတင်ပြ၍ ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအား တောင်သူများနှင့်အတူ ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# မြစ်ဆယ်ကျေးရွာ တောင်သူများအတွက် ဆွေးနွေးပညာပေး

**ရေကြည် ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ မြစ်ဆယ်ကျေးရွာရှိ တောင်သူ ဦးခွေးလေး၏ ချဉ်ပေါင်လျှော်စိုက်ခင်း၌ ဇွန် ၂၁ ရက်က တောင်သူပညာပေးဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ထွန်းက စိုက်စနစ်၊ အပင်ပြုစုစနစ်များ မှန်ကန်စေရေး၊ သွင်းအားစုများကို အချိန်ကိုက် အချိုးကျသုံးစွဲရေးတို့ကို ပညာပေးဆွေးနွေးပေးခဲ့ပြီး တစ်ဧကလျှင် သတ်မှတ်အပင်ရေအလိုက် စိုက်ပျိုးနည်းစနစ်ကို လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ယင်းဆွေးနွေးပွဲသို့ တိုင်းဦးစီးမှူး ဦးခင်မောင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်နှင့် မြို့နယ်ဦးစီးအရာရှိ ဒေါ်စန်းစန်းမေနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

**မင်းဇော်ဦး(ရေကြည်)**

ဆောင်းပါး

# ဧရာဝတီရဲ့ ပညာအလင်းရောင် ထွန်းပြောင်ခဲ့ပြီ

မိုင်းရယ်-ငွေထွန်း

ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏စပါးကျီဟု ခေါ်ဆိုဖွယ်ဆန်၊ စပါးအများဆုံး ထွက်ရှိရုံမက ရေသယံဇာတ၊ မြေသယံဇာတ ပေါကြွယ်ဝသည့် တိုင်းဒေသကြီးတစ်ခုလည်းဖြစ်ပါသည်။ စည်ပင်သာယာမှုအပေါင်းနှင့်ပြည့်စုံပြီး အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် ကူးလူးဆက်သွယ်ရာ ရေလမ်း၊ ကုန်လမ်း၊ လေကြောင်းလမ်းသာသည့် တိုင်းဒေသကြီးတစ်ခုအဖြစ်လည်း တိုးတက်စည်ပင်လာခဲ့ပြီဖြစ်သည်။ ယခုလည်း ၂၀၁၅ ပညာသင်နှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အများဆုံး ပထမရရှိခဲ့သည့် တိုင်းဒေသကြီးအဖြစ် ရပ်တည်ခွင့်ရလာသဖြင့် ဧရာဝတီ၏ ပညာအလင်းရောင်ထွန်းပြောင်ခဲ့ပြီဟုပင် ဆိုချင်ပါသည်။

ပညာရေးနှင့် ပတ်သက်၍ စစ်တမ်းများအရ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် အောင်ချက်ရာနှုန်း ၂၇ ဒသမ ၁၃ ရာခိုင်နှုန်းဖြင့် အောင်ချက်အဆင့် ၁၂၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အရောက် အောင်ချက်ရာနှုန်း ၃၅ ဒသမ ၅၉ အဆင့် ၉၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင်မူ အောင်ချက်ရာနှုန်း ၃၁ ဒသမ ၂ ဖြင့် အဆင့် ၁၀၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင်မူ အောင်ချက်ရာနှုန်း ၄၄ ဒသမ ၈၅ ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် အဆင့် ၂ အထိ မြင့်တက်လာခဲ့သည်ကို တွေ့ရသည်။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့်၂၀၁၄-၂၀၁၅ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း ၅၁ ဒသမ ၇၈ ဖြင့် တစ်နိုင်ငံလုံး ပထမရခဲ့သည်ဖြစ်ရာ ယင်းနှစ်အတွင်း တိုင်းဒေသကြီးရှိ ဖြေဆိုခွင့်လျှောက်ထားသူ ၆၅၂၉၃ ဦး ရှိသည့်အနက် ၆၁၈၅၁ ဦးဝင်ရောက်ဖြေဆိုရာ ၃၂၀၂၆ အောင်မြင်ခဲ့သည်။ ဂုဏ်ထူးရရှိမှုတွင် ဘာသာစုံ ဂုဏ်ထူးရှင် ၃၆ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၀၆ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၂၆၉ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၈၀၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၈၂၁ ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၄၅၅၃ ဦး ရရှိခဲ့ပြီး ဂုဏ်ထူးရှင်စုစုပေါင်း ၇၅၉၃ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ဧရာဝတီ၏ ပညာအလင်းရောင် ထွန်းပြောင်ခဲ့ပြီဟုဆိုရခြင်းမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ပညာရေးနှင့်ပတ်သက်၍ အားပေးချီးမြှောက်ခြင်းနှင့် ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊ ရပ်မိရပ်ဖများနှင့် ကျောင်းအသီးသီးမှ ဆရာ၊ ဆရာမများ၏ စေတနာ၊ ကျောင်းသားများ၏ သင်ယူမှုစွမ်းအား၊ မိဘများ၏ ပံ့ပိုးကူညီမှုများကြောင့်ပင်ဖြစ်ကြောင့် နှစ်အနည်းငယ်အတွင်းမှာပင် တစ်နိုင်ငံလုံး အောင်ချက်အများဆုံး တိုင်းဒေသကြီးအဖြစ် အဆင့်ဆင့် မြင့်မားလာခဲ့ခြင်းကြောင့်ဟု အတိုချုပ် ဆိုရပေမည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ၂၀၁၁ မတ် ၃၁ရက်မှစတင်ကာ ပညာရေးနှင့်ပတ်သက်၍ ၂၀၁၁- ၂၀၁၂ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက် အထူးမြင့်မားရေးနှစ်အဖြစ်လည်းကောင်း၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း အရှိန်အဟုန်မြင့်တင်ရေးနှစ်အဖြစ်လည်းကောင်း



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က အောင်ချက်မြင့်မားသည့် မြို့နယ်များထံသို့ ဂုဏ်ပြုလွှာများ ချီးမြှင့်ပေးစဉ်။

၂၀၁၃-၂၀၁၄ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အရှိန်အဟုန်အထူးမြင့်တင်ရေးနှစ်အဖြစ်လည်းကောင်း၊ ၂၀၁၄ -၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အရှိန်အဟုန်အထူးထိန်းသိမ်းရေးနှစ်ဟူ၍ လည်းကောင်း ရည်မှန်းဆောင်ရွက်ခဲ့သည့်အပြင် ဆက်လက်ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင်လည်း တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်ဆက်လက်ထိန်းသိမ်းရေးနှစ် အဖြစ် ဆက်လက်ဆောင်ရွက်သွားရန် ရည်မှန်းချက်ထားရှိ ဆောင်ရွက်ခဲ့သည်။

၎င်းအပြင် တိုင်းဒေသကြီးအစိုးရအနေဖြင့် ထူးချွန် ကျောင်းသား၊ ကျောင်းသူများနှင့် သင်ကြားပေးသူ ဆရာ၊ ဆရာမများကိုလည်း ဂုဏ်ပြုချီးမြှောက်သည့်အနေဖြင့် ပြည်ပခရီးစဉ်အဖြစ် ၂၀၁၂ ခုနှစ်၌ စင်ကာပူနိုင်ငံသို့လည်းကောင်း၊၂၀၁၃ ခုနှစ်တွင် ဂျပန်နိုင်ငံသို့လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံသို့ လည်းကောင်း ပို့ဆောင်ပေးခဲ့ပြီး ယခုနှစ်တွင်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပို့ဆောင်ပေးမည်ဖြစ်သည်။ နှစ်စဉ် ထူးချွန်သော ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအဆင့်များမှ ထူးချွန်သူများကိုလည်း ဆုချီးမြှင့်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံး အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများကို မူလတန်းမှသည် အထက်တန်းသို့တိုင်အောင် အခြေခံကောင်းများရရှိရန် စီမံအုပ်ချုပ်ရေး၊သင်ကြားရေးကိစ္စရပ်များကို နှစ်အလိုက် ရည်မှန်းချက်များ ချမှတ် ဆောင်ရွက်ပေးခဲ့သည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စောင့်ရှောက်ပေးရမည့် ကိစ္စရပ်များကို အချိန်မီတင်ပြနိုင်ခဲ့ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း အချိန်မဆိုင်း ပြန်လည်ဖြည့်ဆည်းပေးခဲ့ခြင်းကြောင့် အောင်ချက်အမြင့်ဆုံး တိုင်းဒေသကြီးအဖြစ် ရပ်တည်လာနိုင်ခြင်းပင်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးကို ယခင်ကလို စပါးကျီလို့ ခေါ်ဆိုနေရုံမျှဖြင့် ပြည့်စုံမှုမရှိတော့ပြီ။ မြေသယံဇာတ၊ ရေသယံဇာတများနှင့် ပြည့်စုံကြွယ်ဝနေသည့်အပြင် ပညာရည်တိုးတက်မြင့်မားလာသည့် အစဉ်အလာကောင်းကိုလည်း ရရှိလာခဲ့ခြင်းကြောင့် ဧရာဝတီရဲ့ပညာအလင်းရောင် ထွန်းပြောင်ခဲ့ပြီဟု ရေးသားဖော်ကျူးလိုက်ရပါတော့သည်။ ။

# တောင်သူတို့အတွက် ဝင်ငွေလမ်းဖြောင့်သည့် ဆေးဖက်ဝင်နဂါးမောက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် အောင်မြင်ဖြစ်ထွန်းနေသော ရှားစောင်းလက်ပတ် အပင်မျိုးစိတ် ဂမုန်းမျိုးနွယ် ဆေးဖက်ဝင် နဂါးမောက်သီးများ စတင်လှိုင်လှိုင်ပေါ်နေပြီဖြစ်၍ မြန်မာနိုင်ငံအရပ်ရပ်သို့ တင်ပို့ရောင်းချခြင်းဖြင့် စိုက်ပျိုးသူတို့ ဝင်ငွေတိုးလာပြီဖြစ်သည်။

နဂါးမောက်သီးများသည် မိုးများစွာရွာသွန်းသော မေလမှစတင် ကာဒီဇင်ဘာလအထိ အသီးလှိုင်လှိုင်ထွက်ရှိကာ နွေအခါ အပူချိန်မြင့်မားမှုနှင့် မိုးရေကောင်းစွာ မရရှိသဖြင့် အဖူးအားလုံး ပန်းမပွင့် အသီးမတင်နိုင်ပေ။ နဂါးမောက်သီးသည် ပိုးမွှားကျရောက်မှုနည်းကာ ဓာတုပစ္စည်းလွတ်ကင်းသည့် အော်ဂဲနစ်သီးနှံဖြစ်သည့်အပြင် အူမကြီးကင်ဆာနှင့် ဆီးချို၊ ဆီးလွန်ရောဂါများကိုလည်း ကာကွယ်ပေးနိုင်သည်။ ထို့အပြင် အဆိပ်အတောက်ဖြစ်စေသည့်ဓာတ်များကို ချေဖျက်ပေးပြီး ကိုလက်စထရောကို ကျဆင်းစေခြင်းကြောင့် ပြည်တွင်းစားသုံးသူများသည် နှစ်အနည်းငယ်အတွင်း အများအပြားသုံးစွဲနေကြခြင်းဖြစ်သည်။

တရုတ်နိုင်ငံတွင် အဓိကစားသုံးကြခြင်းဖြစ်ပြီး ကျန်းမာရေးလိုက်စားသူများက ဓာတ်စာအဖြစ် အများဆုံးအသုံးပြုသည်ကို တွေ့ရသည်။ ပြည်တွင်းတွင်လည်း ဈေးကွက်ဝင်သီးနှံတစ်ခုအဖြစ် စားသုံးသူဈေးကွက်အခိုင်အမာ ရရှိလာခဲ့ပြီဖြစ်သည်။ နဂါးမောက်သီးမှာ မျိုးအလိုက် အနီ၊ အဖြူ ပန်းရောင်နှင့် အဝါရောင်သမ်းသည့် ပန်းရောင်ဟူ၍ အရောင်များရှိပြီး နွားနို့နှင့်လည်းကောင်း၊ ဂျယ်လီများတွင်လည်းကောင်း၊ အစာသွပ်မုန့်အဖြစ်လည်းကောင်း ထည့်သွင်းအသုံးပြုသည်လည်း ရှိသည်။ **နဂါးမောက်သီးသည် အင်တီအောက်စီးဒင့်ဓာတ်များပြားသဖြင့် ကင်ဆာရောဂါကို ကာကွယ်နိုင်**ကြောင်းသိရသည်။

နဂါးမောက်သီးသည် မြေတွင်စိုက်ပျိုးရန် သင့်လျော်သည်။ မြေစေးတွင် အပင်ဖြစ်ထွန်းမှု နှေးကွေး၍ ပင်စည်မှ အမြစ်ထွက်မှု အားနည်းတတ်သည်။ နဂါးမောက်စိုက်ရာတွင် တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်စိုက်ပျိုးသူများပြားလေ့ရှိပြီး အခြေခံစိုက်ပျိုးနည်းမှာအတူတူပင်ဖြစ်သည်။မြန်မာနိုင်ငံ၌ အရွယ်ရောက်ပြီး အပင်များမှ ကိုင်းဖြတ်ကိုယူကာ အပင်သစ်အဖြစ် စိုက်ပျိုးလေ့ရှိပြီး ပျိုးကိုင်းများသည် အမြစ်မထွက်မီ ပုပ်တတ်သဖြင့် ပျိုးကိုင်းများမစိုက်မီ အမြစ်ထွက်ဟော်မုန်း ဆေးများဖြင့် စိမ်၍စိုက်ပါက လျင်မြန်စွာကြီးထွားစေသည်။

နဂါးမောက်သီး စိုက်ပျိုးရန်ရွေးချယ်ထားသော မြေနေရာသည် ရေမဝပ်သော မြေနေရာဖြစ်ရန် လိုအပ်ပြီး စိုက်ခင်းဖြစ်ပါက အရင်းအနှီးရှိသဖြင့် စိုက်ပျိုးပြီး အပင်များ အမြစ်ထွက်လာစေရန် ရေစိမ်ခြင်းများပြုလုပ်ပါက ကောင်းစွာ မဖွံ့ဖြိုးဘဲ အပင်ကြီးထွားမှု အဟန့်အတားဖြစ်စေကြောင်း စိုက်ပျိုးသူများက ပြောကြားသည်။

စိုက်ပျိုးမည့်မြေနေရာတွင် အလျားနှစ်ပေ၊အနက် နှစ်ပေ စိုက်ကျင်းများ



ကို တူးဖော်ကာ အတွင်းသို့ နွားချေးခြောက်နှင့် မြေဆွေးရောနှော ထည့်ထားရမည်။ စိုက်ပျိုးရာတွင်လည်း တစ်ပင်နှင့် တစ်ပင် ကိုးပေအကွာ အဝေးထားကာ စိုက်ပျိုးသင့်ကြောင်း သိရသည်။ စိုက်ကျင်းများအတွင်း သဲနှုန်းများနှင့် ဖွဲပြာများရော၍ထည့်ထားသဖြင့် နဂါးမောက်အပင်၏ အမြစ်ထွက်နှုန်း အားကောင်းစေသည့်အပြင် အပင်အတွက်အာဟာရဓာတ်များကိုလည်း လေလွင့်ဆုံးရှုံးမှု လျော့နည်းစေသည်။ အပင်မှ အာဟာရကို ဖြည်းညင်းစွာ စုပ်ယူစားသုံးသဖြင့် အပင်ကြီးထွားမည်ဖြစ်ပြီး ဖျူရာဒန်ကဲ့သို့ မြေအောင်းပိုးများကို ကာကွယ်ပေးသော ပိုးသတ်ဆေးမှုန့်များကို ကြိုတင်၍ ရောနှောထည့်ထားနိုင်ပါက ပိုကောင်းပေသည်။

နဂါးမောက်ပင်၏ ကိုင်းဖြတ်များကိုဖြစ်စေ၊ ပျိုးထုပ်တွင် ပျိုးထားသော ပျိုးပင်ကိုဖြစ်စေ စိုက်ကွင်းတွင် ချစိုက်ရမည်သာဖြစ်သည်။ နဂါးမောက်သီးစိုက်ပျိုးရာတွင် ၎င်းအပင်သည် တွယ်ကပ်၍ ကြီးထွားသော သဘာဝရှိသဖြင့် ပင်စည်၏ အဆစ်များမှအမြစ်များထွက်လာပြီး တွယ်ကပ်နိုင်သော ကွန်ကရစ်ကျောက်တိုင်ကိုဖြစ်စေ၊ အသားတိုင်ကိုဖြစ်စေ စိုက်ထူထားရမည်။ ကွန်ကရစ်တိုင်သို့မဟုတ် သစ်သားတိုင်ကို ခြောက်ပေအမြင့် စိုက်ထူထားပြီး တိုင်ထိပ်တစ်ဖက်စီတွင် နှစ်ပေခန့် ထီးသဖွယ်ပြုလုပ်ပေးထားမှသာ မြေပြင်မှ ကျောက်တိုင်သို့ တွယ်ကပ်၍ တက်လာသည့်နဂါးမောက်ပင်မှာ တိုင်ထိပ်သို့ ရောက်ရှိသည်။ ထိုအခါ တိုင်ထိပ်တွင် ထီးသဖွယ်ပြုလုပ်ထားသော အသားတန်းများ၊ သံတန်းများပေါ်သို့ ကိုင်းများဖြာကာ ကြီးထွားနိုင်မည်ဖြစ်သည်။ တိုင်တစ်တိုင်လျှင် နှစ်ပင်စိုက်နိုင်က ပိုမိုကောင်းမွန်ကြောင်းသိရသည်။

နဂါးမောက်ပင်များ စိုက်ပျိုးပြီးသည်နှင့် ပေါင်းမြက်ပင်များကို ရှင်းလင်းပေးရန်လိုအပ်သည်။ သို့မှသာ ပေါင်းများတွင် ခိုအောင်းပြီး နဂါးမောက်ပင်ကို ကိုက်ဖြတ်ဖျက်ဆီးတတ်သော ပိုးမွှားများကို ကာကွယ်ပြီးဖြစ်သည်။ ထို့နောက် ပင်စည်များမှ ကိုင်းဖျာလာပြီး တဖြည်းဖြည်းကြီးထွားလာရာအပင်ပိုင်း ဆိုင်ရာဖွံ့ဖြိုးမှုတွင် ပိုးသတ်ဆေး၊ မှိုသတ်ဆေးနှင့် ရောဂါသတ်ဆေးများကို ဖျန်းပက်ရန် လိုအပ်သည်။ သို့မှသာ အပင်များ တစ်ဟုန်ထိုး ကြီးထွားလာမည် ဖြစ်သည်။ စိုက်ပျိုးပြီးစတွင် စိုက်ကျင်းတစ်ကျင်းလျှင် ယူရီးယားဟင်းစားနှစ်ဇွန်း၊ ပိုတက်ရှ်မြေဩဇာနှစ်ဇွန်းခန့်ထည့်ကာ အပေါ်မှမြေမှုန့်များ ဖုံးအုပ်အစာကျွေးနိုင်ပါသည်။ ထိုသို့ မြေဩဇာကျွေးခြင်းကို တစ်လတစ်ကြိမ်ပြုလုပ်ပေးပြီး အပင်ခြေကို ရေလောင်းပေးရမည်။ သို့မှသာ အပင်၏ အမြစ်များမှ အစာအာဟာရကို အလွယ်တကူ စုပ်ယူစားသုံးနိုင်မည် ဖြစ်သည်။

နဂါးမောက်ပင်ကြီးထွားကောင်းမွန်ပြီး အသီးတင်နှုန်းကောင်းမွန်စေရန်နှင့် မြေဆီစွတ်စိုနေစေရန်အတွက် အပင်များအကြားတွင် ရေမြောင်းများ ဖောက်၍ သုံးရက်မှ ခုနစ်ရက်ခြား ရေသွင်းပေးရမည်။ အပင်များ၏အခြေသို့ ရေပိုက်ကလေးများနှင့် ဆက်သွယ်ကာ အစက်ချရေပေးနည်းစနစ်ဖြင့်လည်း ရေပေးသွင်းနိုင်သည်။ ထိုစနစ်သည် အလေအလွင့်နည်းပါးပြီး ထိရောက်မှုရှိသောနည်းဖြစ်သည်။

ထိုသို့ စနစ်တကျ ပြုစုစောင့်ရှောက်ခြင်းဖြင့် နဂါးမောက်သီးနှံပင်များ ကြီးထွားဖွံ့ဖြိုးပြီး ကျန်းမာရေးအတွက် အထောက်အကူ ဖြစ်စေမည့် နဂါးမောက်သီးများ ရရှိလာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ **စိုင်းသာလှိုင်(လိမ္မော်မြေ)**

# ခေတ်သစ်လူနေမှုဟန်. . . ကွန်ဒိုမီနီယံ

**သိပ္ပံစာရေးဆရာကိုကိုအောင်**

တစ်နေ့တခြားတိုးပွားလာသော လူဦးရေကြောင့် ကမ္ဘာ့မြို့ပြများတွင် လူနေထူထပ်လာခဲ့သည်။ အထူးသဖြင့် စီးပွားရေးအချက်အချာကျသော မြို့ပြများတွင် လူဦးရေများ သိသာစွာတိုးပွားလာသလို အဆောက်အအုံသစ်များလည်း အများအပြားပေါ်ထွက်လာသည်။ လူဦးရေအဆမတန် များပြားလာသည့်အခါ ခိုလှုံနေထိုင်စရာရှားပါးလာသည့်အတွက် မြေနေရာများလည်း ဈေးနှုန်းအဆမတန်မြင့်တက်လာသည်။

ထိုအခြေအနေသို့ ရောက်ရှိလာသည့်အခါ ရှိသည့် မြေနေရာတွင် မိသားစုများများ နေထိုင်နိုင်အောင် ကြံဆခဲ့ကြသည်။ သို့ဖြစ်၍ ယခင်က မိသားစုတစ်စုတည်းသာ နေထိုင်နိုင်ခဲ့ကြသော မြေနေရာတစ်ကွက်သည် ယခုအခါ မိသားစုအများအပြား နေထိုင်နိုင်သော အထပ်မြင့်တိုက်ကြီးများ ဖြစ်လာခဲ့သည်။ အထပ်မြင့်တိုက်များ၏ သဘောသဘာဝအရ တိုက်ခန်းတစ်ခန်းစီတွင် နေထိုင်ကြသူများသည် မိမိပိုင်ဆိုင်သော အခန်းတစ်ခန်းစီ၏ အပေါ်တွင်သာ တာဝန်ရှိကြပြီး အများနှင့် သက်ဆိုင်သော ဧရိယာများပေါ်တွင် တာဝန်ယူမှု မရှိကြပေ။

သမားရိုးကျ အထပ်မြင့်အဆောက်အအုံများရှိ တိုက်ခန်းများတွင် သီးသီးသန့်သန့်ပုံစံမျိုးဖြင့် ရာစုနှစ်တစ်စုကျော်မျှ နေထိုင်လာခဲ့ကြပြီးနောက်တွင် လူနေမှုပုံစံအသစ်ဖြင့် နေထိုင်ကြရသော ခေတ်မီအထပ်မြင့်တိုက်ကြီးများမှာ ကမ္ဘာ့နေရာဒေသ အနှံ့အပြားတွင် ပေါ်ပေါက်လာခဲ့သည်။ ထိုခေတ်မီအထပ်မြင့် အဆောက်အအုံများသည်ကား ကွန်ဒိုမီနီယံ(ခေါ်) Condominium Apartment များပင် ဖြစ်သည်။

ကွန်ဒိုမီနီယံများ မပေါ်ပေါက်မီ လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်က ဆောက်လုပ်နေထိုင်ခဲ့ကြသည့် သမားရိုးကျ အထပ်မြင့်အဆောက်အအုံများတွင် လူနေတိုက်ခန်းများဖွဲ့စည်းထားပုံကို ယေဘုယျအားဖြင့် နှစ်မျိုးခွဲခြားနိုင်သည်။ ပထမတစ်မျိုးမှာ အိမ်ရှေ့မျက်နှာစာမှ အိမ်နောက်ဘက်မီးဖိုခန်းအထိ ရှေ့နောက်တိုးလျှိုပေါက်ဖြစ်သော တိုက်ခန်းမျိုးဖြစ်ပြီး ယင်းတိုက်ခန်းမျိုးကို Flat ဟု ခေါ်ဝေါ်သည်။ ယင်းသို့သော Flat တိုက်ခန်းမျိုးသည် မျက်နှာစာအလျားတိုပြီး ရှေ့နောက်အနံက ပို၍ရှည်သည်။

ဒုတိယအမျိုးအစားမှာ အိမ်ရှေ့မျက်နှာစာနှင့် အိမ်နောက်ဘက်ရှိ မီးဖိုခန်း၏အကြားတွင် ဘုရားခန်း၊ ဧည့်ခန်း၊ အိပ်ခန်း၊ ထမင်းစားခန်း၊ ရေချိုးခန်း စသည်ဖြင့် သူ့နေရာနှင့်သူအခန်းများကို အကွက်ချဖွဲ့စည်းထားသော တိုက်ခန်းမျိုးဖြစ်ပြီး ယင်းတိုက်ခန်းမျိုးကို Apartment ဟုခေါ်သည်။ Apartment များ၏ ဖွဲ့စည်းထားပုံသဘောသဘာဝအရ အိမ်ရှေ့မျက်နှာစာအလျားနှင့် အိမ်၏ ရှေ့နောက်အနံတို့မှာ အတိုင်းအတာပမာဏအားဖြင့် များစွာခြားနားမှုမရှိဘဲ စတုရန်းပုံစံနီးပါးဖြစ်သော အနေအထားမျိုးရှိသည်။

Apartment တိုက်ခန်းအမျိုးအစားကိုပင် ရိုးရိုး Apartment နှင့် အဆင့်မြင့် Apartment ဟူ၍ ထပ်မံခွဲခြားနိုင်သည်။ အခန်းတိုင်းကို မျက်နှာစာနှစ်ဖက်ရှိသော အခန်းများအဖြစ် ဖန်တီးတည်ဆောက်ထားပြီး အတက်အဆင်းလွယ်ကူစေရန် အတွက် ဓာတ်လှေကား တပ်ဆင်ပေးထားခြင်း၊ ရေပူရေအေးစနစ် တပ်ဆင်ပေးထားခြင်း၊ လေအေးပေးစက်များ တပ်ဆင်ပေးထားခြင်း၊ အရေးပေါ်မီးငြိမ်းသတ်နိုင်သောစနစ် (Emergency Fire Fighting System) တပ်ဆင်ပေးထားခြင်း၊ အရန်သင့်သုံးနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် (Standby Generator) တပ်ဆင်ပေးထားခြင်း၊ အဝင်အထွက်အပေါက်များနှင့် လှေကားခွင်ဧရိယာများတွင် စောင့်ကြည့်ကင်မရာစနစ် (CCTV) တပ်ဆင်ပေးထားခြင်း၊ လုံခြုံရေးဝန်ထမ်းများကို အချိန်ပြည့်ထားရှိ စောင့်ကြပ်စေခြင်း စသော ဝန်ဆောင်မှုများ ပါဝင်သည့် Apartment များသည် အဆင့်မြင့် Apartment များ ဖြစ်ကြသည်။



အဆင့်မြင့် Apartment များသည် ကွန်ဒိုမီနီယံတစ်ခု၏ အစိတ်အပိုင်းတစ်ရပ်မျှသာလျှင်ဖြစ်ပြီး ထိုမျှလောက်သော အဆင့်မြင့် Apartment မျိုးကို ကွန်ဒိုမီနီယံဟု ခေါ်ဆိုခြင်းမပြုနိုင်ပေ။ ကွန်ဒိုမီနီယံကို Flat၊ ရိုးရိုး Apartment၊ အဆင့်မြင့် Apartment စသည့် အခြားသော အဆင့်မြင့်တိုက်ခန်းအမျိုးအစားများနှင့် နှိုင်းယှဉ်မည်ဆိုပါက အနှစ်သာရအားဖြင့်ရော၊ အသွင်သဏ္ဌာန်အနေဖြင့်ပါ လုံးဝကွဲပြားခြားနားနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။

ကွန်ဒိုမီနီယံဟူသော ဝေါဟာရ၏ အဓိကအနှစ်သာရနှစ်ခုမှာ Ownership ဟုခေါ်ဆိုသော ပိုင်ဆိုင်ခွင့်နှင့် Operation ဟု ခေါ်ဆိုသော အစီအစဉ်တကျခန့်ခွဲလုပ်ဆောင်ခွင့်တို့ပင်ဖြစ်သည်။ ထိုအနှစ်သာရနှစ်ခုအနက် Ownership ဟူသော ပိုင်ဆိုင်ခွင့်ဆိုသည်မှာ အရပ်အခေါ်အားဖြင့် တိုက်ခန်းတစ်ခန်းဟု သုံးနှုန်းနေကြသည့် Condominium Apartment ကြီး၏ ယူနစ်တစ်ခုတည်းကိုသာ ပိုင်ဆိုင်ခြင်းမျိုးမဟုတ်ဘဲ ထိုယူနစ်နှင့်တကွ ကွန်ဒိုမီနီယံတည်ရှိရာမြေနေရာ၊ ကွန်ဒိုမီနီယံ၏ယူနစ်များ၌ နေထိုင်ကြသူအားလုံးတို့အတွက် ဖန်တီးထားသည့် အများနှင့်သက်ဆိုင်သော နေရာအားလုံးကို အချိုးကျ တရားဝင် ပိုင်ဆိုင်ခြင်းကိုဆိုလိုခြင်းဖြစ်သည်။

နောက်ထပ်အနှစ်သာရတစ်ခုဖြစ်သော Operation ဟူသော အစီအစဉ်တကျ ခန့်ခွဲလုပ်ဆောင်ခွင့် ဆိုသည်မှာ ကွန်ဒိုမီနီယံ၏ယူနစ်များ (တိုက်ခန်းများ) အားလုံးနှင့်တကွ ယင်းကွန်ဒိုမီနီယံ တည်ရှိရာ မြေနေရာအပါအဝင် ကွန်ဒိုမီနီယံ ပရိဝုဏ်တစ်ခုလုံး၏ စီမံခန့်ခွဲရေးရာ ကိစ္စအဝဝအား ယူနစ်တစ်ခုချင်း (တိုက်ခန်းတစ်ခန်းချင်း)ကို ဝယ်ယူထားသူအားလုံး၏ကိုယ်စား အများသဘောတူ ရွေးချယ်တင်မြှောက်ထားသော စီမံခန့်ခွဲရေးကော်မတီဖြင့် စီစဉ်ခွင့်၊ ဆောင်ရွက်ခွင့်၊ ဆုံးဖြတ်ခွင့်ရှိခြင်းကို ဆိုလိုခြင်းဖြစ်သည်။

Flat တိုက်ခန်းများ၊ ရိုးရိုး Apartment တိုက်ခန်းများ၊ အဆင့်မြင့် Apartment တိုက်ခန်းများကို ဝယ်ယူနေထိုင်သူတို့သည် မိမိနေထိုင်ရာ အခန်းကိုအပျောက်စနစ်ဖြင့် ဝယ်ယူထားခြင်းသာဖြစ်ပြီး အဆောက်အအုံတည်ရှိရာ မြေနေရာနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်၊ အရေးဆိုခွင့်မရှိကြသည့်အတွက် အကယ်၍ သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့်သော်လည်းကောင်း၊ အဆောက်အအုံ၏သက်တမ်းကုန်ဆုံး၍ ဖြိုဖျက်ရသည့်အခါ၌သော်လည်းကောင်း မိမိတို့၏ အခွင့်အရေးများဆုံးရှုံးသွားရလေ့ရှိကြသည်။

သို့ရာတွင် ကွန်ဒိုမီနီယံများ၌မူ မြေပိုင်ရှင်ဟူ၍ သီးသန့်မရှိစေရဘဲ Apartment Unit များကို ဝယ်ယူထားသူများက မိမိတို့အခန်းတစ်ခန်း (ယူနစ်တစ်ခု) ချင်းစီကိုသာမက ကွန်ဒိုမီနီယံတစ်ခုလုံးရှိ အများနှင့်သက်ဆိုင်သော Common Area များ၊ Car Parking များ အပါအဝင် အဆောက်အအုံတည်ရှိရာ မြေနေရာကိုပါ အချိုးကျပိုင်ဆိုင်ကြသည့်အတွက် Condominium Apartment တိုက်ခန်းများကို ဝယ်ယူနေထိုင် ကြသူများသည် အဆောက်အအုံပြင်ဆင်ခွင့်၊ မွမ်းမံခွင့်၊ တိုးချဲ့ခွင့် စသည်တို့ အပါအဝင် သဘာဝဘေးအန္တရာယ်ကဲ့သို့သော အကြောင်းတစ်စုံတစ်ရာကြောင့် ကွန်ဒိုမီနီယံကို ပြန်လည်တည်ဆောက်ရမည့်အခါမျိုးနှင့်ကြုံကြိုက်ခဲ့ရလျှင်လည်း မိမိတို့၏ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ခွင့်များကို လက်လွှတ်ဆုံးရှုံးရန်အကြောင်း မရှိနိုင်ပေ။

ကွန်ဒိုမီနီယံများသည် စုပေါင်းပိုင်ဆိုင်ကာ စုပေါင်းနေထိုင်ပြီး စုပေါင်းတာဝန်ယူရသော ခေတ်သစ်လူနေမှုဟန်ဖြစ်သည့်အတွက် Condominium Unit (တိုက်ခန်း)များကို ရောင်းချခွင့်၊ ဝယ်ယူခွင့်၊ ပိုင်ရှင်အမည် ပြောင်းလဲခွင့်၊ ဘဏ်ချေး ငွေလျှောက်ထားရယူခွင့်၊ အဆောက်အအုံမွမ်းမံပြင်ဆင်ခွင့်၊ အဆောက်အအုံသစ်ဆောက်လုပ်ခွင့်စသော စီမံခန့်ခွဲရေးရာကိစ္စရပ်များကို တိုက်ခန်း(Unit)ဝယ်ယူနေထိုင်ကြသူအားလုံးတို့၏ ကိုယ်စား အများသဘောတူ ရွေးချယ်တင်မြှောက်ထားသော စီမံခန့်ခွဲရေးကော်မတီက မိမိတို့ကိုအပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များအရ အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ကွန်ဒိုမီနီယံ၏ အသွင်သဏ္ဌာန်မှာလည်း Flat၊ ရိုးရိုး Apartment၊ အဆင့်မြင့် Apartment တို့နှင့် လုံးဝကွဲပြားခြားနားလျက်ရှိသည်။ ကွန်ဒိုမီနီယံ Apartment အဆောက်အအုံများတွင် Unit (တိုက်ခန်း) တစ်ခုချင်းကို ဝယ်ယူထားကြသူအားလုံးနှင့် သက်ဆိုင်သော အများပိုင်နေရာအများအပြားကို ထည့်သွင်းဖန်တီးတည်ဆောက်ပေးထားရသည်။

ကွန်ဒိုမီနီယံတစ်ခု၏ ပရိဝုဏ်အတွင်း၌ လူနေတိုက်ခန်းများအပြင် ဧည့်ကြိုရုံးခန်း (Reception)၊ ဧည့်သည်လက်ခံတွေ့ဆုံသည့်နေရာ (Lobby)၊ အပန်းဖြေ နားနေနိုင်သောနေရာ (Recreation Centre)၊ ရေကူးကန် (Swimming Pool)၊ လွယ်လင့်တကူ ဝယ်ယူနိုင်သော အရောင်းဆိုင် (Convenient Store) စသည်တို့ကို တည်ဆောက်ထားရှိပေးရပြီး ယင်းတို့အားလုံးသည် ကွန်ဒိုမီနီယံယူနစ်တစ်ခုချင်းကို ဝယ်ယူထားကြသည့် အခန်းပိုင်ရှင်အားလုံးတို့နှင့် သက်ဆိုင်သောနေရာများ ဖြစ်ကြသည်။

ကွန်ဒိုမီနီယံများ၏ နေထိုင်မှုပုံစံသည် တစ်ဦးချင်းစီက ဝယ်ယူထားသော အခန်းတစ်ခန်းချင်းစီ၏ အပေါ်တွင် သက်ဆိုင်ပတ်သက်မှုရှိရုံမျှမက အထက်ဖော်ပြပါ အများနှင့်ဆိုင်သော နေရာများအားလုံး၏အပေါ်တွင်ပါ သက်ဆိုင်ပတ်သက်နေကြသလို တာဝန်အသီးသီးလည်းရှိကြသည်။

ထို့ပြင် ကွန်ဒိုမီနီယံများနှင့် သမားရိုးကျအဆင့်မြင့် Apartment များ၏ မတူညီသော အချက်တစ်ခုမှာ အဆင့်မြင့် Apartment များတွင် ယာဉ်ရပ်နားရန်နေရာ (Car Parking Area ) ကို တိုက်ခန်းဝယ်ယူထားကြသူတို့အတွက်သာ စီစဉ်ပေးထားသော်လည်း ကွန်ဒိုမီနီယံများ၌မူ Apartment Unit ကို ဝယ်ယူထားသူတို့အတွက်သာမက အကြောင်းအမျိုးမျိုးဖြင့် လာရောက်ကြမည့် ဧည့်သည်များအတွက်ပါ လုံလောက်သော ယာဉ်ရပ်နားရန်နေရာများကို စီစဉ်ထားရှိပေးထားကြသည်။

သို့ဖြစ်၍ မြို့နယ် သို့မဟုတ် ရပ်ကွက်တစ်ခုတည်း အတွင်း၌ ဆောက်လုပ်ထားကြသော ကွန်ဒိုမီနီယံ

စာမျက်နှာ ၂၃ သို့

## မွန်ပြည်နယ် ယာဉ်လုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၏ နှစ်ပတ်လည်တွေ့ဆုံပွဲကျင်းပ

**မော်လမြိုင် ဇွန် ၂၃**

မွန်ပြည်နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၏ နှစ်နှစ်ပြည့် နှစ်ပတ်လည်တွေ့ဆုံပွဲတွင် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်လှူဒါန်းခဲ့သော ယ. ထ. က အဖွဲ့အစည်း(၁၄)ဖွဲ့ကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်းနှင့် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများ၊ ယာဉ်မောင်းများ၊ ဝန်ထမ်းများအား ထူးချွန်ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၀ ရက်က မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ငွေမိုးဟိုတယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးသက်ဝင်းက အမှာစကားပြောကြားပြီး ပြည်နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းထိုက်က လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် ငွေကျပ်သိန်း ၄၀၀၀ ကျော် ပါဝင်လှူဒါန်းခဲ့သော ယ. ထ. က အဖွဲ့အစည်း(၁၄)ဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြည်နယ်ဗမာတိုင်းရင်းသားရေးရာဝန်ကြီးက ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးခွန်ဖေမြက လုပ်ငန်းတိုးတက်အောင်မြင်ရေးကြိုးပမ်းဆောင်ရွက်ခဲ့မှု ပထမဆုရရှိသော ကျိုက်ထီးရိုးတောင်တက်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝိတင်နှင့် ကော်မတီဝင်တို့ကို လည်းကောင်း၊ ဒုတိယဆုရရှိသော သထုံမြို့နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းတန်နှင့် တွဲဖက်အတွင်းရေးမှူးတို့ကို လည်းကောင်း၊ တတိယဆုရရှိသော ရေးမြို့နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်အေးမြင့်နှင့် အတွင်းရေးမှူးတို့ကိုလည်းကောင်းဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ဝန်ဆောင်မှုထူးချွန်ယာဉ်လိုင်းဆု၊ ယာဉ်အန္တရာယ်ဖြစ်ပေါ်မှု အနည်းဆုံးထူးချွန်ယာဉ်လိုင်းဆု၊ စည်းကမ်းလိုက်နာမှုထူးချွန်ဆုတို့ကို ပြည်နယ်ဗမာတိုင်းရင်းသားရေးရာ ဝန်ကြီးက



ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး မွန်ပြည်နယ်အတွင်းရှိ ယ. ထ. က အဖွဲ့အစည်း(၁၄)ဖွဲ့၏ကြီးကြပ်မှုအောက်တွင် ရုံးလုပ်ငန်းများအားတိုးတက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သော ရုံးဝန်ထမ်းများနှင့် ခရီးသွားပြည်သူများအား ဘေးအန္တရာယ်ကင်းရှင်းအောင် ပို့ဆောင်ပေးခဲ့သော ယာဉ်မောင်းတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# ဖြူးမြို့နယ်ဒေသပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကျင်းပ

**ဖြူး ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ပြည်သူ့အားကစားကွင်းကြီး၌ အားကစားဝန်ကြီးဌာန မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး (TSDP) အစီအစဉ်အရ ဘောလုံးအားကစားပြိုင်ပွဲကွင်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၀ ရက်က ကျင်းပသည်။

ဖြူးမြို့နယ် ဒေသပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားတွင် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဖြူးမြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီနာယက ဦးဇော်ဝင်းက မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးလျက်ရှိရာ အခြေခံကျသော မြို့နယ်အဆင့်မှ လူထုအားကစားလှုပ်ရှားမှုများကို မြှင့်တင်ရန် အထူးလိုအပ်နေပြီဖြစ်ကြောင်း၊ လူအများပါဝင်လှုပ်ရှားသော လူထုအားကစားမှ အရည်အချင်းပြည့်ဝ ထူးချွန်သည့် အားကစားဖြစ်လာစေရေးအတွက် အားကစားဝန်ကြီးဌာနအနေဖြင့် မြို့နယ်အဆင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တစ်ရပ်ကို ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ပထမအဆင့်စမ်းသပ်မှုအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်(သို့မဟုတ်) ခရိုင်မြို့ကြီးများအတွင်း အားကစားကွင်းရုံများရှိပြီး ဒေသအတွင်း အားကစားဖွံ့ဖြိုးမှုရှိသည့် မြို့နယ် ၅၀ ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ပဲခူးတိုင်းဒေသကြီးမှ ငါးမြို့နယ်ရွေးချယ်ကျင်းပပေးမည်ဖြစ်ပြီး ဖြူးမြို့နယ်တွင် ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲများကိုပါ ဆက်လက်ကျင်းပပေးမည်ဖြစ်၍ အားကစားသမားများအနေဖြင့် အားကစားစွမ်းရည်နှင့် အခွင့်အလမ်းများရရှိမည်ဖြစ်ကြောင်း။

နိုင်ငံတကာတွင် ဘောလုံးအားကစားကို အမျိုးသားရေးအားကစားအဖြစ်သတ်မှတ်ပြီး သက်ဆိုင်ရာနိုင်ငံနှင့် ပြည်သူလူထုတစ်ရပ်လုံး အားပေးလျက်ရှိသည်ကိုလည်း တွေ့မြင်ကြရမည်ဖြစ်သလို မိမိတို့မြန်မာနိုင်ငံတွင်လည်း ဘောလုံးအားကစားကြောင့် အမျိုးသားရေးစိတ်ဓာတ်များ၊ မျိုးချစ်စိတ်ဓာတ်များ ပေါ်လွင်လာမှုကို မကြာသေးမီကာလက ပြည်သူအများ တွေ့ကြုံခံစားခဲ့ရပြီးဖြစ်ကြောင်း အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးက (TSDP) လုပ်ငန်းသုံး အားကစားအထောက်အကူပြုပစ္စည်းများကို တာဝန်ရှိသူများအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**



# ဘိန်းအစားထိုးသီးနှံမျိုးစေ့ ပျိုးပင်များဖြန့်ဖြူး

**သီပေါ ဇွန် ၂၃**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက်(ယင်းမာ)အရ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် ဘိန်းအစားထိုးသီးနှံမျိုးစေ့ပျိုးပင်များ ဖြန့်ဖြူးပေးအပ်ပွဲကို ဇွန် ၂၁ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ဘုရားကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နန်းထားထားလှိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဇော်နိုင်တို့မှ အခမ်းအနားနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ဘိန်းအစားထိုးသီးနှံနှင့် မျိုးစေ့ပျိုးပင်များကို တောင်သူများသို့ အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# စွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

**မန္တလေး ဇွန် ၂၃**

မန္တလေး အောင်မြေသာစံမြို့နယ် World Vision အဖွဲ့က ကြီးမှူး၍ ရပ်ရွာအခြေပြုလူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့များအား စွမ်းရည်မြှင့်တင်ပေးခြင်း အလုပ်ရုံဆွေးနွေးပွဲနှင့် လူကုန်ကူးမှုအသိပညာပေးပွဲကို ဇွန် ၂၁ ရက်က မဟာအောင်မြေမြို့နယ် စိန်ဂွန်းဘုရားကျောင်း၌ကျင်းပသည်။

အခမ်းအနားတွင် လူကုန်ကူးမှုတပ်ဖွဲ့စု (၁၁) မန္တလေးမှ ဒုရဲအုပ် နေအောင်ကျော်က လူကုန်ကူးမှုပေါ်ပေါက်လာပုံ၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုကွဲပြားခြားနားပုံ၊ ရွှေ့ပြောင်းသွားလာခြင်းကြောင့် ကြုံတွေ့နိုင်သည့် အခက်အခဲများ၊ လူကုန်ကူးမှုဥပဒေ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ၊ လက်ရှိမြန်မာနိုင်ငံ၏ လူကုန်ကူးမှုဆိုင်ရာဆောင်ရွက်ချက်များကို ရှင်းလင်းဟောပြော ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# လယ်ယာလုပ်ငန်းခွင်ထိခိုက်မှုများကို သတိပြုရန်လို

**ရေတာရှည် ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မိုးစပါးစိုက်ပျိုးရန် တောင်သူများ ပြင်ဆင်ကြပြီဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် လက်မှုလယ်ယာခေတ်မှ စက်မှုလယ်ယာစနစ်ကို အလျင်အမြန်ကူးပြောင်း လုပ်ကိုင်ကြရာ ကျွဲ/နွားများနေရာ၌ စက်ကိရိယာများ အစားထိုးသုံးစွဲမှုလာသည်နှင့် အမျှ စက်ကိရိယာသုံးစွဲလာသည့်အခါ ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုရန်လိုအပ်သည်။ တောင်သူများ အများဆုံးအသုံးပြုလျက်ရှိသည့် လက်တွန်းထွန်စက်ငယ်များကို ကိုင်တွယ်မောင်းနှင်သည့်အခါ မတော်တဆမှုများ မကြာခဏဖြစ်ပွား၍ ဆေးရုံကြီးများအထိ တက်ရောက်ကုသရသည်များလည်း ရှိသည့်အတွက် သတိပြု ကိုင်တွယ်အသုံးပြုရန် လိုအပ်လျက်ရှိသည်။ “မနှစ်က မှန်စီရွာသားတစ်ဦး လက်တွန်းထွန်စက်နဲ့ထယ်ထိုးရင်း ဘက်ဂီယာဝင်ပြီး စက်သွားတွေနဲ့ ဗိုက်ကိုခုတ်မိတာ အသက်မသေလို့ တော်သေးတယ်”ဟု တောင်သူတစ်ဦးက ပြောသည်။ မကြာမီရက်ပိုင်းအတွင်းက ကုန်းကြီး ကျေးရွာအုပ်စု ပြီစုတ်ကျေးရွာနေ တောင်သူတစ်ဦးသည်လည်း နောက်လက်ကိုင်တန်းနှင့် လည်ပင်းကိုရိုက်မိကာ လေပြွန်အားထိခိုက်မိပြီး တောင်ငူဆေးရုံကြီးသို့ အရေးပေါ်တင်ပို့ခဲ့ရသည်။ ထိခိုက်ဒဏ်ရာရရှိသည့်အခါ အလုပ်အကိုင်ပျက်ရုံတင်မက ငွေကြေးကုန်ကျစရိတ် များနိုင်သည့်အတွက် မိုးရာသီကာလ လယ်ယာလုပ်ငန်းခွင် မတော်တဆမှုများ မဖြစ်ပွားရအောင် ဂရုပြုလုပ်ကိုင်ရန် လိုအပ်သည်။

**ကိုလွင်(ဆွာ)**



*စာမျက်နှာ ၂၂ မှ*

Apartment နှင့် သမားရိုးကျ အဆင့်မြင့် Apartment အဆောက်အအုံနှစ်ခုတို့သည် ဆောက်လုပ်ထားသော အရည်အသွေးချင်းလည်းတူညီပြီး အခန်း၏အကျယ်အဝန်းချင်းလည်း တူညီကြသည်ဟု ဆိုခဲ့လျှင်သော်မှ ကွန်ဒိုမီနီယံနှင့်အဆင့်မြင့် Aparment တို့၏ တိုက်ခန်းဈေးနှုန်းမှာ အဆများစွာကွာခြားသည်ကို သတိပြုကြရမည်ဖြစ်သည်။

အကြောင်းမှုကား ကွန်ဒိုမီနီယံ အခန်းပိုင်ရှင်တစ်ဦးအနေဖြင့် ခံစားခွင့်ရှိသော ပိုင်ရေးဆိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်မျိုးကို ကျန်မည်သည့် အမျိုးအစား Aparment တို့တွင်မျှ မရရှိနိုင်သောကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့်ပင် အခန်းတစ်ခန်းချင်းကိုသာမက မြေကိုပါ အချိုးကျပိုင်ဆိုင်ခွင့်ရှိပြီး အခန်းပိုင်ရှင်တို့၏ အရေးကိစ္စအဝဝကိုလည်း ကိုယ်တိုင်ကိုယ်ကျဆန္ဒပြုခွင့်၊ တင်ပြခွင့်၊ ဆွေးနွေးခွင့်၊ စီမံခန့်ခွဲခွင့်၊ ဆုံးဖြတ်ခွင့်၊ ဆောင်ရွက်ခွင့် အပြည့်အဝရှိသော တိုက်ခန်းမျိုးကသည်သာလျှင် အနာဂတ်အတွက် အာမခံချက်ခိုင်လုံပြီး အခန်းပိုင်ရှင်တို့၏ ဘဝလုံခြုံမှုကိုပေးစွမ်းနိုင်သော ကွန်ဒိုမီနီယံယူနစ်အစစ်အမှန်ဖြစ်သည်ကို သိရှိထားသင့်ကြသည်။

ကမ္ဘာ့နိုင်ငံများသည် မိမိတို့နိုင်ငံအသီးသီးတွင် ကျင့်သုံးနေကြသော မြို့ပြအိမ်ရာဆောက်လုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ မူဝါဒများနှင့်အညီ ကွန်ဒိုမီနီယံဥပဒေများကို ရေးဆွဲပြဋ္ဌာန်းထားလေ့ရှိကြသည်။ ထိုသို့ရေးဆွဲပြဋ္ဌာန်းထားသော ကွန်ဒိုမီနီယံဥပဒေများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွဲပြားနေကြသော်လည်း ကွန်ဒိုမီနီယံတိုက်ခန်း ဝယ်ယူနေထိုင်သူများ၏ အခွင့်အရေးကို အပြည့်အဝ ကာကွယ်ပေးထားသည့် အခြေခံအချက်များကမူ တူညီလေ့ရှိကြသည်။

အလားတူပင် ကွန်ဒိုမီနီယံတိုက်ခန်းများကို သက်ဆိုင်ရာနိုင်ငံများ၏ နိုင်ငံသားများကတင်မကဘဲ၊ ပင်လယ်ရပ်ခြားနိုင်ငံများရှိ နိုင်ငံခြားသားများကပါ ဝယ်ယူနေထိုင်နိုင်အောင်၊ ပိုင်ရေးဆိုင်ခွင့်ရှိအောင် ဥပဒေများတွင် တစ်ပါတည်းပြဋ္ဌာန်းပေးထားတတ်ကြသည်။

အာရှတိုက်တွင် ဂျပန်နိုင်ငံသည် ကွန်ဒိုမီနီယံများကို ပထမဦးဆုံး စတင်အကောင်အထည်ဖော် တည်ဆောက်နေထိုင်ခဲ့သည့်နိုင်ငံဖြစ်သည်။ မြေနေရာဈေးနှုန်း အလွန်ကြီးမြင့်သော ဂျပန်နိုင်ငံ၏ မြို့ကြီးများတွင် လွန်ခဲ့သောနှစ်ပေါင်း ၄၀ ခန့်က ကွန်ဒိုမီနီယံများ ဆောက်လုပ်နေထိုင်မှုပုံစံစတင်ခေတ်စားလာခဲ့သည်။ ဟောင်ကောင်ကျွန်းသည် အာရှတိုက်တွင် ကွန်ဒိုမီနီယံများဆောက်လုပ်နေထိုင်မှုပုံစံကို ဒုတိယမြောက်အကောင်အထည်ဖော်ခဲ့သော အာရှတိုက်၏ အလှပဆုံးကျွန်းတစ်ကျွန်းဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၌ သမားရိုးကျအထပ်မြင့်တိုက်ခန်းများနေရာတွင် ကွန်ဒိုမီနီယံများကို အပြိုင်အဆိုင် ဆောက်လုပ်နေကြသလို သီးသီးသန့်သန့်ဖြင့် အဆင့်အတန်းမြင့်မားစွာ နေထိုင်နိုင်သော ကွန်ဒိုမီနီယံများသည် ခေတ်သစ်လူနေမှုဟန်အဖြစ် အလွန်ရေပန်းစားလျက်ရှိနေပေသည်။



MYANMAR ENGINEERING SOCIETY
M.E.S Affiliated Centre

edexcel
Approved Center No: 93081

# CHINDWIN COLLEGE

## တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများအတွက်
## INTERNATIONAL FOUNDATION COURSE




- ၁၀ တန်းအောင်ပြီးလျှင် ချင်းတွင်းကောလိပ်မှာ International Foundation Certificate (IFC) သင်တန်းတွေ တက်ရောက်နိုင်တယ်။
- ဖောင်ဒေးရှင်း ဆိုပြီးတော့ ၁၀တန်းမှာ သင်ခဲ့တဲ့ ဘာသာရပ် အများစုကို ဆက်သင်ပေးတာမျိုးမဟုတ်ဘဲ စင်္ကာပူ ITE (Institute of Technical Education) မှာ သင်ပေးတဲ့ ဘာသာရပ်တွေကို အခြေခံပြီး အင်္ဂလိပ်စာနဲ့ သင်္ချာကို ဖြည့်စွက် သင်ကြားပေးတာ ဖြစ်တယ်။
- UK တက္ကသိုလ် ဒုတိယနှစ် နဲ့ ညီမျှတဲ့ Higher National Diploma တက်ရောက်ဖို့ လိုအပ်တဲ့ အခြေခံကောင်း ရရှိဖို့ကို ရည်ရွယ်တယ်။



- လာမည့်ဇူလိုင်လ မှာ Electrical & Electronics Engineering, Mechanical Engineering, Civil Engineering, Business Management, Business Accounting တန်းခွဲသစ် တွေ ဖွင့်လှစ်မှာ ဖြစ်တယ်။
- မတူတဲ့ major တွေကို တစ်ခန်းတည်းမှာ ရောသင်တာမျိုး မဟုတ်ဘဲ major အလိုက် ခွဲထားတဲ့အတန်းတွေမှာ နည်းပြတွေက စနစ်တကျပို့ချတဲ့ ပုံစံနဲ့ သင်ကြားတယ်။
- စာကျက်၊ စာမေးပွဲအောင်၊ လက်မှတ်ရ ပုံစံမျိုးထက် သဘောတရား နားလည်၊ လက်တွေ့လုပ်၊ ကျွမ်းကျင်မှုရ ပုံစံမျိုးကို ရည်ရွယ်တယ်။





- မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အသိအမှတ်ပြု သင်တန်း ဖြစ်တယ်။
- ချင်းတွင်းကောလိပ်က IFC အောင်ပြီးရင် UK တက္ကသိုလ် ဒုတိယနှစ် နဲ့ ညီမျှတဲ့ Higher National Diploma ကိုတက်ရောက်နိုင်ပြီး Final Year ကို ချင်းတွင်းကောလိပ်မှာ ဖြစ်စေ၊ ချင်းတွင်းနှင့် ချိတ်ဆက်ထားသော စင်္ကာပူနဲ့ အင်္ဂလန်ရှိ တက္ကသိုလ်တွေမှာဖြစ်စေ ဆက်လက် တက်ရောက်နိုင်တယ်။
- ပုံမှန် ၁၀ လ သင်တန်း ဖြစ်ပေမယ့် စာလိုက်နိုင်ပြီး အင်္ဂလိပ်စာ လိုက်နိုင်သူတွေအနေနဲ့ ပထမ semester ပြီးရင် အတန်းကျော်တက်ခွင့် (exemption) လျှောက်ထားနိုင်တယ်။။

**ဇူလိုင်တန်းခွဲအတွက် ဇွန်လမကုန်မီ ကြိုတင်ငွေသွင်း သူများအတွက် Discount ရှိပါသည်။**

**Yangon** - No.(75), Thein Phyu Road (Lower Block), Botahtaung Township. ☎ 01 - 298 137, 297 673
- 1st Floor, New Sin Ma Lite Market, Corner of Kyi Myin Taing Kanar & Hantharwaddy Road.

**Mandalay** - Corner of (77x78)st & (31x32)st, Sebal Building, Greatwall Condo Complex. ☎ 02 - 741 79, 682 49

www.facebook.com/chindwincollege
www.chindwincollegemyanmar.com

# ကျေးဇူးတင်လွှာ

နယူးဇီလန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သော ဖီဖာယူ - ၂၀ ကမ္ဘာ့ဖလား ၂၀၁၅ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာယူ - ၂၀ အမျိုးသားလက်ရွေးစင်ဘောလုံးအသင်း၊ စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော ၂၀၁၅ခုနှစ် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ငွေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သည့် မြန်မာယူ - ၂၃ အမျိုးသားလက်ရွေးစင်ဘောလုံးအသင်းနှင့် ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော အာဆီယံ ချန်ပီယံရှစ် ၂၀၁၅ ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဒုတိယဆုရရှိခဲ့သည့် မြန်မာအမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းတို့ကို ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပါသော အောက်ပါ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် မြန်မာယူ - ၂၃ အမျိုးသားလက်ရွေးစင်အသင်း၏ အိမ်အပြန်ခရီးစဉ်အတွက်မေတ္တာဖြင့် တာဝန်ယူပို့ဆောင်ပေးခဲ့ပါသော ကမ္ဘောဇအုပ်စု (MAI လေကြောင်းလိုင်း)တို့အား မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်မှ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

| | | |
|---|---|---|
| ၁။ | တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစု | ငွေကျပ် သိန်း ၃၀၀ |
| ၂။ | ရောဝတီဘဏ်လီမိတက် | ငွေကျပ် သိန်း ၅၀၀ |
| ၃။ | ဦးကိုကိုထူး + ဒေါ်စန္ဒာအောင်၊ သား မင်းသီဟထူး၊ | စင်ကာပူဒေါ်လာ ၅၀၀၀၀ နှင့် |
| | သမီး ဆုသီရိထူး (Myanmar Industrial Port) | ငွေကျပ် သိန်း ၃၀၀ |
| ၄။ | ဦးခင်ရွှေ (ဇေကမ္ဘာကုမ္ပဏီလီမိတက်) | ငွေကျပ် သိန်း ၃၀၀ |
| ၅။ | ဦးအောင်ဇော်နိုင် (ရွှေတောင်ကုမ္ပဏီများအုပ်စု) | ငွေကျပ် သိန်း ၃၀၀ |
| ၆။ | ဦးဇော်ဝင်းရှိန် (ရောဟာသံာကုမ္ပဏီများအုပ်စု) | ငွေကျပ် သိန်း ၂၀၀ |
| ၇။ | Naing Group Holding Co., Ltd. | ငွေကျပ် သိန်း ၂၀၀ |
| ၈။ | မကွေးအက်ဖ်စီ | ငွေကျပ် သိန်း ၂၀၀ |
| ၉။ | ဦးပြည့်ဖြိုးတေဇ (ရန်ကုန်ယူနိုက်တက်အက်ဖ်စီ) | ငွေကျပ် သိန်း ၂၀၀ |
| ၁၀။ | ဦးအောင်မြတ် (Mother Trading & Construction Co., Ltd.) | ငွေကျပ် သိန်း ၁၅၀ |
| ၁၁။ | ဦးနေအောင် (IGE Company) | ငွေကျပ် သိန်း ၁၀၀ |
| ၁၂။ | United Amara Bank | ငွေကျပ် သိန်း ၁၀၀ |
| ၁၃။ | ဒေါက်တာစိုင်းဆမ်ထွန်း (ရတနာပုံအက်ဖ်စီ) | ငွေကျပ် သိန်း ၁၀၀ |
| ၁၄။ | ဦးလှမျိုး (အောင်မြင်သူကုမ္ပဏီများအုပ်စု) | ငွေကျပ် သိန်း ၁၀၀ |
| ၁၅။ | ဦးခင်မောင်အေး (CB Bank) | ငွေကျပ် သိန်း ၁၀၀ |
| ၁၆။ | ဦးချို့မြင့် (Myint Family) | ငွေကျပ် သိန်း ၁၀၀ |
| ၁၇။ | ဦးသက်လင်း၊ ဦးအုန်းကျော် (ဇေယျာဝတီယူနိုက်တက်အက်ဖ်စီ) | ငွေကျပ် သိန်း ၁၀၀ |
| ၁၈။ | ဦးလှဌေး (ဖွဲကပင်ယူနိုက်တက်အက်ဖ်စီ) | အမေရိကန်ဒေါ်လာ ၁၀၀၀၀ |
| ၁၉။ | ဦးတင်လတ် + ဒေါ်မာလာမြင့် (Silver Tiger) | အမေရိကန်ဒေါ်လာ ၁၀၀၀၀ |
| ၂၀။ | ဦးအောင်ဇော် + ဒေါ်ယဉ်ယဉ်မြတ် | အမေရိကန်ဒေါ်လာ ၁၀၀၀၀ |
| ၂၁။ | မဇာဇာသဲဦး + မလွှေလွှေသဲဦး (Zar and Diamond) | ငွေကျပ် သိန်း ၅၀ |
| ၂၂။ | မေတ္တာမိုးမိသားစု၊ မိဘဂုဏ်ရည်မိသားစု၊ ဦးဝင်းဇော်ဦး၊ ဦးမင်းအောင် (Bright Time)၊ ဦးမျိုးသိန်း (ခနသီဟ)၊ ဦးကျော်လင်း (LOP Group of companies)၊ မသီတာရှိန်ဝင်း | ငွေကျပ် ၇၁ သိန်း |

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

Business Initiative Directions (BID) ကချီးမြှင့်သည့်

" CENTURY INTERNATIONAL GOLD QUALITY ERA AWARD"

(GENEVA 2015) ဆုကို

## မြန်မာအရှေ့တိုင်းဘဏ်လီမိတက် (M.O.B)

မှ

ထိုက်တန်စွာချီးမြှင့်ခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်
ဘဏ်လုပ်ငန်းများ ဆထက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

- River Top Lodge, Ngapali.
- MGM Hotel, Royal White Elephant Hotel.
- Khin Maung Nyunt Trading Co.,Ltd.
- Beauty World Co.,Ltd. (Boss Ballpen)
- Thu Kha Construction Group Co.,Ltd.
- United Diamond Motor Co.Ltd. (Nissan Motor Authorized Dealer)
- Myanmar Classic Group Co.,Ltd. (Chigo Air-Con)
- Three Stars Co.,Ltd.
- Fame Pharmaceuticals Industry Co.,Ltd.
- Hotel Green
- Forever Winner Limited.
- Nippon Auto Services Co.,Ltd.
- Shwe Dawe Trading Co.,Ltd.
- Progress Intertrade Co.,Ltd.
- Progress Biochem Co.,Ltd.
- Thu Htay Thame Co.,Ltd.
- Kyar Kabar Trading Co.,Ltd.
- Htet Myet Htut Trading Co., Ltd.
- Myint Myat Kyaww Trading Co.,Ltd.
- Myint Myat Kyaww Industry Co.,Ltd.
- Metropolitan Trading Co.,Ltd.
- K.H.M Company Limited.
- Myanmar U.R. Chemical Co.,Ltd.
- Standard General Trading Co., Ltd.

# WeChat ကိုဒေါင်းလုပ်လုပ်ပြီး Huawei P8 ကို အခမဲ့ရရှိရန်အခွင့်အလမ်းရှိပါသည်။

WeChat နဲ့ Huawei ပူးတွဲပြီး လက်ဆောင်များပေးနေပါပြီ။ (16.6.2015 မှ 31.7.2015) ထိ တစ်ရက်လျှင် P8 ဖုန်း (၂)လုံး မဲနှိုက်ပေးမှာဖြစ်ပြီး Bluetooth,Headsets,Speaker နှင့် အခြားသော ဆုလက်ဆောင်ပေါင်း ၅၀၀၀၀ ကျော်က သင့်ကိုစောင့်ကြိုနေပါတယ်။




## WeChat ကို ဘာလို့ သုံးရသလဲ

### အမြဲတမ်းအခမဲ့
နှစ်စဉ်ကြေးပေးစရာမလိုပါ။ တစ်သက်စာအခမဲ့ အသုံးပြုနိုင်သည်။

### Voice call နှင့် Video call အခမဲ့ ခေါ်ဆိုနိုင်ခြင်း
တစ်ကမ္ဘာလုံးရှိ မည်သည့်နေရာကိုမဆို ကြည်လင်ပြတ်သားသောအသံဖြင့် အခမဲ့ ဖုန်းခေါ်ဆိုနိုင်သည်။

### Group Chat
လူအယောက်တစ်ရာကျော်ဖြင့် Create လုပ်ကာအုပ်စုဖွဲ့၍ စကား ပြောနိုင်သည်။

### Multimedia Messaging
ဗွီဒီယို၊ဓာတ်ပုံနှင့် အသံ message များကို ပို့နိုင်သည်။

### Sticker Gallery
သင့်ရဲ့စိတ်ခံစားမှုကို ဖော်ပြနိုင်သည့် ပျော်ရွှင်စရာ၊လှုပ်ရှားနေသော Sticker တစ်ထောင်ကျော်ကို အခမဲ့အသုံးပြုနိုင်သည်။ထို Sticker များတွင် သင်နှစ်သက်သော ရုပ်ရှင် နှင့် ကာတွန်းကားတို့မှ ဇာတ်ကောင်များပါဝင်သည်။

### Moments
သင်၏ အကောင်းဆုံးအချိန်လေးတွေကို ကိုယ်ပိုင်ဓာတ်ပုံတင်သည့် နေရာတွင် မျှဝေနိုင်သည်။

### သူငယ်ချင်းအသစ်များနှင့် တွေ့ဆုံနိုင်ခြင်း
"Friend Radar" , "People Nearby" & "Shake" Function တို့ကို အသုံးပြု၍ သူငယ်ချင်းအသစ်များကိုတွေ့ဆုံနိုင်သည်။

### အခြားအချက်များစွာ
WeChat ကိုကွန်ပျူတာဖြင့် အသုံးပြုနိုင်ခြင်း၊နောက်ခံဓာတ်ပုံများ ပြောင်းလဲနိုင်ခြင်း၊အသိပေးချက်ကို ချိန်ညှိနိုင်ခြင်း၊အဖွဲ့လိုက်အသုံးပြုနိုင်သော "Walkie -talkie" Function ထားရှိခြင်း၊တရားဝင်အကောင့်ရှိခြင်းတို့ဖြစ်သည်။

## WeChat အကောင့်မဖွင့်ရသေးသူများအတွက်

1 WeChat ကို download လုပ်လိုက်ပါ။WeChat ကို download လုပ်လိုလျှင် http://www.wechat.com/mm ထဲမှ apk ဖိုင်လေးကိုရှာလိုက်ပါ။(သို့) Mobogenie,1Mobine,Apple's Store ထဲများတွင် ရှာနိုင်ပါသည်။

2 သင့်၏ ဖုန်းနံပါတ်ကို အသုံးပြုပြီး WeChat အကောင့်ကိုဖွင့်လိုက်ပါ။

## WeChat အကောင့်ဖွင့်ပြီးသူများ

1 WeChat ကို ဖွင့်ပြီး WeChat အသင်း (WeChat ID: WeChat MM)

2 WeChat menu ထဲက "free P8" ကိုနှိပ်ပြီး Lucky Draw စာမျက်နှာထဲသို့ဝင်ပါ။

3 အကယ်၍ ကံစမ်းမဲပေါက်လျှင် မြို့တွင်းရှိ Huawei ဖုန်းဆိုင်များသို့သွားရောက်ပြီး ဝန်ထမ်းများ၏ အကူအညီကို တောင်းပြီး ဆုမဲများကို ထုတ်ယူလိုက်ပါ။

* ဆုမဲထုတ်ယူရာတွင် အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်လာပါက WeChat နှင့် Huawei Company ၏ အဆုံးအဖြတ်သာ အတည်ဖြစ်သည်။



**ဝမ်းနည်းကြေကွဲခြင်း**
**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်နီနီ
**အသက်(၈၃)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)၏ဇနီး မမနီ ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်-ဒေါ်ဆွေဆွေဦး မိသားစု**
**ကာကွယ်ရေးဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်နန်းပိုးခမ်း
**အသက်(၉၂)နှစ်**

သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူ-ဒေါ်နန်းမို့မို့တို့၏မိခင် ဒေါ်နန်းပိုးခမ်း အသက်(၉၂)နှစ်သည် ၂၂-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့်ဇနီး ဒေါ်ခင်သန့်စင် မိသားစု**
**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်နီနီ
**အသက်(၈၃)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)၏ချစ်လှစွာသောဇနီး ဒေါ်နီနီသည် ၂၁-၆-၂၀၁၅ရက် စင်ကာပူစံတော်ချိန် နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်သူ-ဒေါ်လှဲ့လှဲ့ကြည်**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းမိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်နီနီ
**အသက်(၈၃)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)၏ချစ်လှစွာသောဇနီး ဒေါ်နီနီ အသက်(၈၃)နှစ်သည် ၂၁-၆-၂၀၁၅ရက် စင်ကာပူစံတော်ချိန် နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်အေး-(အုန်း)နှင့်မိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်နီနီ
**အသက်(၈၃)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)၏ဇနီး ဒေါ်နီနီ အသက်(၈၃)နှစ်သည် ၂၁-၆-၂၀၁၅ရက် စင်ကာပူစံတော်ချိန် နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းနောင်-ဒေါ်နွဲ့နွဲ့ဝင်း မိသားစု**
**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်နီနီ
**အသက်(၈၃)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးသွင်မြင့်မောင်(အမြဲတမ်းအတွင်းဝန်၊ စက်မှုဝန်ကြီးဌာန)-ဒေါ်သီသီထွန်းတို့၏မိခင်ကြီး ဒေါ်နီနီသည် ၂၁-၆-၂၀၁၅ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးသာဋ္ဌေးကျော်(ညွှန်ကြားရေးမှူး)-ဒေါ်သင်းသင်းထွဋ်**

---

# မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်

**ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

**ထူးခြားသည့်အခြေအနေမှာ** ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ တိုကင်ပင်လယ်ကွေ့ (တောင်တရုတ်ပင်လယ်ပြင်) တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ကူဂျီရာ" (Kujira) သည် ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့၏ အရှေ့တောင်ဘက် မိုင် ၁၈၀ခန့်အကွာပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အပူပိုင်းမုန်တိုင်းသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

---

## ဒေါ်စိန်ယုံ
**အသက်(၉၀)**

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ မိုးညိုတန်းရပ်ကွက်၊ သီရိမင်္ဂလာ(၁)လမ်းနေ ဦးကျော်ဟန်၏ဇနီး၊ (ဦးညိမ်း)-ဒေါ်တင်မြိုင်၊ ဦးလှမြင့်-(ဒေါ်ကြည်ဝင်း)၊ ဦးမောင်မောင်ကြီး-ဒေါ်မြင့်စန်း၊ ဦးစန်းလွင်-ဒေါ်ခင်လှဲ့ရီ၊ ဦးမောင်ညွန့်-ဒေါ်ခင်ညို၊ ဦးအေးမောင်ကြည် (ညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-နန်းမြင့်သီတာ၊ ဦးနေလင်းထွဋ်-ဒေါ်လှမြတ်ထွေးတို့၏မိခင်ကြီး၊ မြေး ၁၄ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၂၃-၆-၂၀၁၅ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် နေအိမ်မှ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

AA Medical Products Ltd. မှ General Manager ဦးကျော်ဇောအောင်၏ဖခင်ကြီး ဦးသာဖံအောင် အသက်(၉၀)သည် ၂၁-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဇော်မိုးခိုင်-ဒေါက်တာ စောနေနွယ်**
**AA Medical Products Ltd.**

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်အေးအေးမြင့် (အုတ်ဖို)
**ကုန်သွယ်/လယ်ယာ(ငြိမ်း)**
**အသက်(၈၄)နှစ်**

ဗိုလ်ကြီးဇော်မြင့်ဝင်း (ငြိမ်း) (ဒုတိယဌာနမှူး၊ စက်/ယာဥ်၊ YCDC)-ဒေါ်ရတနာဝင်းတို့၏မိခင် ဒေါ်အေးအေးမြင့် အသက်(၈၄)နှစ်သည် ၂၃-၆-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၇)ကျောင်းဆင်းသူငယ်ချင်းများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်နီနီ
**အသက်(၈၃)နှစ်**

ဘဘဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)၏ဇနီး မေမေနီ ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ကျော်ဦး-ဒေါ်သန်းသန်းစိန် မိသားစု**

---

## ဦးအောင်စံသူ
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဖလမ်း၊ အမှတ် ၁၄၉နေ (ဦးစိန်အောင်)-ဒေါ်စောဝင်းတို့၏သား၊ ဦးအောင်ကြူး-ဒေါ်အေးအေးခိုင်၊ ဦးသိန်းကျော်-ဒေါ်ကြည်ကြည်ခိုင်တို့၏ညီ/မောင်၊ ဦးထွန်းလင်းအောင် (ပြန်ကြားရေး၊ ငြိမ်း)-ဒေါ်သီဂီဦးတို့၏အစ်ကို၊ တူ/တူမ ရစ်ယောက်တို့၏ဦးလေးသည် ၂၃-၆-၂၀၁၅ရက် နံနက် ၁၀း၀၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးအေးသစ် အသက်(၅၈)နှစ်
**မန်နေဂျာ(ငြိမ်း)၊ (မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်းရုံးချုပ်)**
**စက်မှုဝန်ထမ်းဟောင်းအသင်း၊ အသင်းဝင်အမှတ်(၄၉၀၇)**
**အမှတ်(၁)စက်မှုဝန်ကြီးဌာန**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အရှေ့ရန်ကင်း၊ (၃)ရပ်ကွက်၊ တိုက် ၂၁၉၊ အခန်း ၃၂နေ ဦးသောင်းအေး(မန်နေဂျာ၊ ငြိမ်း၊ ဆသရ၊ ဗဟိုကြေးနန်းရုံး)-ဒေါ်စန်းရီတို့၏သမီးကြီး၊ ဒေါ်နွယ်နွယ်အေး (ဆသရ၊ ဗဟိုကြေးနန်းရုံး)၊ ဦးအောင်နိုင်(R/O စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်ညိုညိုစန်း၊ ဦးမြတ်စိုး(အောင်ဘာလေသိန်းဆုဌာနခွဲ)-ဒေါ်မိုးမိုးစိုး၊ ဦးထင်လင်းအေး(သင်္ဘောအင်ဂျင်နီယာ၊ ခေတ္တ-Japan)-ဒေါ်ခင်မေအေး၊ ဦးကျော်ထင်အေး(MGL Co.,Ltd)-ဒေါ်ခင်လေးကျော်(စီမံကိန်းရေးဆွဲရေးဦးစီးဌာန)တို့၏အစ်မကြီး၊မောင်ကျော်လင်းနိုင် (AFOM,Myanmar Treasure Resort.Ngwa Saung)၊ မောင်ပြည့်စုံအောင် (M.V-Delphin Shipping ခေတ္တ-ပြည်ပ)၊မခင်ရတီကျော်(3rd year Zoology Dagon University)၊ မချောသီရိနိုင် (1st year Chemistry Dagon University)၊ မနှင်းဝတ်ရည်အေး၊ မခင်ဝတီကျော် (Grade-9, အထက-၂၊ ဗဟန်း)တို့၏အဒေါ်သည် ၂၂-၆-၂၀၁၅ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၄-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

## ဦးရွှေလှိုင်(ကုန်သွယ်/လယ်ယာ)
**မန်နေဂျာ(ငြိမ်း)**
**ယခင်မက်သဒစ်၊ ရေကျော်အစိုးရ**
**အထက်တန်းကျောင်း**
**အထက(၃)ဗိုလ်တထောင်**
**(ဆရာဟောင်း)**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောမြောက်ရပ်ကွက်၊ ၄က်ပျောတောလမ်း၊ အမှတ် ၅၂၊ ပထမထပ် (ခေါင်းရင်း)နေ (ဦးဘိုးဖေ-ဒေါ်ရွှေ)တို့၏သား၊ ဒေါ်ခင်စမ်းဝေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ခင်-(ဒေါ်စိန်မြိုင်)၊ (ဦးအုန်းမောင်)-ဒေါ်သန်းတို့၏ညီ၊ ဦးဝင်းထွတ်လှိုင်-ဒေါ်မော်မော်၊ ဦးနေဝင်းလှိုင်-ဒေါ်စောစန္ဒာဦး (ဌာနခွဲမှူး၊ မြို့တော်စည်ပင်)၊ ဦးကျော်မိုးလှိုင်-ဒေါ်မိုးမိုးလှိုင်၊ ဦးကျော်မင်းလှိုင်-ဒေါ်ဇာခြည်သဲယုခိုင်၊ ဒေါ်ခင်နှင်းပွင့်လှိုင်တို့၏ဖခင်၊ မစုမြတ်နိုး၊ မောင်ထက်ဦးလှိုင်၊ မောင်နေထူးအောင်၊ မကျော့ကေခိုင်၊ မခင်လပြည့်ဝန်းတို့၏အဘိုးသည် ၂၃-၆-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၂း၄၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၅-၆-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## Gaidaw Duwa Lahtaw Zau Lawn
**အသက်(၆၇)နှစ်**

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊မန်စီမြို့နေ (ဂိုင်ဒေါ်ဒူဝါလထော်ဇော်တန်-ဒေါ်မရန်နန်ဆိုင်း)တို့၏သား၊ ဦးဇော်ဂျာ-ဒေါ်နန်ဆိုင်း၊ ဒေါ်အနန်း-သိက္ခာတော်ရဆရာ ဦးလဖိုင်ခွန်ဂမ် (U.S.A) တို့၏ညီ/မောင်၊ ဒေါ်နန်ဘန်-ဗိုလ်ကြီး မိတုံနော်(ငြိမ်း)၊ ဦးဇော်လ-ဒေါ်ခေါန်ရာ၊ ဦးဇော်တူး-ဒေါ်နန်ဆိုင်း၊ ဒေါ်နန်လွမ်-ဦးခွန်ဆန်း၊ ဒေါ်နန်ထန်-ဦးယာကု၊ဦးဇော်ဂွန်း၊ဦးဇော်ထုံ-ဒေါ်ဘောက်ဒင်တို့၏အစ်ကို၊ မဂျာဖာ (U.S.A)၊ မနန်ဘောက် (ခေတ္တ-မလေးရှား)၊ မဂျာဆိုင်းရွယ်၊ မောင်ခွန်ဆိုင်းဒူတို့၏ဖခင်၊ ဒေါ်မရန်ဂျာနီး၏ ချစ်လှစွာသောခင်ပွန်းသည် ၂၂-၆-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၂၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄-၆-၂၀၁၅ရက် နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်နှင့် အမှတ် ၄၀/B၊ ရွှေပြည်အေးလမ်း၊ စမ်းချောင်း၊ ရန်ကုန် ကချင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းမှ ကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) [အောက်မေ့သတိရ ဆုတောင်းအစီအစဉ်ကို ၂၇-၆-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အထက်ပါ ဘုရားကျောင်း၌ပြုလုပ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အခ တကကက ဇော်တင်
**လေ/၂၀၈၁၂ (၁/၈၉)**
**အမှတ်(၁၆)**
**သယ်ယူပို့ဆောင်ရေးအုပ်**
**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပုလဲ ၁လမ်းနေ (ဦးစံငြိမ်း)-ဒေါ်ရင်မြတို့၏သား၊ အရခဗ ဌေးမောင် (လေ၊ ငြိမ်း)-ဒေါ်မြင့်မြင့်သန်းတို့၏သားသမက်၊ ဦးခင်မောင်ဦး-ဒေါ်ခင်သန်းဝင်း၊ ဦးဇော်ခင်-ဒေါ်အေးအေးမော်တို့၏ညီ/မောင်၊ လပကြီး နေလင်းအောင် (အမှတ်-၇၄၊ ရေဒါအုပ်)-ဒေါ်စောမာလာ၊ ဦးတင့်လွင်-ဒေါ်စောယုအေး၊ လေယာဉ်မှူးကြီး နိုင်လင်းထွေး(Yangon Airways)-ဒေါ်ဇင်မမဆွေ၊ မောင်အောင်ဇော်ဝင့် (Asian Wings) - မအေးစန္ဒာဝင်း၊ ဦးဝင်းဇော်-ဒေါ်ခင်ခင်ဝင်း၊ ဦးဇော်ထွေး-ဒေါ်သီတာထွေး၊ ကိုကျော်လင်းထွန်းတို့၏အစ်ကို၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၊ လေးခန်းတွဲ၊ တိုက် ၁၊ အခန်း ၄နေ ဒေါ်စောလှဲ့ဦး၏ချစ်လှစွာသောခင်ပွန်းသည် ၂၃-၆-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် တပ်မတော်ဆေးရုံကြီး(၁/၁၀၀၀)ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံ စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၆-၂၀၁၅ရက် (တနင်္လာနေ့) နံနက်တွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၊ လေးခန်းတွဲ၊တိုက် ၁၊ အခန်း ၄ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ရေတွင်း၊ဇရပ်၊ပိဋကတ်သုံးပုံဒါယိကာမကြီး**
## ဒေါ်အေးအေးမြင့်(အုတ်ဖို) အသက်(၈၄)နှစ်
**ကုန်သွယ်/လယ်ယာ(ငြိမ်း)**

အုတ်ဖိုမြို့နေ (ဦးမူ-ဒေါ်ငွေဇင်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးအုန်းခင်-ဒေါ်အေးတင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းကတိုးလမ်း၊အမှတ် ၅၄နေ(ဦးဝင်းဖေ၊ အထွေထွေမန်နေဂျာ၊ ဆောက်/လျှပ်၊ ကုန်သွယ်ရေး၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးသိန်းစိုးဦး-ဒေါ်ဝါဝါမြင့်၊ ဗိုလ်ကြီးရဲဝင်း(ငြိမ်း)-ဒေါ်ခင်မြင့်မြင့်ဝင်း၊ ဗိုလ်ကြီးဇော်မြင့်ဝင်း(ငြိမ်း) (ဒုတိယဌာနမှူး၊ စက်/ယာဉ်၊YCDC)-ဒေါ်ရတနာဝင်း၊ ဒေါက်တာသိန်းကျော်မိုး (ဓာတ်မှန်အထူးကုဆရာဝန်ကြီး၊ ဖျာပုံဆေးရုံကြီး)-ဒေါ်ခင်ချိုချိုဝင်းတို့၏မိခင်၊ မောင်ဘုန်းဇော်ဟိန်း၊ မောင်မြတ်သန့်ဇော်(နောက်ဆုံးနှစ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)၊ မောင်ရန်နောင်စိုး(ဒုတိယနှစ်၊ သချာ်)၊ မသီရိရဲဝင်း (စတုတ္ထနှစ်၊ IS UTYCC )၊ မမိုးမြတ်ရတနာသိန်း(တတိယနှစ်၊ အင်္ဂလိပ်စာ၊ ဒဂုံတက္ကသိုလ်)၊ မဆွေသက်လျှာဝင်း(ပထမနှစ်၊ ဆေးတက္ကသိုလ်-၂)၊ မသက်မြတ်နိုးဇော်(ပထမနှစ်၊ UIT)တို့၏အဘွားသည် ၂၃-၆-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၆-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၆-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဖေအောင် (ဒုရဲမှူး၊ ငြိမ်း)
**သာယာဝတီ**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့နေ (ဦးတင်-ဒေါ်လှမေ)တို့၏သား၊ မကွေးမြို့နေ (ဦးသန်း-ဒေါ်ကြည်)တို့၏သားသမက်၊ သာယာဝတီမြို့နေ ဒေါ်သီသီ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးသောင်းဖေ-ဒေါ်ညို)တို့၏ညီ/မောင်၊ ဦးချစ်အောင်- ဒေါ်တင်တင်တို့၏အစ်ကို၊ ဦးသိန်းထွန်းအောင်-ဒေါ်နီလာညွှန့်၊ ဦးခိုင်မျိုးအောင်၊ ဒေါ်မြသီတာအောင်၊ ဒေါ်ခင်စန္ဒာအောင် (Focus Star Co.,Ltd.)၊ ဒေါ်ခင်သန္တာအောင် (ဒုဦးစီးမှူး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ နေပြည်တော်)တို့၏ချစ်လှစွာသောဖခင်၊ မောင်ကိုကိုလပြည့်၊ မထက်ထက်အောင်တို့၏အဘိုးသည် ၂၃-၆-၂၀၁၅ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် သာယာဝတီမြို့ တောင်ကြီးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မေချစ်(ဖွားချစ်) (မိတ္ထီလာ)
**အသက်(၇၂)နှစ်**

မိတ္ထီလာမြို့၊ လင်ဇင်းရပ်နေ(ဦးအောင်မြင့်-ဒေါ်ညို)တို့၏သမီး၊ (ဦးမောင်ငွေ)၊ ဦးချစ်စိန်တို့၏ညီမ၊ ဦးသန်းထွန်း-ဒေါ်တင်တင်လှ၊ ဦးတင်စိုး-ဒေါ်လှလှအေး၊ (ဒေါ်သန်းသန်းဌေး)တို့၏အစ်မသည် ၂၂-၆-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၇း၀၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်မေချစ် (မိတ္ထီလာ)
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မင်းရဲကျော်စွာလမ်းနေ ဦးမင်းလွင်(အမရပူရ ဆောက်လုပ်ရေး)-ဒေါ်မြမြသင်း(ခ)မချိုတို့၏မိခင် ဒေါ်မေချစ်(ဖွားချစ်)သည် ၂၂-၆-၂၀၁၅ရက် (တနင်္လာနေ့) ည ၇း၀၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဉာဏ်ဝင်း၊ ဒေါ်သန်းနွဲ့**
**မိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးစိုင်းမြင့်အေး အသက်(၆၇)နှစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ဗဟိုကော်မတီဝင်၊ လားရှိုးမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြင့်အေးသည် ၁၈-၆-၂၀၁၅ရက် (ကြာသပတေးနေ့)နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**စိုင်းသန်းထွန်းလေး(ခ)အိုက်ပီး-ဒေါ်နီလာဟန်(ကျိုင်းတုံ)**

---

## ဦးအောင်ကြင်
**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ ဆေးရုံကြီးဝင်းနေ ဦးစိန်မြိုင်-(ဒေါ်ကြင်)တို့၏သား၊ (ဦးလှရွှေ)-ဒေါ်ဝန်မေတို့၏သားသမက်၊ မရမ်းကုန်းမြို့နယ်၊ မဥ္ဇူလမ်း၊ အမှတ် 38 I2 နေ ဒေါ်ပြုံး၏ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းဦးသန့်၊ မမင်းမင်းသန့်တို့၏ချစ်လှစွာသောဖခင်သည် ၂၃-၆-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၆း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်စောရှင် (ထားဝယ်)
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊မလွှကုန်းဌေးကြွယ်(က)ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၃၃ (ခြောက်လွှာ)(ခ)နေ (ဦးစိန်နိုင်-ဒေါ်မြမေ)တို့၏ သမီး၊ ဦးအုန်းညွှန့်(ထားဝယ်)၏ဇနီး၊ မလွင်လွင်အုန်း၊ ကိုစိုးညွှန့်-မတိုးမာ၊(ကိုခင်မောင်အေး)-မခင်ဆန်းထွေး၊ (ကိုမျိုးညွှန့်)-မဖြူဖြူအောင်၊ ကိုအောင်သန်းဦး-မသန်းသန်းထွေးတို့၏မိခင်၊ မြေး ရစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၂-၆-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၈-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်စိန်ယုံ
**အသက်(၉၀)**

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ မိုးညိုတန်းရပ်ကွက်၊ သီရိမင်္ဂလာ ၁လမ်းနေ ဒေါ်တင်မြိုင်၊ ဒေါ်ကြည်ဝင်း၊ ဒေါ်မြင့်စန်း၊ ဦးစန်းလွင်၊ ဒေါ်ခင်ညို၊ ဦးအေးမောင်ကြည် (ကချင်ပြည်နယ် ညွှန်ကြားရေးမှူး)-ဒေါ်နန်းမြင့်သီတာ၊ ဒေါ်လှမြတ်ထွေးတို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား၊ ဦးကျော်ဟန်၏ဇနီးသည် ၂၃-၆-၂၀၁၅ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၆-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် အုတ်ဖိုမြို့၊သီရိမင်္ဂလာ ၁လမ်းနေအိမ်မှ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# (၆) ကြိမ်မြောက် ရေဝတီ - ကျောက်ဖယား - မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးဆိုင်ရာ နေပြည်တော်ကြေညာစာတမ်း ထုတ်ပြန်

စာမျက်နှာ - ၁၀

# မြန်မာစင်တာပလာဇာ(ရန်ကုန်) ပထမအဆင့်ပြီးစီးခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာစင်တာပလာဇာ(ရန်ကုန်)ပထမအဆင့်ပြီးစီးခြင်းဖွင့်ပွဲ၊ BIDV မြန်မာငွေကြေးအဖွဲ့ကုမ္ပဏီနှင့် BIDV အာမခံကော်ပိုရေးရှင်းကိုယ်စားလှယ်ရုံးဖွင့်လှစ်ခြင်းနှင့် မြန်မာနိုင်ငံ ကမ္ဘောဇဘဏ်နှင့် ဗီယက်နမ်နိုင်ငံ BIDV ဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားများသို့ တက်ရောက်ချီးမြှင့်သည်။



မြန်မာစင်တာပလာဇာ(ရန်ကုန်) ပထမအဆင့်ပြီးစီးမှုကို တွေ့ရစဉ်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာဝင်းမြင့်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ BIDV ဥက္ကဋ္ဌ၊ HAGL Myanmar Co.,Ltd. ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ BIDV ဥက္ကဋ္ဌ Mr.Tran Bac Haနှင့် HAGL Myanmar Co.,Ltd. ဥက္ကဋ္ဌ Mr. Doan Nguyen Duc နှင့် တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် Myanmar Center Plaza

စာမျက်နှာ ၈ ကော်လံ ၁ ❑

## ကာ့ဒ်တပ်ဖွဲ့ဝင်များ အိုင်အက်စ် အခြေစိုက်စခန်းကို သိမ်းပိုက်

စာမျက်နှာ-၄

## ရဲအယောင်ဆောင်ပြီး ပစ္စည်းလုယက်သူ လေးဦးအနက် နှစ်ဦး ဖမ်းဆီးရမိ

စာမျက်နှာ-၁၄

## အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲဝင်ရန် မသန်စွမ်းရေကူးအားကစားသမားများ လေ့ကျင့်

ရန်ကုန် ဇွန် ၂၃

စင်ကာပူနိုင်ငံတွင် ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည့် (၈)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ မသန်စွမ်း ရေကူးအားကစားသမားများမှာလည်း အပြင်းအထန် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ◆






မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

